# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၇၈ ခုနှစ်၊ တပို့တွဲလကွယ်နေ့ | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်၊ စနေနေ့ | အတွဲ (၅၆)၊ အမှတ် (၁၄၈)


## နိုင်ငံတော်သမ္မတဦးထင်ကျော် ဆွီဒင်နိုင်ငံလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

စာမျက်နှာ-၃



## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အသင်းဥက္ကဋ္ဌနှင့် ဆွီဒင်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌတို့အား လက်ခံတွေ့ဆုံ

စာမျက်နှာ-၄



## သေနတ်သမားဖမ်းဆီးရမိရေးအတွက် ရဲရင့်သောပြည်သူတစ်ဦးအနေဖြင့် ကြိုးပမ်းအားထုတ်ရင်း အသက်ဆုံးရှုံးခဲ့သော ဦးနေဝင်းအား ဇန်နဝါရီလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံသူ နိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ လူမှုအသင်းအဖွဲ့များမှ လစဉ်ချီးကျူးဂုဏ်ပြုထိုက်သူများကိုရွေးချယ်၍ "ပြည်သူသို့ကျေးဇူးတင်လွှာ" ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ဇန်နဝါရီ ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဧရိယာအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဥပဒေအကြံပေးဖြစ်သူ တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်သမားကြည်လင်းက လုပ်ကြံသတ်ဖြတ်မှုဖြစ်စဉ်တွင် သေနတ်သမားအား ဖမ်းဆီးရမိရေးအတွက် မိမိအသက်ကိုပဓာနမထားဘဲ စွမ်းစွမ်းတမံဆောင်ရွက်ပေးခဲ့သည့် ဦးနေဝင်းကို ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ်ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ဖေဖော်ဝါရီ ၂၃ ရက်စွဲဖြင့် ထုတ်ပြန်ထားသည်။**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**ပြည်သူသို့ကျေးဇူးတင်လွှာ**
**၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်**
**(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)**

၁။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် အဓိကလိုအပ်ချက်မှာ တိုင်းရင်းသားပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုနှင့် ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုပင် ဖြစ်ပါသည်။ လုံခြုံအေးချမ်းတည်ငြိမ်သောလူ့ဘောင်ကို တည်ဆောက်နိုင်ရေးတွင် နိုင်ငံတော်အစိုးရ၊ လုံခြုံရေးအဖွဲ့အစည်းများသာမက အများပြည်သူပူးပေါင်းပါဝင်မှုတို့လည်း လိုအပ်မည်ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးသည် ရေရှည်တည်ဆောက်ကြိုးပမ်းရလေ့ရှိသောလုပ်ငန်းစဉ်တစ်ခုဖြစ်ရာ ရာဇဝတ်မှုများ လျော့နည်းကျဆင်းရေးနှင့် ပြည်သူများ၏ စာရိတ္တမဏ္ဍိုင်မြှင့်တင်ရေးကို ဒွန်တွဲဆောင်ရွက်သွားနိုင်ရန် အရေးကြီးလှပါသည်။ ဤသို့သောအချိန်အခါတွင် အများအကျိုးအတွက်၊ လုံခြုံအေးချမ်းတည်ငြိမ်သော လူ့ဘောင်တည်ဆောက်ရေးအတွက် ပြည်သူထဲမှ ပြည်သူတို့၏ စွန့်လွှတ်မှု၊ ရဲရင့်မှု၊ အနစ်နာခံမှုတို့သည် တန်ဖိုးမဖြတ်နိုင်သော လူမှုရေးရာ မီးရှူးတန်ဆောင်များဟု ဆိုနိုင်ပါသည်။

၂။ ၂၀၁၇ ခုနှစ်ဇန်နဝါရီလ ၂၉ ရက်နေ့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဧရိယာအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊

*စာမျက်နှာ ၄ ကော်လံ ၁* ✻

## ၂၀၂၀ ပြည့်နှစ်တွင် ဝက်သက်ရောဂါကင်းစင်သော နိုင်ငံအဖြစ် ဆောင်ရွက်သွားမည်

**တွေ့ဆုံမေးမြန်း၊ သူရဇော်၊ သန္တာအောင်(သတင်းစဉ်)**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း၊ တုံ့ပြန်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အနက် လတ်တလောဝက်သက်ရောဂါဖြစ်ပွားမှု အခြေအနေအား တုံ့ပြန်ဆောင်ရွက်နေမှုကို ပြည်သူများသိရှိနိုင်ရန် တာဝန်ရှိသူများနှင့် မြန်မာ့သတင်းစဉ်က သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည် -

**ဒေါက်တာသန်းထွန်းအောင်**
**ဒုတိယညွှန်ကြားရေးမှူးချုပ် (သဘာဝဘေး/ကူးစက်)**

**မေး။ အခုလက်ရှိ ဝက်သက်ရောဂါဖြစ်ပွားမှုအခြေအနေနဲ့ တုံ့ပြန်ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းပြောပြပေးပါ ဆရာ။**

ဖြေ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ တုံ့ပြန်ခြင်းလုပ်ငန်းတွေကို ဦးစားပေးဆောင်ရွက်လျက်ရှိရာမှာ ဝက်သက်ရောဂါ ဖြစ်ပွားမှုများကို စောစီးစွာသိရှိပြီး တုံ့ပြန်ဆောင်ရွက်နိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ❐






# မြန်မာ့စီးပွားရေးလုပ်ငန်း စစ်တမ်း(၂၀၁၅)

ဗဟိုစာရင်းအင်းအဖွဲ့ (CSO) နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ ပူးပေါင်းလျက် မြန်မာ့စီးပွားရေးလုပ်ငန်းစစ်တမ်း (၂၀၁၅) ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ကြောင်း သိရှိရပါသည်။ မြန်မာ့စီးပွားရေးလုပ်ငန်းစစ်တမ်း (၂၀၁၅) ၏ ရည်ရွယ်ချက်များမှာ မြန်မာနိုင်ငံ၏ပုဂ္ဂလိကကဏ္ဍနှင့်သက်ဆိုင်သော စီးပွားရေးစာရင်းအင်းများကို ပြည့်စုံစွာ ပံ့ပိုးပေးနိုင်ရန်၊ အစိုးရမူဝါဒချမှတ်သူများနှင့် အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများအားလုံးကို သတင်းအချက်အလက်များ ပံ့ပိုးပေးနိုင်ရန်နှင့် အမျိုးသားစာရင်းအင်းတွက်ချက်ရာတွင် အဓိကကျသောအချက်အလက်ရင်းမြစ်တစ်ခုရရှိစေရန်တို့ ဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာ့စီးပွားရေးလုပ်ငန်းစစ်တမ်း(၂၀၁၅) သည် တိုင်းပြည်၏ အမျိုးသားရေးလိုအပ်ချက်ကိုဖြည့်ဆည်းရန် ရည်ရွယ်ဆောင်ရွက်ထားသည်မှာ ထင်ရှားပါသည်။

စာရင်းအင်းအချက်အလက်တို့သည် တိုင်းပြည်၏ပကတိအခြေအနေမှန်ကို မီးမောင်းထိုးတင်ပြနိုင်စွမ်းရှိသကဲ့သို့ နိုင်ငံတော်၏မူဝါဒများကို ချမှတ်ရာတွင် လည်းကောင်း၊ တိုင်းပြည်၏ အားနည်းချက်တို့ ဖော်ထုတ်ရာတွင် လည်းကောင်း များစွာအသုံးဝင်ပါသည်။ အာရှပစိဖိတ်ဒေသ၏ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၌ပင် လူ ၁၀၀၀ လျှင် စီးပွားရေးလုပ်ကိုင်သူအရေအတွက်သည် ကိုးရာခိုင်နှုန်းအထိ ရှိပါသည်။ သို့သော် မြန်မာနိုင်ငံ၌ အဆိုပါကိန်းဂဏန်းသည် ၂ ဒသမ ၄၆ ရာခိုင်နှုန်းသာ ရှိပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ စီးပွားရေးလုပ်ကိုင်မှုသည် အာရှပစိဖိတ်ဒေသ၏ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ ပျမ်းမျှစီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု၏ သုံးပုံတစ်ပုံခန့်သာရှိပါသည်။ ဤအချက်က မြန်မာနိုင်ငံ၌ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် များစွာလိုအပ်နေသည်ကို ရှင်းရှင်းလင်းလင်းဖော်ပြနေပါသည်။

မြန်မာ့စီးပွားရေးလုပ်ငန်းစစ်တမ်း (၂၀၁၅)၏ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီးပွားရေးလုပ်ငန်းများပျံ့နှံ့တည်ရှိပုံကို လေ့လာပါက တိုင်းပြည်၏ လိုအပ်ချက်တစ်ရပ်အား ညွှန်ပြနေသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၌ စီးပွားရေးလုပ်ငန်းအရေအတွက် ၂၃၀၀၀ ခန့်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာ၏ ၁၈ ရာခိုင်နှုန်းရှိပါသည်။ မန္တလေးတိုင်းဒေသကြီး၌ စီးပွားရေးလုပ်ငန်းအရေအတွက် ၁၉၀၀၀ ခန့်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာ၏ ၁၅ ရာခိုင်နှုန်းရှိပါသည်။ သို့သော် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့၌ စီးပွားရေးလုပ်ငန်းအရေအတွက်မှာ ၁၀၀၀ နှင့် ၂၀၀၀ ကြားသာ ရှိပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့အပါအဝင် ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ စီးပွားရေးလုပ်ငန်းအရေအတွက်သည် ၁၀၀၀၀ ဝန်းကျင်ခန့်ရှိပါသည်။

တင်ပြလိုသည်မှာ နိုင်ငံတော်၏ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၌ စီးပွားရေးဖွံ့ဖြိုးမှုအဆင့်အတန်းကွာဟချက် ကြီးမားနေခြင်း ဖြစ်ပါသည်။ အထက်ဖော်ပြပါအချက်အလက်များကို လေ့လာရုံမျှဖြင့် မြန်မာ့စီးပွားရေးလုပ်ငန်းစစ်တမ်း (၂၀၁၅) သည် တိုင်းပြည်အတွက် မည်မျှအသုံးဝင်သည်မှာ ပေါ်လွင်ထင်ရှားနေသည်။ သို့ဖြစ်၍ မြန်မာ့စီးပွားရေးလုပ်ငန်းစစ်တမ်း(၂၀၁၅) ကို ဝမ်းမြောက်ဝမ်းသာစွာ ကြိုဆိုကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဆွီဒင်နိုင်ငံ Riksdag လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Urban Ahlin ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီအဖွဲ့ဝင် ဒေါ်ဝင့်ဝါထွန်း၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီအဖွဲ့ဝင် ဒေါ်ယဉ်မင်းလှိုင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဦးနေလင်းထွန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံ သံအမတ်ကြီး H.E. Mr. Staffan Herrstrom တက်ရောက်သည်။

ထိုသို့တွေ့ဆုံစဉ် ဆွီဒင် - မြန်မာ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်၏ဥပဒေပြုရေးနှင့် ဥပဒေရေးရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် လွှတ်တော်အဆောက်အအုံ၊ ထမင်းစားခန်းမဆောင်၌ ဧည့်သည်တော် ဆွီဒင်နိုင်ငံ Riksdag လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံရာ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မတီအဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

နေ့လယ်စာစားပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဧည့်သည်တော် ဆွီဒင်နိုင်ငံ Riksdag လွှတ်တော်ဥက္ကဋ္ဌ က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။ **(သတင်းစဉ်)**



## သီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ် ခွဲစိတ်ကုသ

**ညောင်လေးပင် ဖေဖော်ဝါရီ ၂၄**

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာ ဉာဏိဿရ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ (D.Litt)(Ph.D) တွဲဖက်ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး၏ညွှန်ကြားမှုဖြင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ သီတဂူစက္ခုဒါနဆေးရုံတော်ကြီး၌ ပထမအကြိမ်အဖြစ် မျက်စိဝေဒနာရှင် ရဟန်းရှင်လူ ၂၀၀၀ ကို အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

မျက်စိရောဂါများကုသပေးရာတွင် သီတဂူသာသနာပြုအဖွဲ့ အောက်မြန်မာပြည် သီတဂူဆေးရုံတော်များ၏ အမှုဆောင်(ဥက္ကဋ္ဌ) မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာမြအောင် ဦးဆောင်၍ မျက်စိအထူးကုဆရာဝန်ကြီးများဖြစ်ကြသော ဒေါက်တာ ဦးသိန်းမြင့်၊ ဒေါက်တာ စဂျေလွင်၊ ဒေါက်တာ ဒေါ်မိမိခင်၊ ဒေါက်တာ ဒေါ်ခင်အုန်းဟန်၊ ဒေါက်တာ ဒေါ်ခင်အေးမူနှင့် မျက်စိအထူးကုဆရာဝန်ကြီးများ၊ အထောက်အကူပြုအဖွဲ့များ၊ ဒေသခံဆရာဝန်များနှင့်ကျန်းမာရေးဝန်ထမ်းများ၊ အလှူရှင်များ၊ သီတဂူစက္ခုဒါနဆေးရုံတော်ဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူများပူးပေါင်း၍ ဖေဖော်ဝါရီ ၁၆ ရက် ညနေပိုင်းကစတင်ကာ ဖေဖော်ဝါရီ ၂၂ ရက်အထိ မျက်စိရောဂါများကို စမ်းသပ်ခွဲစိတ် ကုသပေးခဲ့သည်။

ဆေးရုံတော်ကြီးကို ဖေဖော်ဝါရီ ၁၉ ရက်က ရေစက်ချတရားတော်နာ အခမ်းအနားနှင့် ဖွင့်ပွဲအခမ်းအနားကို သီတဂူဆရာတော်ကြီးက ကျင်းပပေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ကြိုသင်တန်းများအတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄** ရလဒ်အခြေပြု သင်ရိုးညွှန်းတမ်းသို့ ရှေးရှုခြင်းအလုပ်ရုံဆွေးနွေးပွဲ (Towards outcome-based curriculum for B.D.S. Course) ကို ဖေဖော်ဝါရီ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၌ ကျင်းပသည်။

သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ကြိုသင်တန်းများအတွက်ကျင်းပသော အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲသို့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်နှင့် မန္တလေးတို့မှ ဆရာ ဆရာမ ၃၁ ဦးတက်ရောက်ကြပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးနှင့် နီးနွယ်တက္ကသိုလ်များမှ တာဝန်ရှိသူများက ဟောပြောပို့ချခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၄-၂-၂၀၁၇ ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၁၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၁၅/၇၂၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၂၅/၇၃၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၆၀/၇၇၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၃၀/၇၄၅ ကျပ် | (လက်ကားဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ . ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၃ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၈ . ၇ |
| ထိုင်း | တစ်ဘတ် | ၃၈ . ၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၃ |
| တရုတ် | တစ်ယွမ် | ၁၉၇ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅ . ၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဆွီဒင်နိုင်ငံလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**


နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဆွီဒင်နိုင်ငံ Riksdag လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Urban Ahlin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ပိုမိုတိုးမြှင့်ရေး၊ ဆွီဒင်နိုင်ငံနှင့် မြန်မာနိုင်ငံ သတ္တု၊ သစ်တောကဏ္ဍ အပါအဝင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဆွီဒင်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီနိုင်ငံတည်ဆောက်မှုကို ထောက်ခံအားပေးကြောင်းနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကူညီပံ့ပိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဆွီဒင်နိုင်ငံ Riksdag လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Urban Ahlin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

# မြန်မာနိုင်ငံ၏ လူနေမှုဘဝနှင့် လယ်ယာ၊ သားငါးကဏ္ဍတိုးတက်ဖွံ့ဖြိုးရေး ဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဂျပန်နိုင်ငံ International Friendship Exchange Council-FEC အဖွဲ့၏ ဂျပန်-အာဆီယံ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာဖလှယ်မှုကော်မတီဥက္ကဋ္ဌ မစ္စတာ နိုရီအို ယာမာဂူချိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လူနေမှုဘဝနှင့် လယ်ယာ၊ သားငါးကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးကဏ္ဍတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးပြီး ရေရှည်တည်တံ့ခိုင်မြဲရေးတို့၌ ဂျပန်နိုင်ငံမှ ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဂျပန်နိုင်ငံ International Friendship Exchange Council-FEC အဖွဲ့၏ ဂျပန်-အာဆီယံ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာဖလှယ်မှုကော်မတီဥက္ကဋ္ဌ မစ္စတာ နိုရီအို ယာမာဂူချိတို့ တွေ့ဆုံဆွေးနွေးစဉ်**

# နော်ဝေနိုင်ငံ ကမ္ဘာလုံးဆိုင်ရာ မျိုးစေ့ဘဏ်တွင် မြန်မာနိုင်ငံမှ သစ်ခွမျိုးစေ့များ ထိန်းသိမ်းထားရှိရန် အပ်နှံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက်က နော်ဝေနိုင်ငံ ရာသီဥတုနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီး H.E. Mr. Vidar Helgesen နှင့် နော်ဝေနိုင်ငံ မြို့တော် အော်စလိုမြို့၌တွေ့ဆုံ၍ သစ်တောသယံဇာတများ ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိရေးဆိုင်ရာ နော်ဝေ-မြန်မာနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများ အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် ဖေဖော်ဝါရီ ၂၂ ရက်တွင် နော်ဝေနိုင်ငံ စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာဝန်ကြီး H.E. Mr. Jon George Dale နှင့် တာဝန်ရှိသူများအားတွေ့ဆုံပြီး Svalbard ရှိ ကမ္ဘာလုံးဆိုင်ရာ မျိုးစေ့ဘဏ် (Svalbard Global Seed Vault) တွင် မြန်မာနိုင်ငံမှ သဘာဝသစ်ခွမျိုးစိတ် ၂၇၀ ကျော်၏ မျိုးစေ့များ အပ်နှံထားရှိသည့် အထိမ်းအမှတ်အခမ်းအနား တက်ရောက်ခဲ့သည်။

နော်ဝေနိုင်ငံ Svalbard ဒေသတွင် ကမ္ဘာလုံးဆိုင်ရာ မျိုးစေ့ဘဏ်ကို တည်ထောင်ထားပြီး ကမ္ဘာတစ်ဝန်းစိုက်ပျိုးသီးနှံပင်မျိုးစိတ်များ၏ မျိုးစေ့များကို စုဆောင်း၍ သိပ္ပံနည်းကျ ထိန်းသိမ်းသိုလှောင်ထားရှိပြီး အပင်မျိုးစိတ်များ အကြောင်းကြောင်းကြောင့် မျိုးသုဉ်းပျောက်ကွယ်သွားမည့် အန္တရာယ်မှ တားဆီးကာကွယ်သည့် အစီအစဉ်ကို အကောင်အထည်ဖော်လျက်ရှိသည်။


**ထိန်းသိမ်းသိုလှောင်ထား**

အဆိုပါ မျိုးစေ့ဘဏ်ကို နော်ဝေနိုင်ငံ မြောက်ဝင်ရိုးစွန်းဒေသ Svalbard (စပါးဘတ်)ဒေသ ဆီးနှင်းများ အမြဲဖုံးလွှမ်းလျက်ရှိသော တောင်တန်း (Permafrost Mountain) အတွင်း တည်ဆောက်ထားပြီး အပူချိန် အနုတ် (၁၈)ဒီဂရီဆဲလ်စီးယပ်တွင် မျိုးဗီဇနှင့် မျိုးစေ့များကို စနစ်တကျ သိုလှောင်ထိန်းသိမ်းထားခြင်းဖြစ်သည်။ ယင်းမျိုးစေ့ဘဏ်ကို ၂၀၀၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလကုန်အထိ ကမ္ဘာ့စိုက်ပျိုးသီးနှံအားလုံး၏ သုံးပုံတစ်ပုံဖြစ်သော စိုက်ပျိုးသီးနှံ မျိုးစိတ်/မျိုးကွဲ ၈၃၃၉၂၆ မျိုးကို ထိန်းသိမ်းသိုလှောင်ထားပြီးဖြစ်သည်။

စိုက်ပျိုးသီးနှံမျိုးစိတ်များအပြင် သဘာဝသစ်ခွမျိုးစိတ်များ၏ မျိုးစေ့များကို Svalbard ရှိ ကမ္ဘာလုံးဆိုင်ရာ မျိုးစေ့ဘဏ်တွင် ထိန်းသိမ်းသိုလှောင်ထားရှိခြင်းမှာ မြန်မာနိုင်ငံက ပထမဆုံးဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက်တွင် Elverum မြို့ရှိ နော်ဝေသစ်တောပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြသည်။

**(သတင်းစဉ်)**



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌနှင့် ဆွီဒင်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌတို့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ Mr. Mikhail A. Dmitriev ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ ဆွီဒင်နိုင်ငံ Riksdag လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Urban Ahlin အား မွန်းလွဲ ၃ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အသင်းဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ဆွီဒင်နိုင်ငံ Riksdag လွှတ်တော်ဥက္ကဋ္ဌနှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များ၊ မြန်မာ-ဆွီဒင် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ Mr. Mikhail A. Dmitriev ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

*✱ ရှေ့ဖုံးမှ*

ပြည်ထောင်စုဝန်ကြီးဦးဖေမြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ အင်ဒိုနီးရှားနိုင်ငံခရီးစဉ်အပြန်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ဥပဒေအကြံပေးဖြစ်သူ တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်သမားကြည်လင်းက သေနတ်ဖြင့် အနီးကပ်လုပ်ကြံသတ်ဖြတ်မှုဖြစ်ပွားခဲ့ပါသည်။

၃။ လုပ်ကြံသတ်ဖြတ်ပြီးနောက် ထွက်ပြေးသွားသည့် လူသတ်သမားအား လေဆိပ်အငှားယာဉ်ရပ်နားစခန်းအတွင်းရှိ အငှားယာဉ်မောင်းများနှင့် တာဝန်သိပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ကြပါသည်။ ထိုသို့ဖမ်းဆီးရာ သေနတ်ကိုင်ဆောင်ထားသည့် လူသတ်သမားအနီးသို့ အများစုက မချဉ်းကပ်ရဲသည့်အချိန်တွင် ဦးနေဝင်းသည် ရဲရဲရင့်ရင့်သတ္တိရှိစွာဖြင့် မိမိအသက်အန္တရာယ်ကိုမငဲ့ကွက်ဘဲ၊ အတူဝင်ရောက် ဖမ်းဆီးသူများ၏အော်ဟစ်သတိပေးနေသည့်ကြားမှ အနီးရှိအုတ်နီခဲအား ကောက်ယူ၍ လူသတ်သမားအားပစ်ပေါက်ခဲ့ရာ လူသတ်သမား၏ ဦးခေါင်းနောက်စေ့ကို ထိမှန်ခဲ့ပါသည်။ အခြားသော ဝိုင်းဝန်းဖမ်းဆီးကြသူများမှာလည်း ဦးနေဝင်း၏ သတ္တိရှိရှိဆောင်ရွက်မှုကြောင့် ပိုမို၍တက်ကြွလာခဲ့ပြီး သေနတ်သမားကြည်လင်းအား လက်ရဖမ်းဆီးနိုင်ရန်အားထုတ်ကြိုးပမ်းနိုင်ခဲ့ကြပါသည်။ သေနတ်သမားကြည်လင်း၏ သေနတ်ဖြင့်နောက်ပြန်လှည့်၍ ပြန်လည်ပစ်ခတ်မှုကြောင့် ဦးနေဝင်း၏ ဆီးခုံအား ထိမှန်သွားခဲ့ရာ ဆေးရုံသို့အချိန်မီပို့ဆောင်ခဲ့သော်လည်း ဆေးရုံသို့ မရောက်မီ လမ်းခရီး၌ပင် ရရှိသည့်ဒဏ်ရာကြောင့် သေဆုံးခဲ့ရပါသည်။

၄။ ဦးနေဝင်း၏ဆောင်ရွက်ချက်သည် မိမိအသက်ကိုပဓာနမထားဘဲ မိမိမျက်စိရှေ့မှောက်တွင်မြင်တွေ့လိုက်ရသည့် အခြေအနေအပေါ် ချက်ချင်းစဉ်းစားဆုံးဖြတ်ကာ ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး အကြမ်းဖက်လုပ်ကြံသတ်ဖြတ်သည့်လုပ်ရပ်များအား ပြည်သူများက ဆန့်ကျင်လာစေရန်နှိုးဆော်နိုင်ခဲ့သော လုပ်ဆောင်ချက်ဖြစ်ပါသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကြိုးပမ်းအားထုတ်မှုတွင် ဦးနေဝင်း၏ အသက်ကိုပေးဆပ်ခဲ့ရမှုကို အစဉ်အမြဲ သတိရနေမည်ဖြစ်ပြီး ပြည်သူများအကြား ရန်လိုမုန်းတီးမှုများ လျော့နည်းကျဆင်းရေး၊ အကြမ်းဖက်မှုများဆန့်ကျင်ရေးအတွက်လည်း ကြီးမားသော တွန်းအားပေးမှု တစ်ရပ်ဖြစ်လာစေခဲ့ပါသည်။

၅။ သို့ဖြစ်၍ မိမိ၏အသက်ဘေးအန္တရာယ်ကို မငဲ့ကွက်ဘဲ သေနတ်သမားအား ဖမ်းဆီးရမိရေးအတွက် ရဲရင့်သောပြည်သူတစ်ဦးအနေဖြင့် ကြိုးပမ်းအားထုတ်ရင်း အသက်ဆုံးရှုံးခဲ့သော ဦးနေဝင်းအား ယခုနှစ်ဇန်နဝါရီလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

၆။ နိုင်ငံသူ နိုင်ငံသားများအနေဖြင့်လည်း ဦးနေဝင်းကဲ့သို့ပင် ရဲရင့်ခြင်း၊ စွန့်လွှတ်ခြင်း၊ တာဝန်သိခြင်းတို့ပြည့်စုံသော ပြည်သူတစ်ယောက်အနေဖြင့် မြင့်မြတ်သော လုပ်ဆောင်ချက်၊ မတရားမှုကိုဆန့်ကျင်မှုတို့ဖြင့် နိုင်ငံသားကောင်းစိတ်ဓာတ်အရင်းခံ၍ အနာဂတ်နိုင်ငံ တည်ဆောက်ရေးတွင် ပူးပေါင်းပါဝင်ကူညီပေးကြခြင်းဖြင့် အေးချမ်းတည်ငြိမ်လုံခြုံသော လူ့အဖွဲ့အစည်းကို တည်ဆောက်ပေးကြပါရန် မေတ္တာရပ်ခံလျက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

# လူတစ်ယောက်ဟာမွေးဖွားပြီးချိန်မှစလို့ သေဆုံးတဲ့အချိန်ထိ စိတ္တသုခ၊ ခန္ဓသုခပြည့်စုံဖို့ဆိုတာ ငြိမ်းချမ်းရေးဟာ အရေးကြီးပါတယ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

“လူတစ်ယောက်ဟာမွေးဖွားပြီးချိန်မှစလို့ သေဆုံးတဲ့အချိန်ထိ စိတ္တသုခ၊ ခန္ဓသုခ ပြည့်စုံဖို့ဆိုတာ ငြိမ်းချမ်းရေးဟာ အရေးကြီးပါတယ်လို့” ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ကျင်းပသည့် ပထမအကြိမ်အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်တွင် ပြောကြားခဲ့သည်။

ထို့ပြင် ဒေါက်တာတင်မျိုးဝင်းက“ငြိမ်းချမ်းရေးနဲ့ တစ်ဆက်တည်း နောက်ကတွဲပါလာတာ လူမှုအဖွဲ့အစည်းအလိုက်၊ ဒေသအလိုက်၊ လူမျိုးအလိုက်၊ နောက်ဆုံး တိုင်းပြည်အထိ ဖွံ့ဖြိုးတိုးတက်မှုဆိုတာပါ တွဲပါလာတာဖြစ်ပါတယ်။

“အခြေခံဖြစ်တဲ့ ငြိမ်းချမ်းရေးကိုသွားတဲ့အခါ သက်ဆိုင်ရာအဖွဲ့အစည်းများသာမက ဒုတိယပိုင်းတည်ဆောက်ရမယ့် အရပ်ဘက်အဖွဲ့အစည်းတွေအနေနဲ့ အခုလို စိတ်ပါလက်ပါ ဝိုင်းဝန်းဆောင်ရွက်ကြမယ်ဆိုရင် အားလုံးရည်မှန်းချက်ဖြစ်တဲ့ ငြိမ်းချမ်းရေး၊ ဒေသဆိုင်ရာဖွံ့ဖြိုးရေး၊ လူမျိုးအလိုက်ဖွံ့ဖြိုးရေး၊ တိုင်းပြည်ဖွံ့ဖြိုးရေးစတာတွေဟာ အမြန်ဆုံးအကောင်အထည်ပေါ်လာမယ်လို့ ယုံကြည်ပါတယ်။




“ငြိမ်းချမ်းရေးဖြစ်စဉ်သွားတဲ့တစ်ပြိုင်တည်းမှာပဲ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေရဲ့ အရေးပါမှု၊ အရေးကြီးမှု၊ အထူးသဖြင့် ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံတဲ့ အသံတွေ၊ ပြဿနာတွေကိုကြားဖို့အတွက် နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်ကတော့ နိုင်ငံရေးဖိုရမ်လိုမျိုးသွားဖို့လိုအပ်တယ်လို့ အစည်းအဝေးမှာချပြထားပါတယ်”ဟု ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက “ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့ အတွက် ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ပြည်သူတွေ ပါဝင်လာမှုအားကောင်းအောင် ဆောင်ရွက်နိုင်မှသာ အခက်အခဲတွေဖြေရှင်းရာမှာ အထောက်အကူဖြစ်စေမယ်လို့ ကျွန်တော်တို့အားလုံး သဘောပေါက်လက်ခံထားပြီးဖြစ်ပါတယ်။

“ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပြည်သူတွေပါဝင်လာခြင်းဟာ ပြည်သူတွေက မိမိတို့ဘဝရပ်တည်နေထိုင်မှုနဲ့ဆိုင်တဲ့ ကိစ္စ၊ မိမိတို့ရဲ့အခွင့်အရေးနဲ့ဆိုင်တဲ့ကိစ္စတွေမှာ ကိုယ်တိုင်ပါဝင်ဆုံးဖြတ်နိုင်တဲ့ ဒီမိုကရေစီကျင့်စဉ်တွေ အားကောင်းလာအောင် ဆောင်ရွက်ခြင်းဖြစ်တာကြောင့် အလွန်အရေးကြီးကြောင်း ဖော်ပြလိုပါတယ်။

“ဒါကြောင့် ပြည်သူတွေကြားထဲက ပေါက်ဖွားလာတဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်ဆောင်ရွက်လာခြင်းဟာ ငြိမ်းချမ်းရေးနဲ့ ဆက်စပ်နေတဲ့ အစုအဖွဲ့ရဲ့ပူးပေါင်းပါဝင်မှုကို အားကောင်းလာမှာဖြစ်စေတဲ့အတွက် မတူကွဲပြားတဲ့အမြင်တွေ စုစည်းပါဝင်လာစေတဲ့အတွက်၊ တာဝန်ယူမှု တာဝန်ခံမှုတွေ မြှင့်တင်ပေးနိုင်တဲ့အတွက်၊ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်တွေကို များစွာအထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်”ဟု ပြောကြားသည်။

ယခုဖိုရမ်တွင် အရပ်ဘက်အဖွဲ့အစည်းများကိုယ်စား Morning Stars ဘဏ်ရည်မသန်စွမ်းအဖွဲ့ ဒေါ်သန်းနွယ်အောင်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းတို့က အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍအတွေ့အကြုံများအား ပြောကြားကြပြီး ဦးစောထွန်းထွန်းက ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများ၏ အကြိုဖိုရမ်ရလဒ်များကို ရှင်းလင်းတင်ပြသည်။

ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်သို့ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး ပြည်နယ်များရှိ လူမှုအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ **မျိုးဟိန်းအောင်(သတင်းစဉ်)**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရေဆိုင်ရာသတင်းအချက်အလက်ဗဟိုဌာနရုံး တည်ဆောက်မည့်မြေနေရာအား ကြည့်ရှု

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဂျပန်နိုင်ငံ Asia-Pacific Water Forum (APWF) Secretariat ရုံးမှ Secretary-General Mr. Kotaro Takemura အား ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်နိုင်ငံတွင် ပထမအကြိမ်ကျင်းပခဲ့သည့် အာရှပစိဖိတ်ရေညီလာခံနှင့် ထိုင်းနိုင်ငံတွင် ဒုတိယအကြိမ်ကျင်းပခဲ့သည့် ရေညီလာခံ အတွေ့အကြုံများ၊ ရန်ကုန်မြို့တွင် တတိယအကြိမ် အာရှပစိဖိတ်ရေညီလာခံကျင်းပရန် အဆိုပြုထားမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီအတွင်းရေးမှူး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်နှင့် ဂျပန်နိုင်ငံ Asia-Pacific Water Forum (APWF) Secretariat ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတသည် မရမ်းကုန်းမြို့နယ်ရှိ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရေဆိုင်ရာသတင်းအချက်အလက် ဗဟိုဌာနရုံးတည်ဆောက်မည့် မြေနေရာအား သွားရောက်ကြည့်ရှုသည်။

**(သတင်းစဉ်)**





**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မရမ်းကုန်းမြို့နယ်ရှိ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရေဆိုင်ရာသတင်းအချက်အလက်ဗဟိုဌာနရုံး တည်ဆောက်မည့်မြေနေရာအား သွားရောက်ကြည့်ရှုစဉ်**
(သတင်းစဉ်)

---

● *ကျောဖုံးမှ*

ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က “ မိမိတို့နိုင်ငံတွင် သီလဝါ၊ ထားဝယ်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်သုံးခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သီလဝါအထူးစီးပွားရေးဇုန်သည် ရှေ့အရောက်ဆုံးဖြစ်နေသောဇုန်ဖြစ်ပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့်ဇုန် (A) ကို ရာနှုန်းပြည့်နီးပါး အကောင်အထည်ဖော်ပြီး ပြည်ပပို့ကုန်များကို ထုတ်လုပ်တင်ပို့နေပြီဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခု ဆက်လက်၍ ဇုန် (B) ကို အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်သည့်အတွက် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများ ပိုမိုတိုးတက်လာမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများ၏ လူနေမှုဘဝမြင့်မားလာအောင်လည်း ပိုမိုဖန်တီးပေးနိုင်မည် ဖြစ်ပါကြောင်း၊ ထို့အပြင် နှစ်ပေါင်း ၆၃ နှစ်ခန့် ရှိလာပြီဖြစ်သည့် မြန်မာ-ဂျပန် နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေးအတွက် သီလဝါအထူးစီးပွားရေးဇုန်သည် အရေးပါသည့် ပြယုဂ်တစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်၊ ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Haruhiko Ando၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi Higuchi ၊ ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe နှင့် တာဝန်ရှိသူများက အမှာစကားများပြောကြားကြပြီး သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းတွင် ပူးပေါင်းပါဝင်ခဲ့ကြသောဒေသခံများအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ကြသည်။



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(ခ) စီမံကိန်းတည်ဆောက်မှုစတင်ခြင်းအခမ်းအနား အထိမ်းအမှတ်သစ်ပင် စိုက်ပျိုးပေးစဉ်**

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(ခ)စီမံကိန်းတည်ဆောက်မှု စတင်ခြင်းအခမ်းအနားကို သတ်မှတ်နေရာ၌ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(ခ) စီမံကိန်းတည်ဆောက်မှု စတင်ခြင်းအခမ်းအနား အထိမ်းအမှတ် သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

ယခု တိုးချဲ့လိုက်သည့် သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(ခ) စီမံကိန်း ပထမအဆင့်သည် ၁၀၁ ဟက်တာ (ဧက ၂၅၀) ရှိပြီး ၂၀၁၈ နှစ်လည်ပိုင်းတွင် ဆောက်လုပ်မှုပြီးစီးရန် မျှော်မှန်းထားကာ အချို့မြေနေရာများကိုမူ ၂၀၁၇ ခုနှစ် နှောင်းပိုင်းခန့်တွင် ရင်းနှီးမြှုပ်နှံမည့်သူများကို ငှားရမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့် စီမံကိန်းဖွင့်ပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်က ဖွင့်လှစ်နိုင်ခဲ့ပြီး ယခု သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(ခ)စီမံကိန်းကို ၁၉ လသာ အချိန်ယူဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံသူများအကြား စိတ်ဝင်စားမှုများပြားခဲ့သည့် သီလဝါအထူးစီးပွားရေးဇုန်၏ အောင်မြင်မှုကြောင့် ယခုစီမံကိန်းကို ထပ်မံတိုးချဲ့တည်ဆောက်ရခြင်းဖြစ်သည်။ သီလဝါအထူးစီးပွားရေးဇုန်ကို ၂၀၁၄ ခုနှစ် ဇွန်လကတည်းကပင် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ကုမ္ပဏီပေါင်း ၇၈ ခုက စက်ရုံများ ကုန်ထုတ်လုပ်ခြင်းနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းများအတွက် ရွေးချယ်ခဲ့ကြရာ ယခုအခါတွင် စက်ရုံ ၂၄ ရုံစတင်လည်ပတ်လုပ်ကိုင်နေပြီဖြစ်သည်။ သီလဝါအထူး စီးပွားရေးဇုန် အပိုင်း(ခ)စီမံကိန်းတွင် လက်ရှိ ၉၅ ရာခိုင်နှုန်းအထိ ငှားရမ်းထားပြီဖြစ်ကြောင်း သိရသည်။ မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလက စတင်တည်ထောင်ခဲ့ကြောင်း သိရသည်။

လက်ရှိကာလတွင် သီလဝါအထူးစီးပွားရေးဇုန်၏ ရင်းနှီးမြှုပ်နှံမှုစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၀၅၅ သန်း ရှိပြီး ယခုအပိုင်း(ခ)စီမံကိန်းဆောက်လုပ်ပြီးစီးပါက အလုပ်အကိုင်အခွင့်အလမ်း စုစုပေါင်း ၄၀၀၀၀ ကျော် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

# ဥပဒေရေးရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် European Court of Auditors မှ Ms. Mila Strahilova ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရေး၊ ဥပဒေရေးရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး စသည့် ဦးစားပေးဆောင်ရွက်နေသည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီးနောက် EU ၏ အထောက်အပံ့ပေးရေးဆိုင်ရာ အစီအစဉ်အရ မြန်မာနိုင်ငံတွင်ဆောင်ရွက်နေသည့် My Justice Program အပါအဝင် အခြားလုပ်ငန်းစီမံချက်များသည် မြန်မာနိုင်ငံ၏ ဦးစားပေးအစီအစဉ်များနှင့်ကိုက်ညီရေး၊ EU ၏ အထောက်အပံ့များကို ထိရောက်စွာအသုံးပြုနိုင်ရေး၊ လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့်အားနည်းချက်၊ အားသာချက်များနှင့် ပိုမိုကောင်းမွန်မည့် လုပ်ငန်းစဉ်များကို ချမှတ်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူမည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (စာတည်းအဖွဲ့)*

# တံခါးများကို ဖွင့်ကြစို့

**တိုက်မောင်း**

စာပေဖတ်ရှုခြင်းသည် ဦးနှောက်ကို အားဆေးကျွေးသလို အသိဉာဏ်ပညာများ ပိုမိုမြင့်မားတိုးတက်လာစေနိုင်တယ်ဆိုတာ လူသားအားလုံးက လက်ခံလာကြပါပြီ။ လူအချို့က မွေးဖွားကြီးပြင်းရာ နေရာဒေသအလိုက် စာအုပ်စာပေနှင့် ကင်းဝေးနေတတ်ပြီး စာပေဖတ်ရှုရန် အခွင့်အရေးများ မရရှိခဲ့ကြပါဘူး။ သို့သော် အတတ်ပညာကို ရှာမှီးလိုသူတို့အဖို့ မည်မျှပင်ဝေးကွာနေစေကာမူ စာအုပ်စာပေရှိရာ နေရာဒေသသို့ မရောက်ရောက်အောင်သွားရောက်လေ့လာဆည်းပူးကြရမှာပဲ ဖြစ်ပါတယ်။

ငယ်စဉ်က ကျေးရွာဇနပုဒ်မှာ မွေးဖွားခဲ့တဲ့ စာရေးသူအဖို့ ဖခင်ဖြစ်သူ၏ အမြော်အမြင်ကြီးမှုကြောင့် ကံကောင်းထောက်မစွာနဲ့ စာအုပ်ပုံကြားမှာ ကြီးပြင်းခွင့်ရခဲ့ပါတယ်။ ဒီနေရာမှာဖခင်ဖြစ်သူရဲ့ အကြောင်းကို အနည်းငယ်လေး ပြောပါရစေ။ သူဟာ အတန်းပညာကို စနစ်တကျသင်ကြားခဲ့ရသူတစ်ယောက် မဟုတ်ပါဘူး။ ဘုန်းကြီးကျောင်းထွက်ဖြစ်ပေမယ့် မြန်မာစာလက်ရေးကို သပ်သပ်ရပ်ရပ်နဲ့ ရှင်းရှင်းလင်းလင်းရေးနိုင်သလို၊ အင်္ဂလိပ်စာအခြေခံကိုလည်း ခေတ်စနစ်အခြေအနေအရ တီးမိခေါက်မိအဆင့်တော့ ရှိခဲ့ပါတယ်။ စာရေးသူတို့ ငယ်စဉ်က စာသင်ကျောင်းတွေ အတော်များများမှာ စာလုံးကြီးကြီးနဲ့ ရေးထားတဲ့ဆောင်ပုဒ်တစ်ခုကို မှတ်မိနေပါသေးတယ်။ **အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက** ဆိုတာပါပဲ။

စာရေးသူအဖို့ကတော့ **စည်းကမ်းအစ ဖခင်ဆီက** လို့ပြောရမယ့်အကြောင်းကလေးတွေရှိနေခဲ့ပါတယ်။ ရွာမှာ လေးတန်းလောက်က မုန့်စားကျောင်းဆင်းလို့ အိမ်ကိုပြန်ရောက်တဲ့အချိန် ညက အစ်မတွေရိုက် (စပါးခြွေ)ထားတဲ့ ကောက်လှိုင်း အစည်း ၁၀၀ လောက်ကို ထမင်းမစားမီ ကောက်ရိုးပုံကို သယ်ပို့ခဲ့ရတာတွေ၊ ခုနစ်တန်းကျောင်းသားလောက်ရောက်လာတော့ ရွာနဲ့ သုံးမိုင်လောက်ဝေးတဲ့ အထက်တန်းကျောင်းကို မသွားခင် ပျိုးပေါ (စပါးစိုက်ရန် ပျိုးပင်ပေါက်များကို နုတ်ယူထားသည့် အစည်း) ၂၅ စည်းရမှ ကျောင်းကို ကမန်းကတန်းခြေကျင်သွားခဲ့ရတာတွေ၊ တစ်နေ့မှာတော့ ဆန်စက်ကနေ စပါးကြိတ်ပြန်လာပြီး ဆန်အိတ်များကို ဖခင်ဖြစ်သူက အိမ်ပေါ်ကို ထမ်းတင်ပြီးတဲ့အခါ နွားလှည်းအောက်မှာ ဖိတ်စဉ်ကျနေတဲ့ ဆန်စေ့များကိုတစ်စေ့မကျန် ပြန်ကောက်ခိုင်းခဲ့တာတွေ၊ နောက်ပြီး အိမ်မှာရှိတဲ့ တောင်း၊ ဖျာစတဲ့ အသုံးအဆောင်တွေကို ပျက်စီးသွားတဲ့အခါ ပြုပြင်ဖာထေးလို့ရသမျှ နောက်ဆုံးအခြေအနေအထိ ပြုပြင်သုံးစွဲခဲ့တာတွေကအစ ဖခင်ဖြစ်သူထံမှ စည်းစနစ်ကျနမှုများကို ငယ်စဉ်အရွယ်မှာ မျက်မြင်လက်တွေ့ သင်ယူခဲ့ရပါတယ်။ ပညာနှင့် စည်းကမ်းကိုကျောင်းစာအုပ်များ၊ စာသင်ကျောင်းများမှသာ သင်ယူလို့ရတာ မဟုတ်ဘဲ မိမိတို့ပတ်ဝန်းကျင်ရှိ မိဘများ၊ ညီအစ်ကိုမောင်နှမများထံမှလည်း ကောင်းမွန်သည့် အလေ့အထနှင့် စံနမူနာယူသင့်သည့် အကျင့်စရိုက်များကို အတုယူလိုက်နာလုပ်ဆောင်နိုင်ပါကြောင်း ပြောလိုရင်းဖြစ်ပါတယ်။

မှတ်မိပါသေးတယ်။ ရှစ်တန်းကျောင်းသားလောက်တုန်းက ကျောင်းမှာ မူးယစ်ဆေးဝါးနဲ့ ပတ်သက်လို့ ကဗျာပြိုင်ပွဲရှိတဲ့အခါ ကျောင်းကအပြန် အိမ်အရောက် ဖခင်ဖြစ်သူရဲ့ စာအုပ်ပုံကို မွှေနှောက်ရာက အစပြုလို့ ပြင်ပစာပေတွေနဲ့စတင်ထိတွေ့ခွင့်ရခဲ့ပါတယ်။ ဒီနေရာမှာပြောလိုတာက ဒီနေ့ခေတ် ကျောင်းသားလူငယ်များဟာ များသောအားဖြင့် ကျောင်းကစာတွေနဲ့ လုံးချာလိုက်နေသလို ကျောင်းကအပြန် ကျူရှင်ကိုပြေးလိုက်နဲ့ ပြဋ္ဌာန်းထားတဲ့ ကျောင်းစာအုပ်ထဲကစာကလွဲရင် ပြင်ပစာပေတွေကို ဖတ်ရှုလေ့လာဖို့ အချိန်မရဖြစ်နေတာကို မြင်တွေ့နေရပါတယ်။

ဒီကနေ့ ကျောင်းသားလူငယ်တွေရဲ့ အရွယ်အလိုက် တွေးခေါ်မြော်မြင်လိုစိတ်၊ လေ့လာစူးစမ်းလိုစိတ်၊ အသစ်တီထွင်ဖန်တီးလိုစိတ်တွေကို ဘောင်ခတ်မထားသင့်တော့ပါဘူး။ လက်တွေ့လုပ်ဆောင်နိုင်အောင် သင့်တော်တဲ့ ပတ်ဝန်းကျင်ကောင်းတွေ၊ အခြေအနေသစ်တွေကို၊ ရှာဖွေပေးဖို့ အထူးလိုအပ်လှပါတယ်။ ဒီနေရာမှာ ပညာရေးကဏ္ဍကို ဦးဆောင်ဦးရွက်ပြုနေသူများရဲ့ မူဝါဒ၊ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်တဲ့ သင်ရိုးညွှန်းတမ်းများ၊ သင်ရိုးဇယားများ၊ စာတွေ့လက်တွေ့ပေါင်းစပ်ပြီး ထိရောက်စွာသင်ကြားနိုင်မယ့် အချိန်ဇယားများဟာ အဓိကကျလာတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

ခေါက်ရိုးကျိုးနေတဲ့ သင်ကြားမှု၊ သင်ယူမှုစနစ်များ၊ ကျက်မှတ်နိုင်စွမ်းကို အသားပေးစစ်ဆေးနေတဲ့ စာမေးပွဲပုံစံများ၊ တက္ကသိုလ်ဝင်တန်းအောင် ရမှတ်အပေါ်မူတည်၍ တက်ရောက်ခွင့်ပေးနေသော အဆင့်မြင့်ပညာသင်ကြားခွင့်ကိစ္စရပ်များကို လက်တွေ့ကျကျပြောင်းလဲလာဖို့လိုအပ်ပါတယ်။ သင်ကြားမှုနည်းစနစ်များအနက် ကျောင်းသား ကျောင်းသူများအား အတန်းထဲတွင်သူတို့၏ ထင်မြင်ယူဆချက်များကို လွတ်လွတ်လပ်လပ်ဆွေးနွေးနိုင်အောင် စာသင်ချိန်များကို မှန်ကန်စွာ ခွဲဝေထားရှိရန် လိုအပ်ပါတယ်။ သင်ကြားရေးဘောင်ကို ကျယ်ကျယ်ချဲ့နိုင်ရန်မှာ အရင်ကကျင့်သုံးခဲ့သော ဆရာကချည်း ရှေ့ကသင်ပြီး ကျောင်းသားများက နားထောင်ရုံသာ ပြီးဆုံးသွားတဲ့ အစဉ်အလာလမ်းဟောင်းများကို မေ့ပစ်ကြရပါမယ်။

**ခေါက်ရိုးကျိုးနေတဲ့ သင်ကြားမှု၊ သင်ယူမှုစနစ်များ၊ ကျက်မှတ်နိုင်စွမ်းကို အသားပေးစစ်ဆေးနေတဲ့ စာမေးပွဲပုံစံများ၊ တက္ကသိုလ်ဝင်တန်းအောင် ရမှတ်အပေါ်မူတည်၍ တက်ရောက်ခွင့်ပေးနေသော အဆင့်မြင့်ပညာသင်ကြားခွင့်ကိစ္စရပ်များကို လက်တွေ့ကျကျပြောင်းလဲလာဖို့လိုအပ်ပါတယ်။**

ဒ့ါအပြင် ပြဋ္ဌာန်းစာအုပ်ထဲကအတိုင်း ဤ၊ သည်မရွေး သင်ကြားကျက်မှတ်ခိုင်းတာမဟုတ်ဘဲ ဆက်စပ်နေတဲ့ အကြောင်းအရာများကို ကျောင်းသား ကျောင်းသူများက ချဲ့ကားစဉ်းစားတွေးခေါ် မြော်မြင်တတ်အောင် လုပ်ဆောင်ပေးကြရမှာဖြစ်ပါတယ်။ ဒါမှသာ ကျောင်းသား ကျောင်းသူများဟာ ပြဋ္ဌာန်းချက်စာအုပ်အပြင် အခြားသော ကိုးကားရှာဖွေစရာ စာအုပ်စာပေများဆီကို ခြေဦးလှည့်လာမှာဖြစ်ပါတယ်။

နောက်ပြီး စာသင်နှစ်တစ်ခုရဲ့ အချိန်ဇယားထဲမှာ အတန်းကြီးငယ်အလိုက် စာပေနဲ့ဆိုင်တဲ့ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရေးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ အချေအတင်စကားစစ်ထိုးခြင်း၊ ဆွေးနွေးပွဲများ စတဲ့အကြောင်းအရာတွေကို လအလိုက်ဖြစ်စေ၊ နေ့ထူးနေ့မြတ်များမှာဖြစ်စေ၊ စနစ်တကျ ထည့်သွင်းရေးဆွဲပြီး ပီပီပြင်ပြင် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ မိမိတို့ဖြတ်သန်းခဲ့ရတဲ့ ပညာရေးစနစ်ဟာ ဆရာက ဒါပဲသင်ပေးတယ်၊ ကျောင်းသားကလည်း ဒါပဲကျက်တယ်၊ စာမေးပွဲမှာလည်း ဒါပဲဖြေရတယ်ဆိုတာမျိုးဖြစ်ခဲ့ရတာကို အားလုံးအသိပဲ ဖြစ်ပါတယ်။

မသင့်တော်ဆုံးကတော့ မြန်မာလူမျိုးများဖြစ်ပါလျက် မြန်မာစာစီစာကုံးကို Ready made (အသင့်ရေးထားတဲ့) စာအုပ်များထဲက အလွတ်ကျက်မှတ်ပြီး စာမေးပွဲများမှာ များသောအားဖြင့် ဖြေဆိုနေကြတာပါပဲ။ စာစစ်သူ ဆရာ ဆရာမများကိုလည်း အကြံပြုလိုပါတယ်။ ကျောင်းသားများရဲ့ ကိုယ်ပိုင်အတွေးအခေါ်၊ အယူအဆများထွက်ပေါ်လာအောင်၊ အကြောင်းအရာတစ်ခုအပေါ်မှာ ဂဃနဏ ဖြန့်ကြက်ပြီး စဉ်းစားကြံဆနိုင်အောင်၊ မှန်မှန်ကန်ကန် ကောက်ချက်ချနိုင်တဲ့ ဉာဏ်ရည်များဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးကြစေလိုပါတယ်။

ဥပမာအားဖြင့် အာဇာနည်နေ့အကြောင်းနဲ့ ပတ်သက်လို့ ပြဋ္ဌာန်းချက်စာအုပ်ထဲမှာမပါတဲ့ အကြောင်းအရာများကို တပည့်တို့ နားလည်သလို စာမျက်နှာသုံးမျက်နှာလောက်ရေးခဲ့ကြလို့ ကျောင်းမှာ ဆရာက မှာလိုက်ရင် ကျောင်းသား ကျောင်းသူများဟာ အနည်းဆုံးတော့ အစ်ကို၊ အစ်မ၊ မိဘတွေကို ပထမဆုံး မေးရတော့မယ်။ ဒါမှမဟုတ် အာဇာနည်နေ့နဲ့ပတ်သက်တဲ့စာအုပ်တွေကို အိမ်မှာမရှိရင် အဝယ်ခိုင်းရတော့မယ်။ အတန်းကြီးသမားများက အင်တာနက်မှာ ရှာဖွေပြီး ဖတ်မှတ်လေ့လာကြရတော့မယ်။ ဘယ်နည်းလမ်းကိုပဲ သုံးသုံးနောက်ဆုံးတော့ ပြင်ပစာပေတွေကို စတင်ထိတွေ့ဖို့ အခွင့်အလမ်းတစ်ရပ်အနေနဲ့ ဖန်တီးပေးလိုက်တာပါပဲ။

ဒ့ါအပြင် ကျောင်းမှာ ကျောင်းသားအားလုံး ပါဝင်ယှဉ်ပြိုင်နိုင်စေမယ့် ပြိုင်ပွဲမျိုးကို မကြာခဏပြုလုပ်ပေးနေမယ်ဆိုရင် လိုအပ်တဲ့ဗဟုသုတနဲ့ အချက်အလက်တွေကိုရှာဖွေဖို့ စာအုပ်စာပေတွေကို ဖတ်ရှုလေ့လာဖြစ်နေမှာ ဧကန်မလွဲပါပဲ။ လွန်ခဲ့တဲ့တစ်လကျော်လောက်က သမီးဖြစ်သူ အလယ်တန်းကျောင်းသူက ကျွန်တော့်ဆီဖုန်းဆက်လာတယ်။ ဖေဖေသမီးတို့ကျောင်းမှာ ထူးချွန်တဲ့သူတွေကို နိုင်ငံခြားလေ့လာရေးသွားဖို့ စာမေးပွဲဖြေရမယ်တဲ့။

အဲဒီတော့ ကျွန်တော်က ယှဉ်ပြိုင်မှုကို ဝါသနာထုံတဲ့သမီးငယ်ရဲ့ဗီဇစိတ်ကို သိလေသူမို့ အဲဒါဆိုလည်း သမီးဝင်ဖြေပေါ့လို့ပြန်ပြောလိုက်မိတယ်။ ဒီမှာသမီးက ဘာပြန်ပြောသလဲဆိုတော့ ဖြေရမယ့်သူတွေကို ဆရာမက ရွေးပြီးပြီတဲ့။ နောက်ပြီး သမီးက ဘာတွေဖြေရမယ်ဆိုတာလည်း မသိဘူးတဲ့။ ကျွန်တော်လည်း သမီးရဲ့ဆရာမကို ဖြေလို့ရ မရမေးဖို့အကြောင်းနဲ့ ဘာတွေကို လေ့လာရမယ့်အကြောင်း၊ ဖြေလို့ရရင် အရွေးခံရ၊ မခံရအရေးမကြီးဘူး၊ ဒီလိုစာမေးပွဲတွေမှာ ဘာတွေမေးလေ့ မေးထရှိတယ်ဆိုတာကို အတွေ့အကြုံရအောင်ဝင်ဖြေပေါ့လို့ ပြောခဲ့မိပါတယ်။

အဲဒီရက်တွေမှာ အလုပ်ကလည်းတစ်ဖက်နဲ့ဆိုတော့ သမီးဖြစ်သူရဲ့ကိစ္စကို ပြန်ပြီးမမေးဖြစ်ခဲ့မိဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ကျောင်းသားအရွယ်ကလေးငယ်တွေမှာလည်း သူတို့ရဲ့ပတ်ဝန်းကျင်မှာ အရွယ်အလိုက် အသိအမှတ်ပြုခြင်းကိုခံချင်ကြတာပါပဲ။ သူတို့လေးတွေရဲ့ မှန်ကန်တဲ့ယှဉ်ပြိုင်လိုမှု၊ အတူပူးပေါင်းပါဝင် ဆောင်ရွက်လိုမှု၊ အခွင့်အရေးတန်းတူ ရည်တူရရှိမှုဆိုတာတွေကို အမြဲတမ်းရရှိနေအောင် လူကြီးသူမ၊ ဆရာ ဆရာမများက ဖန်တီးပုံဖော်ပေးသွားကြရမှာဖြစ်ပါတယ်။

ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုတဲ့စကားလိုပဲ လူငယ်များကို အသိအမှတ်ပြုပေးပြီး အရည်အသွေးပြည့်မီသော၊ အနာဂတ်နိုင်ငံ့တာဝန်ကို ကျရာအခန်းကဏ္ဍက ကျေပွန်စွာထမ်းဆောင်နိုင်တဲ့ လူရည်ချွန်၊ လူရည်မွန်များဖြစ်အောင် ယခုချိန်ကစလို့ ပံ့ပိုးကူညီပေးကြရမည့်သူများမှာ ယနေ့လူကြီးများ၏ သမိုင်းပေးတာဝန်တစ်ရပ်ပင်မဟုတ်ပါလား။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့်ကျောင်းများမှာ စာကြည့်တိုက်များ ဖွင့်လှစ်ပေးခဲ့သလို မြို့နယ်တိုင်း၊ ကျေးရွာတိုင်းမှာလည်း စာကြည့်တိုက်များ အသီးသီးဖွင့်လှစ်ခဲ့တာကို ပြည်သူလူထုတစ်ရပ်လုံး အသိပဲဖြစ်ပါတယ်။ အချို့နေရာများမှာ ကိုယ့်အားကိုယ့်ကိုး စာကြည့်တိုက်များလည်း အများစုပေါင်းလို့ ထူထောင်လာကြတာကိုဝမ်းမြောက်ဖွယ်မြင်တွေ့နေရပါပြီ။ နိုင်ငံရဲ့အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုဟာ အသိပညာ၊ အတတ်ပညာပြည့်ဝတဲ့ လူငယ်များ မွေးထုတ်ပေးနိုင်မှုအပေါ်မှာ မူတည်နေပါတယ်။ ပညာရေးမှာ ရင်းနှီးမြှုပ်နှံနိုင်လေ လူ့စွမ်းအားအရင်းအမြစ်တွေ တိုးတက်လာသည်နှင့်အမျှ တိုင်းပြည်လည်း ကျွဲကူးရေပါဆိုသလို ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

ဒ့ါကြောင့်မို့ မြို့ရွာတိုင်း၊ ကျောင်းတိုင်းမှာရှိတဲ့ စာကြည့်တိုက်တံခါးများကို ယနေ့ကျောင်းသားအရွယ် လူငယ်မောင်မယ်များ လာရောက်ဖွင့်လှစ်နိုင်ကြစေဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့လို့ ရေးသားတိုက်တွန်းလိုက်ရကြောင်းပါ။ ။



# အိုးအိုင်ကျေးရွာဒေသခံများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၄**

ကျေးလက်နေပြည်သူများ၏ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုအဖြစ် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းတပ်နယ်ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၃ ရက်က ကျောက်ပန်းတောင်းမြို့နယ် သဲဗုဒ္ဓမကျေးရွာအုပ်စု အိုးအိုင်ကျေးရွာသို့ရောက်ရှိကြပြီး ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ သွေးတိုး၊ ဆီးချို၊ မျက်စိရောဂါ၊ အရိုးအကြော၊ သွားရောဂါများနှင့် အရေပြားဆိုင်ရာရောဂါများ၊ ရာသီဖျားနာခြင်းများကို စစ်ဆေးကုသဆောင်ရွက်ပေးပြီး ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ရာသို့ ကျောက်ပန်းတောင်းတပ်နယ်မှူး၊ ဗိုလ်မှူးကြီးကျော်ကျော် ကြည့်ရှုခဲ့ပြီး ဒေသတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းအခြေအနေများနှင့် ကျန်းမာရေးဆိုင်ရာတို့ကို မေးမြန်းဆွေးနွေးသည်။ ကျေးရွာတွင် အမျိုးသား ၈၆ ဦးနှင့် အမျိုးသမီး ၁၀၈ ဦးတို့ကို အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောမှုလုပ်ငန်းများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေအောင် (ပြန်/ဆက်)

# ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြု




**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး နဝမနေ့တွင် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ **"အခွန်အကောက်ဥပဒေကြမ်း"**ကို တစ်ပိုဒ်ချင်းစီ အလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ လွှတ်တော်၏အဆုံးအဖြတ်အတိုင်း ဥပဒေကြမ်းတစ်ခုလုံးအား အတည်ပြုခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စု လွှတ်တော် နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ကယားပြည်နယ်အစိုးရ အဖွဲ့လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ် တာဝန်ပေးခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြ မှတ်တမ်းတင်ပြီး **"ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် **"၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"**တို့ကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်က လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော **"နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ပါဝင်သောကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားသည်။

ပြည်ထောင်စုလွှတ်တော် နာယကက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်) တိုးတက်ကောင်းမွန်ရေး စီမံကိန်းဆောင်ရွက်ရန်အတွက် ဂျာမနီနိုင်ငံ KfW Development Bank ထံမှ ယူရို ၅ သန်း ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၂) မှ ဦးကျော်နိုင်က ပြည်ပ ချေးငွေရယူရာတွင် သက်သာသော ချေးငွေ ဟုတ်၊ မဟုတ် ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေ အဖွဲ့တို့မှ အသိအမှတ်ပြုထားသော Grant Element နည်းလမ်းဖြင့် ဆန်းစစ်ရာတွင် သက်သာမှုရှိသော ချေးငွေဖြစ်သည်ကို ဆန်းစစ်တွေ့ရှိရပါကြောင်း။

စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများစွာရှိပါကြောင်း၊ စက်မှုပစ္စည်းများသည် အဟောင်းကိုပြင်သုံးသည်ဖြစ်စေ၊ အသစ်တပ်ဆင်သည်ဖြစ်စေ သက်တမ်းကြာလာသည်နှင့်အမျှ ဟောင်းနွမ်းပျက်စီးမည်ဖြစ်ပါကြောင်း၊ လူသားအရင်းအမြစ်ကို ပြုစုပျိုးထောင်နိုင်မည်ဆိုလျှင် အရည်အသွေးပြည့်ဝအောင် စာတွေ့လက်တွေ့သင်ကြားပေးပါက လူ့သားအရင်းအမြစ်သည် အချိန်ကြာလာသည်နှင့်အမျှ ကျွမ်းကျင်မှု မြင့်တက်၍ အတွေ့အကြုံရင့်ကျက်လာပြီး စွမ်းရည်အတွေးအခေါ်နှင့် အမြော်အမြင်လည်း မြင့်မားလာရုံသာမက နောင်တက်လာမည့် မျိုးဆက်သစ်များကိုပါ ဆက်လက်ဆင့်ပွားသင်ကြားပျိုးထောင်ပေးနိုင်မည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမြင့်ဆွေ၊ မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိနှင့် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုတို့ကလည်း အကြံပြုထောက်ခံဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော် နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စု အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းခြင်းနှင့် ဆုံးဖြတ်ချက်ရယူခြင်းတို့ကို ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ဒသမနေ့တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က ဂီနီနိုင်ငံ၊ မော်လ်တာနိုင်ငံ၊ အီကွေဒေါ်နိုင်ငံ၊ ဆေးရှဲလ်နိုင်ငံ၊ လိုက်ဘေးရီးယားနိုင်ငံ၊ မာရှယ်ကျွန်းစုနိုင်ငံနှင့် ဟိုလီဆီး (ဗာတီကန်နန်းတော်)တို့ အကြား သံတမန်အဆက်အသွယ်ထူထောင်ရန် ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**"၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းဥပဒေကြမ်း"**၏မူနှင့် အခြေခံသဘောအပါအဝင် စီမံကိန်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းတွင် ဝန်ကြီးဌာနအသီးသီးက တင်ပြထားသည့် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များသည် အလွန်ကျယ်ပြန့်သောကြောင့် လက်ရှိအကျိုး ခံစားခွင့်ရှိနိုင်သောအရာများနှင့် ရေရှည်တွင် အကျိုးခံစားခွင့်ရှိနိုင်သည့် အရာများ ပါဝင်နေကြောင်း၊ အချို့မူဝါဒ၊ ရည်မှန်းချက်များကို ဖြစ်စေလိုသည့် စေတနာရှိသော်လည်း အကောင်အထည်ဖော်သည့်နေရာတွင် တိကျသည့်လုပ်ငန်းစဉ်များ မပါသည့်အတွက် စိတ်ကူးယဉ်ဆန်သည်ဟု မြင်ပါကြောင်း။

ခေတ်အဆက်ဆက်အစိုးရများသည် နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်စီမံကိန်း အမျိုးမျိုးကို ရေးဆွဲချပြပြီး မျှော်မှန်းသလို ဖြစ်မလာသောကြောင့် တိုင်းပြည်၏ ဘဏ္ဍာငွေ၊ လူ့အရင်းအမြစ်များ တန်ဖိုးမဲ့ဆုံးရှုံးရပါကြောင်း၊ ထို့ကြောင့် ယခုလို အစိုးရသစ်လက်ထက်တွင် ယခင်က အစဉ်အလာအတိုင်း နောက်လာမည့် အစိုးရများအတွက် ခေါင်းကိုက်ရမည့် ပြဿနာမျိုးကို မရှာထားမိစေရန်အတွက် မိမိတို့၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို တိတိကျကျရေးဆွဲပြီး နှစ်စဉ်ပြန်လည်သုံးသပ်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးကျော်နီနိုင်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် အစိုးရ၏ ရငွေခန့်မှန်းချက်သည် ကျပ် ၁၆၇၆၈ ဘီလီယံကျော်ဖြစ်ပြီး သုံးငွေခန့်မှန်းချက်သည် ကျပ် ၂၀၉၉၆ ဘီလီယံကျော်ဖြစ်သဖြင့် လိုငွေခန့်မှန်းချက်သည် ကျပ် ၄၁၂၈ ဘီလီယံဖြစ်ပါကြောင်း၊ ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုးသည် ၄ ဒသမ ၅၂ ရာခိုင်နှုန်းဖြစ်သဖြင့် အစိုးရအနေဖြင့် အထူးသတိကြီးစွာ ကိုင်တွယ်လုပ်ဆောင်ရန် အကြံပြုတင်ပြလိုပါကြောင်း၊ နိုင်ငံတော်၏ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ပြည်ပကြွေးမြီအခြေအနေသည် အမေရိကန် ဒေါ်လာ (၈ ဒသမ ၉) ဘီလီယံကျော်ရှိကြောင်း ဖော်ပြထားသဖြင့် ယနေ့ဒေါ်လာ ပေါက်ဈေးကျပ် ၁၃၅၀ နှင့် တွက်မည်ဆိုပါက မြန်မာကျပ်ငွေ ၁၂၁၃၅ ဘီလီယံ ကျော်နေပြီဖြစ်ပါကြောင်း။

နိုင်ငံတော်၏ လူဦးရေ ၅၂ သန်းနှင့် အချိုးကျကြည့်မည်ဆိုပါက တစ်ဦးလျှင် ကျပ် ၂ ဒသမ ၃ သန်းကျော် အကြွေးတင်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဝန်ကြီးဌာနများအနေဖြင့် ပြည်သူများထံမှ ကောက်ခံရရှိသော ပြည်သူ့ဘဏ္ဍာငွေများကို အလေအလွင့်မရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ထိန်းသိမ်းဆောင်ရွက်သင့်ကြောင်း ဆွေးနွေးသည်။

ထို့ပြင် ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၊ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာ ခင်စည်သူ၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၃)မှ ဦးခင်မောင်လတ်၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်းနှင့် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်တို့ကလည်း အကြံပြုဆွေးနွေးကြသည်။

**မော်စီ၊ ဝေဇင်အေးဖြိုး(သတင်းစဉ်)**



## နှစ်နိုင်ငံ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဆွီဒင်နိုင်ငံ Riksdag လွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Urban Ahlin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ် )**

## နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့် ဥပဒေရေးရာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဆွီဒင်နိုင်ငံ Riksdag လွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Urban Ahlin အား မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင်အမှတ် (I-1)ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့် ဥပဒေရေးရာကဏ္ဍတွင် အချင်းချင်းအပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



# ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်ဆရာတော်ကြီး နေပြည်တော် တပ်မတော်ဆေးရုံကြီးတွင် မျက်စိခွဲစိတ်ကုသ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီး မျက်စိခွဲစိတ်ကုသဆောင်၌ မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသီလဝံသ အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီး၏ မျက်စိခွဲစိတ်ကုသမှုအခြေအနေနှင့် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ ရွှေမိုးတောင်၌ ရဟန္တာ(၁၀၀၀) ရှင်ပင်မြတ်စွာ အောင်သုခစေတီတော်ကြီး တည်ထားကိုးကွယ်မည့်အခြေအနေကို လျှောက်ထားမေးမြန်းကာ အာဟာရများ ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်ဆရာတော်ကြီးအား အာဟာရများ ဆက်ကပ်လှူဒါန်းစဉ်**

# မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်ကျင်းပရေး စတုတ္ထအကြိမ်ညှိနှိုင်းအစည်းအဝေး ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်ကျင်းပရေး စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က "ယခုအစည်းအဝေးသည် မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်ကျင်းပရေး စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ရုပ်ရှင်ကားကြီးရိုက်ကူးရန် ဇာတ်လမ်းသုံးပုဒ်ကို ပညာရှင်များက ရွေးချယ်ပေးကြရန်နှင့် ကျန်ဇာတ်လမ်းများကို ရုပ်မြင်သံကြားဇာတ်လမ်းတွဲများ ဆက်လက်ရိုက်ကူးသွားရန် တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြစေလိုပါကြောင်း" ပြောကြားသည်။ **(ဝဲပုံ)**

ယင်းနောက် တက်ရောက်လာကြသော စာပေပညာရှင်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့မှ တာဝန်ရှိသူများက ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ ဒါရိုက်တာ၊ သရုပ်ဆောင်များရွေးချယ်ရေး၊ ရုပ်ရှင်ကားကြီးများနှင့် ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများ ရိုက်ကူးရေးတို့ကို ဆွေးနွေးညှိနှိုင်းကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

ယခုအစည်းအဝေးတွင် မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ် ပွဲတော်အတွက် ပေးပို့လာသော ဇာတ်လမ်း ၄၅ ပုဒ်အနက် ဆန်ခါတင် ၁၁ ပုဒ် ရွေးချယ်ထားပြီးဖြစ်ကြောင်း၊ ဇာတ်လမ်း ၁၁ ပုဒ်ထဲမှ မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်တွင် ပြသရန် ရုပ်ရှင်ကားကြီး သုံးကားအတွက် ဇာတ်လမ်းသုံးပုဒ်ကို ရွေးချယ်ထားပြီး ကျန်ဇာတ်လမ်းများကို ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများ ရိုက်ကူးရေးညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသင်တန်းဖွင့်

**မောင်တော ဖေဖော်ဝါရီ ၂၄**

ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသင်တန်းကို မောင်တောမြို့ ဒေဝါနဒီခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ မောင်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က အမှာစကားပြောကြားပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့်စပ်လျဉ်း ၍ ရှင်းလင်းပြောကြားသည်။

"သင်တန်းကတော့ ဘေးအန္တရာယ် စီမံခန့်ခွဲရေးအခြေခံသင်တန်းဖြစ်ပါတယ်။ အခြားမြို့နယ်တွေမှာတော့ ဖွင့်ခဲ့ပြီးပါပြီ။ မောင်တောမြို့နယ်မှာ ပထမဦးဆုံး လာရောက် ဖွင့်လှစ်တဲ့ သင်တန်းဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ် ကျရောက်တဲ့အခါ ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်တွေရယ် ကျရောက်ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်တွေကို ပို့ချသွားမှာပါ။ သဘာဝဘေးအန္တရာယ်ဆိုတာ တစ်ဦး တစ်ယောက်တည်း လုပ်လို့ရတဲ့ အလုပ်မဟုတ်တဲ့အတွက် အားလုံးပါဝင်ကူညီကြဖို့ လိုအပ်ပါတယ်"ဟု ပြည်နယ်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းက ပြောသည်။

အဆိုပါသင်တန်းတွင် မောင်တောမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများမှ သင်တန်းသားသင်တန်းသူ ၃၀ တက်ရောက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းတွင် ရာသီဥတု ပြောင်းလဲခြင်းနှင့် သက်ရောက်မှုများ၊ သဘာဝဘေးများအကြောင်း၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေး၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်ချက်၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ ကြိုတင်ကာကွယ်ခြင်း၊ အန္တရာယ်နှင့် ထိတွေ့နိုင်မှု၊ ရပ်ရွာလူထုအခြေခံသော သဘာဝဘေးစီမံခန့်ခွဲမှု သဘာဝဘေး အန္တရာယ် စီမံချက်ရေးဆွဲခြင်း၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း အစရှိသည့် အကြောင်းအရာများကို ပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ၊ အေးမင်းသူ**

## ဆင်းကတ်မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ အသိပေးနှိုးဆော်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မှတ်ပုံတင်ထားခြင်းမရှိသည့် ဆင်းကတ်များကို ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ပိတ်သိမ်းသွားမည်ဖြစ်ပါသဖြင့် Mobile တယ်လီဖုန်းသုံးစွဲသူ အများပြည်သူများ အနေဖြင့် မိမိတို့သုံးစွဲလျက်ရှိသော ဆင်းကတ်များအား သက်ဆိုင်ရာဆက်သွယ်ရေး ဝန်ဆောင်မှုကုမ္ပဏီများနှင့်ဆက်သွယ်၍ အမြန်ဆုံးမှတ်ပုံတင်ကြပါရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မီးဘေးကြိုတင်ကာကွယ်ရေးဟောပြော၊ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ

**နေပြည်တော် ဖော်ဖော်ဝါရီ ၂၄**

နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် မီးငြိမ်းသတ်နည်းလက်တွေ့သရုပ်ပြခြင်းအား ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။ **(ယာပုံ)**

အခမ်းအနားသို့ ပုဗ္ဗသီရိဈေးတာဝန်ခံ ဦးမောင်မောင်(ဦးစီးအရာရှိ)နှင့် ဝန်ထမ်းများ၊ ဈေးသူဈေးသားများ တက်ရောက်ခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ဟောပြောကာ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခဲ့သည်။

ထို့နောက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ အငယ်တန်းအင်ဂျင်နီယာ ဦးဝင်းမြင့်နှင့် လျှပ်စစ်ဝန်ထမ်းများက ဈေးတွင်ထားရှိသော ထရန်စဖော်မာကို ကြည့်ရှု၍ ဈေးအတွင်း လျှပ်စစ်မီးအသုံးပြုသည့် ဆိုင်ခန်းရှင်များအား လျှပ်စစ်အန္တရာယ်မဖြစ်ပွားရေး လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများနှင့် စည်းကမ်းချက်လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**



# မလေးရှားနိုင်ငံမှ ပေးပို့လှူဒါန်းသော စားသောက်ဖွယ်ရာများ ဘူးသီးတောင်ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိ

**မောင်တော ဖေဖော်ဝါရီ ၂၄**

ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များအတွင်းရှိ ကျေးရွာများအတွက် မလေးရှားနိုင်ငံမှ ပေးပို့လှူဒါန်းသော ဆန်နှင့် အခြားစားသောက်ဖွယ်ရာများ တင်ဆောင်လာသည့် အောင်ကျော်မိုး(၁) နှစ်ထပ်ရေယာဉ်သည် စစ်တွေမြို့မှတစ်ဆင့် ဘူးသီးတောင်ဆိပ်ကမ်းသို့ ယနေ့ ညနေပိုင်းတွင် ရောက်ရှိလာရာ ဘူးသီးတောင်မြို့နယ် စီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများကို စနစ်တကျ လက်ခံရယူသည်။ **(အောက်ပုံ)**



ယခု ရောက်ရှိလာသော ပစ္စည်းများမှာ ဆန်အိတ် ၂၂၀၀၊ ရေသန့် ပါကင် ၃၅၀၊ သွားတိုက်ဆေး ၆၆ အိတ်၊ ဖိနပ် ၃၆ အိတ်၊ မျက်နှာသုတ်ပဝါ ၄၅ အိတ်၊ ဆပ်ပြာမှုန့် ၃၄၈ ဖာ၊ ခေါက်ဆွဲ ခြောက်ထုပ် ၆၂၅ ဖာ၊ လက်သည်းညှပ် ၅ ဖာ၊ မုတ်ဆိတ်ရိတ်တံ ၃၃ ဖာ၊ ဆီ ၄ ဖာ၊ ဆပ်ပြာခဲထုပ် ၁၇ ထုပ်၊ အမျိုးသမီးသုံးပစ္စည်း ၉၂ ဖာဖြစ်ကြောင်း သိရသည်။

မလေးရှားနိုင်ငံမှ ပေးပို့လှူဒါန်းသည့် ပစ္စည်းများမှာ မောင်တောခရိုင် စစ်တွေ၊ ပေါက်တော၊ မြေပုံမြို့နယ်များအတွက် ဆန်အိတ် ၆၀၀၀၊ ခေါက်ဆွဲ ၁၈၄၆ ဖာ၊ ရေသန့် ၉၇၅ ဖာ၊ သွားတိုက်ဆေး ဖာ ၁၀၀၊ သွားတိုက်တံ ၃၆ ဖာ၊ မျက်နှာ သုတ်ပဝါ ၉၄ ဖာ၊ ပရုတ်ဆီ ၃၅ ဖာ၊ ဆပ်ပြာမှုန့် ၅၆၂ ဖာ ပေးပို့လှူဒါန်းခြင်းဖြစ်ပြီး ကျန်ရှိနေသောပစ္စည်းများကို စစ်တွေမြို့မှတစ်ဆင့် သက်ဆိုင်ရာမြို့နယ်များသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်းနှင့် လက်ခံရရှိသည့် ပစ္စည်းများကို လိုအပ်ချက်ရှိသော ကျေးရွာများသို့ စနစ်တကျ ပေးပို့သွားမည်ဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲရေးကော်မတီထံမှ သိရသည်။

**အေးမြ(မန္တလေး)၊ အေးမင်းသူ**

# ကျန်စစ်မင်းတန်ဖိုးနည်းအိမ်ရာ မေလတွင် စီမံကိန်းကာလပြီးစီးမည်



**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

နိုင်ငံတော်မှ ခေတ်စနစ်နှင့်အညီ အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပြီး ယင်းသို့ဆောင်ရွက်ရာတွင် တန်ဖိုးသင့်၊ တန်ဖိုးမျှ၊ တန်ဖိုးနည်း အိမ်ရာစီမံကိန်းများအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်းနှင့် ရန်ကုန်-ညောင်တုန်းလမ်းထောင့် တန်ဖိုးနည်းကျန်စစ်မင်းအိမ်ရာစီမံကိန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။

အဆိုပါ စီမံကိန်းမြေဧရိယာအကျယ်အဝန်းမှာ ဧက ၇၂ ဒသမ ၁၀၅ ဖြစ်ပြီး ၂၀၁၄ ခုနှစ် မေ ၁ ရက်တွင် စီမံကိန်းကိုစတင်ခဲ့ရာ စီမံကိန်းပြီးဆုံးရန်လျာထားရက်ကို ၂၀၁၇ ခုနှစ် မေ ၁၅ ရက်အဖြစ် သတ်မှတ်လျက် စီမံကိန်းကာလမှာ သုံးနှစ်ဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီ ၁၁ ခုအား မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ပေးထားပြီး ကုမ္ပဏီနှစ်ခုမှ တည်ဆောက်မှုပြီးစီးသည့်အတွက် အပ်နှံထားပြီဟုလည်း သိရသည်။ ထိုမြေဧရိယာတွင် လေးခန်းတွဲ ငါးထပ် (၆၅၀၀ စ/ပေ)၊ အခန်းပေါင်း ၅၄၀ ပါသောတိုက် ၂၇ လုံး၊ ခြောက်ခန်းတွဲ သုံးထပ် (၁၀၀၀ စ/ပေ)၊ ၅၃ ခန်းပါသော တိုက်သုံးလုံး၊ ခြောက်ခန်းတွဲ ငါးထပ် (၄၆၈ စ/ပေ) အခန်း ၄၈၀ ခန်းပါသော တိုက် ၁၆ လုံး၊ ရှစ်ခန်းတွဲ ငါးထပ် (၄၈၄/၅၂၂စ/ပေ)၊ အခန်း ၈၄၀ ပါသော တိုက် ၂၁ လုံးနှင့် ၁၂ခန်းတွဲ ငါးထပ် (RC) (၃၂၄ စ/ပေ)၊ ၁၂၆၀ ပါ တိုက် ၂၁ လုံးစသည့် တိုက် ၈၈ လုံးနှင့် အခန်းပေါင်း ၃၁၇၄ ခန်းကို တည်ဆောက်ရန်လျာထားသည်။ တာဝန်ယူဆောက်လုပ်နေသည့် ကုမ္ပဏီများအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အဆောက်အအုံများ၏ ရေသန့်ဆိုင်ရာဆောင်ရွက်ရမည့် အချက်များနှင့် သုံးစွဲရမည့်ရေသန့်ပစ္စည်းများ၊ စံသတ်မှတ်ချက်များကို ကုမ္ပဏီများလိုက်နာဆောင်ရွက်နိုင်ရန်အတွက် ညွှန်ကြားချက်များထုတ်ပြန်ထားကာ ကျန်စစ်မင်းအိမ်ရာစီမံကိန်း အဆောက်အအုံများတည်ဆောက်ရာ၌ လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် Specification များအတိုင်းဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ အဆောက်အအုံများ၏ Internal Wiring ဆောင်ရွက်ရမည့်အချက်များနှင့် သုံးစွဲရမည့် လျှပ်စစ်ပစ္စည်းများ၏ စံသတ်မှတ်ချက်များကို ထုတ်ပြန်ထားကြောင်းလည်း သိရသည်။

ယင်းစီမံကိန်းတွင် နေ့ကလေးထိန်းကျောင်း၊ ဓာတ်အားခွဲရုံ၊ ရပ်ကွက်ဈေး၊ မူလတန်းလွန်ကျောင်းနှင့် စည်ပင်သာယာသို့ လွှဲပြောင်းသည့်မြေငါးဧကလည်းပါဝင်သည်။ ကျန်စစ်မင်းတန်ဖိုးနည်းအိမ်ရာ၏မျက်နှာချင်းဆိုင်တွင် ထီးလှိုင်ရှင်အိမ်ရာရှိပြီး ကျန်စစ်သားကားလမ်းမကြီးက ပိုင်းခြားထားသည်။

အိမ်ရာစီမံကိန်းကို ၂၀၁၇ ခုနှစ် မေ ၁ ရက်တွင် ပြီးဆုံးရန်လျာထားသော်လည်း အချို့သောတိုက်များမှာ အခက်အခဲများရှိနေသည့်အတွက် ပြီးစီးရန် ကြန့်ကြာနေသည်ဟု သိရသည်။

"ကျွန်တော်တို့က ငါးလွှာ ရှစ်ခန်းတွဲ နှစ်လုံးကို ၆၀ ရာခိုင်နှုန်းပြီးသွားပြီ။ အိုးအိမ်က တစ်ရစ်ကို ၂၀ ရာခိုင်နှုန်းချပေးတယ်ဆိုတော့ နှစ်ရစ်ချပေးပြီးပြီ။ သတ်မှတ်ကာလက တစ်နှစ်ပါ။ နောက်ကျတဲ့ကုမ္ပဏီတွေနောက်ကျကြေး လျော်ရမယ်လို့တော့ကြားတယ်။ တိုက် ၈၃ လုံး စီမံကိန်းဆိုပေမယ့် ကျူးတွေလည်းရှိနေသေးတော့ တိုက်အားလုံး အကောင်အထည်မဖော်နိုင်ဘူး။ ကျွန်တော်တို့ ကုမ္ပဏီကတိုက် ၁၁ လုံး တာဝန်ယူထားပြီး ကျူးထဲမှာ နှစ်လုံးပါနေတော့ အဲ့ဒီ နှစ်လုံးက အခုထိမလုပ်ရသေးဘူး ဖြစ်နေတယ်။ စီမံကိန်းဆောက်လုပ်ရေးဝင်းထဲက ဆိုဒ်အလုပ်သမားတွေမကြာခဏပစ္စည်း၊ ငွေပျောက်ရှမှုတွေရှိတယ်။ သစ်အခိုးခံရတဲ့ဆိုဒ်တွေလည်း ရှိတယ်။ အုပ်စုလိုက်လာပြီး နေ့ဘက်၊ ညဘက်သစ်တွေ လာယူတာလည်းရှိတယ်။ ဒီမှာဆောက်လုပ်ရေးက သတိထားနေရတယ်။ အခုအစောင့်ပိုပြီး ချထားရတယ်။ငွေကြေးအဆင်ပြေရင်လုပ်ငန်းမြန်မှာပါ" ဟု Power & Glory ဆောက်လုပ်ရေးကုမ္ပဏီမှ ဆိုဒ်တာဝန်ခံကိုထက်အောင်က ပြောသည်။

"အခုဟာက ငွေကြေးအခက်အခဲရှိနေတော့ သတ်မှတ်ထားတဲ့ရက်မှာ မပြီးနိုင်တဲ့အတွက် ကုမ္ပဏီကတစ်လကို တစ်သိန်းအတိုးနှုန်းမြို့ပြနဲ့ အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကို ပေးရတယ်။ ဆောက်လုပ်ပြီးလို့ အပ်ပြီးတဲ့ကုမ္ပဏီလည်းရှိတယ်။တာဝန်ယူရတာကတိုက်ကိုးလုံးကိုယူထားတာပါ။ အခြားကုမ္ပဏီကိုခွဲပေးထားတာလည်းရှိတယ်။ အခက်အခဲက ငွေရေးကြေးရေးနိုင်ရင် လုပ်ငန်းမြန်နိုင်တယ်။ အိုးအိမ်က Target ထားပြီး တည်ဆောက်ရေးဘယ်အပိုင်းရောက်ရင် ရာခိုင်နှုန်းဘယ်လောက်ဆိုပြီးချပေးတယ်။ ပြီးခဲ့တဲ့နိုဝင်ဘာလမှာ ကြန့်ကြာမှုတွေရှိခဲ့တယ်။ အကြမ်းဖျဉ်း ၆၀ ရာခိုင်နှုန်းပြီးနေပါပြီ။ ကုမ္ပဏီတစ်ခုနဲ့တစ်ခု သတ်မှတ်ထားတာတော့မတူဘူး။ အိပ်ခန်း နှစ်ခန်း၊ ဧည့်ခန်းပါမယ်၊ မီးဖိုချောင်၊ ရေချိုးခန်းနဲ့သန့်စင်ခန်းပါမယ်။ ငါးလွှာလေးခန်းတွဲဆောက်နေတာပါ။ ညပိုင်းလုံခြုံရေးအားနည်းတယ်။ သစ်၊ သံုးထပ်သားလည်း အပျောက်များတယ်။ ဒါတွေလည်း ကြုံနေရတယ်"ဟု APS ဆောက်လုပ်ရေးကုမ္ပဏီမှ ဆောက်လုပ်ရေးအင်ဂျင်နီယာ ကိုကောင်းမြတ်သူက ပြောသည်။

ရန်ကုန်စီးတီးဆောက်လုပ်ရေးကုမ္ပဏီမှ ဆိုဒ်တာဝန်ခံတစ်ဦးကလည်း ဆောက်လုပ်ရေးတွင် ကန်ထရိုက်ဆောက်လုပ်ခွင့်ရသည့် ကုမ္ပဏီမှ တစ်ဆင့်လုပ်ကိုင်ခြင်းဖြစ်ပြီး ငွေကြေးအခက်အခဲများရှိနေကြောင်း၊ မတ် ၁၅ ရက်တွင် အခန်းအပ်ရမည်ဖြစ်ရာ လေးခန်းတွဲ ငါးလွှာ၊ အခန်း ၂၀ အတွက် တိုက်နှစ်လုံးတည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

ကျန်စစ်မင်းတန်ဖိုးနည်းအိမ်ရာ တည်ဆောက်ရာတွင် တိုက်ခန်းများမှာ ငါးလွှာအမြင့်ဖြစ်ပြီး (၄၊၆၊၈၊၁၂)ခန်းတွဲများ တည်ဆောက်နေကြောင်း၊ ကုမ္ပဏီနှစ်ခုတည်ဆောက် မှုပြီးစီးသောကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန သို့ လွှဲအပ်ပြီးဖြစ်ကြောင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ မြေအောက်ရေတွင်းစနစ်ဖြစ်သော အဝီစိတွင်းများ တူးဖော်မည်ဖြစ်ပြီး လျှပ်စစ်မီး အတွက် တည်ဆောက်မှုပြီးစီးပြီဖြစ်ကြောင်း၊ စီမံကိန်းကာလကို ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်ခဲ့ပြီး စီမံချက်ကာလမှာ တစ်နှစ်ဖြစ်ကြောင်း၊ ကျန်စစ်မင်းအိမ်ရာတွင်တိုက်ခန်းပေါင်း ၇၁ လုံး တည်ဆောက်လျက်ရှိရာ ငါးလွှာတိုက်ခန်းတို့တွင် လေးခန်းတွဲ ၂၇ လုံး၊ ခြောက်ခန်းတွဲ ၁၅ လုံး၊ ရှစ်ခန်းတွဲ ၁၉ လုံး၊ ၁၂ ခန်းတွဲ ရှစ်လုံးနှင့် တိုးမြှင့်ဆောက်လုပ်နေသော ၁၂ ခန်းတွဲ နှစ်လုံးတို့ဖြင့် စုစုပေါင်း ၇၁ လုံးတည်ဆောက်နေကြောင်း မြို့ပြ နှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ကျန်စစ်မင်းအိမ်ရာ တည်ဆောက်ရေးစီမံကိန်းမှ QC ဖြစ်သော ကိုသန်းဦးက ပြောသည်။

**သတင်း-သန်းထိုက်(လှိုင်သာယာ)**

**ဓာတ်ပုံ-သန်းစိုး**

# ဆေးဝါးမှတ်ပုံတင်ပါသောဆေးများကိုသာ စိတ်ချစွာသုံးစွဲသင့်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ပြည်သူများအနေဖြင့် ဆေးဝါးများဝယ်ယူသောက်သုံးရာတွင် မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ အရည်အသွေးစစ်ဆေးထားသည့် အာနိသင်အာမခံချက်ရှိသော မှတ်ပုံတင်ထားရှိသည့် ဆေးဝါးအစစ်အမှန်များကိုသာစိတ်ချစွာသုံးစွဲသင့်ကြောင်း ဆေးဝါးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသီဂီဇင်က ပြောသည်။

"ကျွန်မတို့ဌာနအနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ လစဉ်ဆေးဝါးအတုတွေ ရှာဖွေစစ်ဆေးမှုပြုလုပ်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာ မှာ ပြည်သူများကို အသိပေးလိုတာကတော့ ဆေးဝါးတွေ ဝယ်ယူသုံးစွဲတဲ့နေရာမှာ ဆရာဝန်ညွှန်ကြားချက်နဲ့ မှတ်ပုံတင်ထားတဲ့ဆေးဝါးတွေကိုသာ သုံးစွဲသင့်ပါတယ်။ မှတ်ပုံတင်ထားရှိခြင်းမရှိတဲ့ဆေးဝါးတွေ သုံးစွဲမိတဲ့အတွက် ဆေးဝါးအတုတွေကြောင့် ဘေးထွက်ဆိုးကျိုးတွေဖြစ်ပွားနိုင်ပါတယ်"ဟုၡင်းက အစားအသောက်ဆေးဝါးနှင့် အလှကုန်ဘေးအန္တရာယ်ကင်းရှင်းရေးပညာပေးပြပွဲတွင် ပြောကြားသည်။

မိမိတို့ဝယ်ယူသည့်ဆေးဝါများတွင် မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ် (Myanmar Registration Number) ပါ/မပါ ကြည့်ရှုဝယ်ယူသင့်ကြောင်း၊ မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ်မှာ ဆေးဝါးများပေါ်တွင် ဂဏန်းရှစ်လုံးပါရှိပြီး အလယ်တွင် A သို့မဟုတ် AA သို့မဟုတ် L ဟုပါရှိကြောင်း၊ မှတ်ပုံတင်သက်တမ်းတိုးထားသည့် ဆေးဝါးများ၏ရှေ့တွင် R ဆိုသော စာလုံးကို ရှေ့ဆုံး တွင် ဖော်ပြထားကြောင်း သိရသည်။ ဥပမာအားဖြင့် မှတ်ပုံတင်ဆေးဝါးများမှာ MM Reg No.1803 AA 3418, R 1406A5423 နှင့် 1108L0152 တို့ ဖြစ်သည်။




ဆေးဝါးဌာနခွဲအနေဖြင့် ဆေးဝါးများ မှတ်ပုံတင်စိစစ်ခြင်း၊ မှတ်ပုံတင်ထုတ်ပေးခြင်း၊ မှတ်ပုံတင်သက်တမ်းတိုးခြင်း၊ အမျိုးသားဆေးဝါး ဥပဒေအရ တရားစွဲဆိုခြင်း၊ ဈေးကွက်များအတွင်းရှိ ဆေးဝါးများအား စစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်အတွင်း ဆေးဝါးမှတ်ပုံတင် စိစစ်ခြင်း ၃၃၃၆ ခု၊ မှတ်ပုံတင်ထုတ်ပေးခြင်း (အသစ်) ၁၁၄၇ ခု၊ သက်တမ်းတိုး ၁၃၀၅ ခု၊ တရားစွဲဆိုမှု ၉၂ မှုရှိကြောင်း သိရသည်။

သုံးစွဲနေသော ဆေးဝါးများသည် မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ်မရှိလျှင် သော်လည်းကောင်း၊ သုံးစွဲနေကျဆေးဝါးများ၏အရည်အသွေးကို သံသယဖြစ်လျှင်သော်လည်းကောင်း၊ ဆေးဝါးအတုဟု သံသယဖြစ်ဖွယ်ဆေးဝါးများတွေ့ရှိလျှင် သော်လည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန နေပြည်တော် ဖုန်း-၀၆၇-၄၀၃၀၇၃၊ ရန်ကုန်-ဖုန်း- ၀၁-၂၅၁၄၂၅ နှင့် မန္တလေး ဖုန်း-၀၂-၆၂၁၁၈ သို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# မိုးရာသီအမီ ပြင်ဦးလွင်မြို့ရှိသီရိပစ္စယာရေကန်သာပြုပြင်မည်

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၄**

ပြင်ဦးလွင်မြို့ သီရိပစ္စယာရေကန်သာသည် ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုး (တောင်)ရွာအတွင်း၌ တည်ရှိပြီး တစ်ဧကကျော်ကျယ်ဝန်းကာ သက်တမ်းမှာ နှစ် ၁၀၀ကျော်ရှိပြီဖြစ်ပြီး ရှေးဟောင်းရေကန်ကြီးတစ်ကန်ဖြစ်ကြောင်း သိရသည်။ အဆိုပါရေကန်ကြီးသည် ကန်ဦးဘုရား ကန်ဦးဘုန်းတော်ကြီးကျောင်း အနီးကပ်လျက်ရှိနေသောကြောင့် ကန်ဦးရေကန်ဟုသာ လူသိများခဲ့ပြီး ရှေးယခင်လူကြီးများမှည့်ခေါ်ခဲ့သော သီရိပစ္စယာရေကန်သာဟူသောအမည်မှာ တိမ်မြုပ်သွားခဲ့ရသည်။

ယင်းရေကန်သာသည် သဘာဝရေကန်ကြီးတစ်ခုဖြစ်ကာ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် တစ်ကြိမ်ရေခန်းခြောက်ခဲ့ရပြီး မိုးရာသီ မိုးအဆက်မပြတ်သည်းထန်စွာရွာသွန်းသည့်နှစ်တို့တွင် ကန်၌ရေများလျှံကာ အနီးပတ်ဝန်းကျင်ရှိ သီးနှံစိုက်ခင်းများသို့ ရေဝင်ရောက်မှုတို့ကြောင့် သီးနှံစိုက်ခင်းတို့ မကြာခဏပျက်စီးရကြောင်း သိရသည်။

ယခုအခါ သီရိပစ္စယာရေကန်ကြီးအား ကျေးရွာရှိပြည်သူများ ထည့်ဝင်ငွေကျပ်သိန်း ၁၅၀ဖြင့် မြေထိန်းအုတ်နံရံများပြုလုပ်ခြင်း၊ ကျောက်တိုင်စိုက်၊ သံဆူးကြိုးနှင့် သံဆန်ခါခတ်ခြင်းတို့ကို ယခုနှစ်မိုးရာသီအမီပြုလုပ်နေကြောင်း သိရသည်။ ယခင်မြေသားနံရံကို မြေထိန်းအုတ်နံရံတို့ ပြုလုပ်ပြင်ဆင်လိုက်ခြင်းတို့ကြောင့် မိုးရာသီ၌ ရေကြီးရေလျှံမှုတို့မှ ကာကွယ်နိုင်ခြင်း၊ ရေလိုအပ်ချိန်တွင် စိုက်ခင်းများသို့ ရေပေးဝေသုံးစွဲနိုင်ခြင်း၊ ရေကန်ကြီးနှင့်အတူ ဘေးပတ်ဝန်းကျင်ကို သန့်ရှင်းသာယာလှပလာမည်ဖြစ်ကြောင်း ရေကန်ပြုပြင်ထိန်းသိမ်းရေး ကော်မတီဝင်တစ်ဦးက ပြောသည်။

သီရိပစ္စယာရေကန်သာကြီးအား ဒေသထွက် ကျောက်ကြီးများနှင့် မြေထိန်းအုတ်နံရံစီကာ ရေဝင်ရေထွက်ပေါက်တို့ကိုလည်း စနစ်တကျပြုလုပ်ထားပြီး လုပ်ငန်းပြီးစီးမှု ၇၅ ရာခိုင်နှုန်းရှိနေပြီဖြစ်ပြီး ပြင်ဆင်မှုတို့အားလုံးပြီးဆုံးသွားပါက ပြင်ဦးလွင်မြို့တွင် သာယာလှပသော ရေကန်ကြီးတစ်ခုအဖြစ်တွေ့မြင်ကြရမည်ဖြစ်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**



## တရုတ်နှင့် မက္ကဆီကို၏ ကုန်သွယ်ရေးဆိုင်ရာ သာတူညီမျှမရှိမှုကို ထရန့်အပြစ်ဆို

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၄**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် တရုတ်နှင့် မက္ကဆီကိုနိုင်ငံများက အမေရိကန်ပြည်ထောင်စု၏ အလုပ်အကိုင်အခွင့်အလမ်းများကို ပိတ်ပင်ထားသည့်အတွက် အပြစ်တင်ပြောဆိုခဲ့ပြီး အဆိုပါနှစ်နိုင်ငံ၏ ကုန်သွယ်ရေးဆိုင်ရာအချိုးမညီမျှမှုကို အလေးအနက်ဝေဖန်ပြောကြားခဲ့သည်။

ထရန့်သည် ကြာသပတေးနေ့က အမေရိကန်၏ အဓိကစက်မှုကုန်ထုတ်လုပ်ငန်းများဆိုင်ရာ အမှုဆောင်အရာရှိချုပ်နှင့် အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးခဲ့စဉ်အတွင်း ထိုသို့ ဝေဖန်ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့အစည်းတွင် ပါဝင်လာသည့် အချိန်မှစတင်ကာ အမေရိကန်ရှိ စက်ရုံ ၇၀၀၀၀ ကို ပိတ်ပစ်ခဲ့ရကြောင်း ထရန့်က ပြောကြားခဲ့သည်။

အမေရိကန်သည် ကုန်သွယ်ရေးဆိုင်ရာကောင်းမွန်သည့် သဘောတူညီမှုမျိုးမရှိဟု ၎င်းကဆိုသည်။ ထရန့်သည် တရုတ်နိုင်ငံနှင့် မက္ကဆီကိုတို့၏ ကြီးမားသည့်ကုန်သွယ်ရေးဆိုင်ရာ လိုငွေပြမှုနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များကို အလေးအနက်ရည်ရွယ်ပြောဆိုခဲ့သည်။ သို့သော် ဂျပန်နိုင်ငံနှင့် ကုန်သွယ်ရေးရောင်းဝယ်မှုကို ရည်ညွှန်းပြောဆိုခဲ့ခြင်းမရှိကြောင်း သိရသည်။

ထရန့်သည် အမေရိကန်၏ ငွေကြေးစနစ်ကို အသိအမှတ်ပြုကြောင်းနှင့် နိုင်ငံခြားငွေလဲလှယ်မှုနှုန်းထားအပါ် ဈေးကစားနေမှုအကြောင်းအရာများကို ဝေဖန်သုံးသပ်ခဲ့သည်။ ထရန့်သည် အခြားနိုင်ငံများကိုလည်း ကုန်သွယ်ရေးဆိုင်ရာ သာတူညီမျှရှိရေးဆောင်ရွက်ရန် တိုက်တွန်းပြောကြားခဲ့သည်။ မည်သည့်နိုင်ငံများဟူ၍ အမည်တပ်ပြောဆိုခဲ့ခြင်းမရှိပေ။

အမေရိကန်၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ကာ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးမည့် အစီအစဉ်များကို ကြေညာခဲ့သည့် ကုမ္ပဏီများအား ချီးမွမ်းပြောဆိုခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

## ဆီးရီးယားနိုင်ငံမြောက်ပိုင်း အသေခံဗုံးခွဲ၊ လူ ၄၀ ထက်မနည်းသေဆုံး

**ဒမတ်စကက် ဖေဖော်ဝါရီ ၂၄**

ဆီးရီးယားနိုင်ငံမြောက်ပိုင်း အယ်လ်ဘတ်မြို့အနီးရှိ သူပုန်များအား ပစ်မှတ်ထားကာ အိုင်အက်စ်တိုက်ခိုက်ရေးသမားတစ်ဦးက ဖေဖော်ဝါရီ ၂၄ ရက်က အသေခံ ဗုံးခွဲတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ လူ ၄၀ ထက်မနည်း သေဆုံးခဲ့ကြောင်း စောင့်ကြည့်ရေးအဖွဲ့က သတင်းထုတ် ပြန်ခဲ့သည်။

အသေခံ ဗုံးပေါက်ကွဲမှုသည် အယ်လ်ဘတ်မြို့ အနောက်ဘက်ရှိ ဆူစီယန်မြို့တွင် ဖြစ်ပွားခဲ့ပြီး တူရကီကျောထောက်နောက်ခံသူပုန်အဖွဲ့အား ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမြို့အား တူရကီစစ်တပ်နှင့် မိတ်ဖက် ဆီးရီးယားသူပုန်များက ဖေဖော်ဝါရီ ၂၃ ရက်က အိုင်အက်စ်များလက်မှ ပြန်လည်သိမ်းယူခဲ့ခြင်းကြောင့် ယခုလို ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း အိုင်အက်စ်အဖွဲ့က အစောပိုင်းတွင် ကြေညာခဲ့သည်။

ဗြိတိန်အခြေစိုက် စစ်ရေးထိန်းချုပ်မှုလုပ်ဆောင်နေသည့် ဆီးရီးယားလူ့အခွင့်အရေး လေ့လာစောင့်ကြည့်မှုအဖွဲ့က ဗုံးခွဲတိုက်ခိုက်မှုအတွင်းလူ ၄၂ ဦး သေဆုံးခဲ့သည်ဟု ပြောကြားခဲ့သည်။

သို့သော် ရိုက်တာနှင့်ဆက်သွယ်ပြောကြားခဲ့သည့် သူပုန်နှစ်ဦးက သေဆုံးသူအရေအတွက်မှာ ၄၀ သာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကာ့ဒ်တိုက်ခိုက်ရေးအဖွဲ့ဦးဆောင်သည့် စစ်သွေးကြွများအဖွဲ့နှင့် အမေရိကန်က ကျောထောက်နောက်ခံပြုထားသည့် အဖွဲ့နှစ်ဖက်လုံးက ဆီးရီးယားမြောက်ပိုင်းရှိ အိုင်အက်စ်အဖွဲ့အား တိုက်ခိုက်ချေမှုန်းနေဆဲဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**



## မလေးရှားလေဆိပ်၌ သေဆုံးခဲ့သည့် မြောက်ကိုရီးယားနိုင်ငံသားမှာ ဗွီအိတ်အဆိပ်ဓာတ်ငွေ့ကြောင့် သေဆုံးခြင်းဖြစ်သည်ဟုဆို

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၄**

မလေးရှားနိုင်ငံ လေဆိပ်၌ သေဆုံးခဲ့သည့် မြောက်ကိုရီးယားနိုင်ငံသားမှာ ဓာတုလက်နက်ကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု ခွဲစိတ်မှုမှတွေ့ရှိရကြောင်း မလေးရှားနိုင်ငံ ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၂၄ ရက်က ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသား၏ ခန္ဓာကိုယ်ထဲတွင် လူကိုသေစေနိုင်ပြီး အာရုံကြောကို ထိခိုက်စေသည့် အဆိပ်ဓာတ်ငွေ့ဗွီအိတ်အား တွေ့ရှိခဲ့ကြောင်း၊ ယင်းအဆိပ်ဓာတ်ငွေ့သည် မလေးရှားနိုင်ငံတွင် တားမြစ်ထားသည့် ဓာတုလက်နက်ပစ္စည်းဖြစ်ကြောင်း ရဲချုပ် ခါလစ်အဘူဘက်ကာက လေဆိပ်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

ယင်းဓာတုပစ္စည်းအား မလေးရှားနိုင်ငံအတွင်းသို့ မည်သို့သွင်းယူလာသည်ကို စုံစမ်းလျက်ရှိကြောင်း ၎င်းကပြောသည်။ အာရုံကြောကို ထိခိုက်စေပြီး အသက်သေဆုံးစေနိုင်သော ဗွီအိတ်အဆိပ်ဓာတ်ငွေ့အား သေဆုံးသူအမျိုးသား၏ မျက်စိအမြှေးပါးနှင့် မျက်နှာပေါ်တို့တွင် တွေ့ရှိခဲ့ကြောင်း လေ့လာဆန်းစစ်မှုတစ်ခုတွင် ခါလစ်က ပြောခဲ့သည်။

ထိုမြောက်ကိုရီးယား နိုင်ငံသားသည် ဖေဖော်ဝါရီ ၁၃ ရက်က မလေးရှားလေဆိပ်တွင် လုပ်ကြံခံရပြီးနောက် ဆေးရုံသို့ သွားရာလမ်းတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။

သံရုံး စာရွက်စာတမ်းများအရ အဆိုပါအမျိုးသားသည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏ အဖေတူအမေကွဲအစ်ကို ကင်ဂျုံနမ်ဖြစ်ကြောင်း မလေးရှားဒုတိယဝန်ကြီးချုပ်က ပြောကြားခဲ့သော်လည်း ထိုအချက်ကို မလေးရှားနိုင်ငံဆိုင်ရာ မြောက်ကိုရီးယားသံအမတ်က ငြင်းဆိုထားကြောင်း သိရသည်။ **(ရိုက်တာ)**




## ဒူတာတေး၏ မူးယစ်တိုက်ဖျက်သော စစ်ဆင်ရေးကို ဆန့်ကျင်သည့် ဆီးနိတ်လွှတ်တော်အမတ်ကို ဖမ်းဆီး

**မနီလာ ဖေဖော်ဝါရီ ၂၄**

ဖိလစ်ပိုင်သမ္မတဒူတာတေး၏ မူးယစ်ဆန့်ကျင်သော စစ်ဆင်ရေးကို အပြင်းအထန် ကန့်ကွက်ဝေဖန်သူဖြစ်သည့် ဖိလစ်ပိုင် ဆီးနိတ်လွှတ်တော်အမတ်လိုင်လာဒီလီမာအား သောကြာနေ့တွင် ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ဖမ်းဆီးအရေးယူလိုက်ကြောင်း သိရသည်။

ခါးသီးစရာ လုပ်ရပ်တစ်ခုအဖြစ် ဒီလီမာက တင်စားပြောဆိုခဲ့သည့် မူးယစ်ဆန့်ကျင်သည့် စစ်ဆင်သတ်ဖြတ်မှုများကို အပြင်းအထန် ဝေဖန်ရှုတ်ချခဲ့သည့်အတွက် ၎င်းအား ဖမ်းဆီးလိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။ ပြီးခဲ့သည့် အင်္ဂါနေ့က ဒီလီမာသည် ဒူတာတေးအား ဒုစရိုက်စိတ်ထားရှိပြီး ဟုတ်တိပတ်တိ ရည်ရွယ်ချက်မရှိဘဲ လူများအား အဆက်မပြတ်သတ်ဖြတ်နေသူတစ်ဦးအဖြစ် ပြောဆိုခဲ့သည်။

ဒီလီမာသည် ပြီးခဲ့သည့်နှစ်က သမ္မတဒူတာတေး၏ မူးယစ်ဆန့်ကျင်စစ်ဆင်ရေးအတွင်း လိုအပ်သည်ထက်ပို၍ အစုလိုက်အပြုံလိုက်သတ်ဖြတ်နေမှုများအဖြစ် စွပ်စွဲကာ ဆီးနိတ်လွှတ်တော်က စုံစမ်းစစ်ဆေးမှုပြုလုပ်စေရန် ဦးဆောင်ခဲ့သည်။ ယခုဖမ်းဆီးမှုသည်အာဏာရှင်သဖွယ် ပြုမူနေသည့် သမ္မတအား ဝေဖန်ပြောဆိုသည့်အတွက် လက်စားချေတုံ့ပြန်မှုဖြစ်သည်ဟု ပြောကြားခဲ့သည်။

ဒီလီမာအား ဥပဒေအရ တာဝန်ရှိသူများက လူစုလူဝေးဖြင့်ခေါ်ဆောင်လာခြင်းမပြုမီတွင် ၎င်းက အချိန်တန်လျှင် အမှန်တရားပေါ်ပေါက်လာလိမ့်မည်ဖြစ်ကြောင်း ဆီးနိတ်လွှတ်တော်ရုံးအပြင်ဘက်၌ သတင်းထောက်များကို ပြောကြားခဲ့သည်။ **(ရိုက်တာ)**




## ပီရူးတွင် ယာဉ်သုံးစီးဆင့်တိုက်၊ လူ ၁၅ ဦးထက်မနည်းသေဆုံး

**လီမာ ဖေဖော်ဝါရီ ၂၄**

ပီရူးအနောက်မြောက်ပိုင်း လလီဘာတက်ဒေသတွင် ယမန်နေ့က ယာဉ်သုံးစီးဆင့်တိုက်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၁၅ ဦး သေဆုံးခဲ့ပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်တွင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

သေဆုံးသူ ခရီးသွားများမှာ မီးလောင်ကျွမ်း သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီနီဘတ်စ်ကားတစ်စီး၊ စာသင်ကျောင်းသို့ အစားအစာများသွားပို့သည့် နောက်တွဲယာဉ်တစ်စီးနှင့် မော်တော်ဆိုင်ကယ်တစ်စီးတို့ သုံးစီးဆင့်တိုက်မိခြင်းဖြစ်ကြောင်း ပီရူးအဝေးပြေးရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် သေဆုံးသူများ၏ရုပ်အလောင်းများလည်း အဝေးပြေးလမ်းမပေါ်တွင် ပြန့်ကျဲနေခဲ့ကြောင်း၊ မီနီဘတ်စ်အတွင်း၌ မီးလောင်ကျွမ်းနေသည့် ရုပ်အလောင်းများနှင့် အဝေးပြေးလမ်းပေါ်တွင် သေဆုံးနေသည့် ရုပ်အလောင်းများလည်း ရှိကြောင်း ဒေသဆိုင်ရာ ရဲချုပ်လော်ရန်ဇိုဂရာနာဒိုက ပြောခဲ့သည်။ ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

❐ ရှေ့ဖုံးမှ

ဝက်သက်ရောဂါ မဖြစ်ပွားစေရေးအတွက် အဓိက ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းအဖြစ် အသက် ၉ လနဲ့ အသက် ၁၈ လ ကလေးငယ်တွေကို ကာကွယ်ဆေးထိုးနှံပေးခြင်းကြောင့် ယခင် ၁၉၈၈ ခုနှစ်မှာ ဝက်သက်ရောဂါ ၁၆၃၆၈ ဦး ဖြစ်ပွားခဲ့ပြီး ၁၈၉ ဦး သေဆုံးခဲ့ရာက ၂၀၁၆ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးအနေနဲ့ ဝက်သက်ရောဂါဖြစ်ပွားသူ ၃၀၃ ဦး၊ သေဆုံးသူ ၂၁ ဦးအထိ လျှော့ချနိုင်ခဲ့ပါတယ်။

ဝက်သက်ရောဂါရဲ့ ထူးခြားချက်ကတော့ (၄)နှစ်ကနေ (၅)နှစ်အတွင်း တစ်ကြိမ် ရောဂါကာကွယ်နိုင်မှုနည်းပါးတဲ့ လူဦးရေ စုပုံလာတဲ့အတွက် ဖြစ်ပွားမှုနှုန်းမြင့်မားတာကို တွေ့ရှိရပါတယ်။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ လလယ်အထိ ဝက်သက်ရောဂါဖြစ်ပွားသူ ၁၇၄ ဦး ရှိခဲ့ပြီး အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်ဖြစ်တဲ့ လှိုင်သာယာ၊ တွံတေး၊ အင်းစိန်၊ ကြည့်မြင်တိုင်နဲ့ သာကေတမြို့နယ်တို့မှာ အစုလိုက်ကပ်ရောဂါအသွင် ဖြစ်ပွားခဲ့ပါတယ်။ အဲဒီငါးမြို့နယ်အတွင်းက အသက် ၉ လမှ ၁၅ နှစ်အရွယ် ကလေးငယ် သုံးသိန်းကျော် အတိအကျအနေနဲ့ ကလေးငယ် ၃၀၃၀၀၉ ဦး ဝက်သက်ရောဂါကာကွယ်ဆေးကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်က ၂၀ ရက်အထိ ထိုးနှံပေးနိုင်ခဲ့တဲ့အတွက် လွှမ်းခြုံမှုရာခိုင်နှုန်း ၉၁ ဒသမ ၅ ရာခိုင်နှုန်းရှိလာပါတယ်။

ဝက်သက်ရောဂါနဲ့ပတ်သက်ပြီး ပြည်သူလူထုအတွင်း ပိုမိုသိရှိနိုင်ရေးအတွက် ရုပ်မြင်သံကြား၊ မီဒီယာ၊ သတင်းစာ၊ Myanmar CDC စာမျက်နှာတို့မှာ ကျန်းမာရေးပညာပေး လုပ်ငန်းတွေကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ ဆေးရုံတွေနဲ့ ကျန်းမာရေးဌာနတွေမှာ ဝက်သက်ရောဂါအဖြစ် သံသယလူနာတွေကို စနစ်တကျကုသနိုင်ရေးအတွက် ရောဂါစောင့်ကြပ်ကြည့်ရှုရေးနဲ့ ရောဂါကုသရေးတို့အတွက် လုပ်ငန်းလမ်းညွှန်ချက်တွေကို စနစ်တကျ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

ဒါ့အပြင် ဝက်သက်ရောဂါအပါအဝင် ကာကွယ်ဆေးနဲ့ ကာကွယ်လို့ရတဲ့ ရောဂါတွေ ဖြစ်ပွားမှုလျော့နည်းကျဆင်းစေဖို့အတွက် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်း တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေ၊ ပြည်သူလူထုနဲ့ မိတ်ဖက်အဖွဲ့အစည်းတွေကို အသိပေးဆွေးနွေးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ကာကွယ်ဆေးထိုးလုပ်ငန်း

**မြန်မာနိုင်ငံအနေနဲ့ ၂၀၂၀ ပြည့်နှစ်မှာ ဝက်သက်ရောဂါ ကင်းစင်စေဖို့အတွက် နည်းဗျူဟာ (၄)ရပ် ချမှတ်ထားပါတယ်။ ဒါတွေက ပုံမှန်ကာကွယ်ဆေးထိုး လုပ်ငန်းတွေကို မြို့နယ်တိုင်းမှာ ဝက်သက်ရောဂါ ကာကွယ်ဆေး လွှမ်းခြုံမှု ၉၅ ရာခိုင်နှုန်းနှင့်အထက် ရရှိစေရန် ဆောင်ရွက်**



ဒေါက်တာ သန်းထွန်းအောင်
ဒုတိယညွှန်ကြားရေးမှူးချုပ်(သဘာဝဘေး/ကူးစက်)

နဲ့ပတ်သက်တဲ့ ပညာပေးအငြိမ့်ရိုက်ကူးပြီး ပြည်သူလူထုကို ကျန်းမာရေးပညာပေးဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ဝက်သက်ရောဂါ ကင်းစင်ဖို့အတွက် ဘယ်လို နည်းဗျူဟာတွေ ချမှတ်ဆောင်ရွက်နေပါသလဲခင်ဗျား။**

ဖြေ ။ မြန်မာနိုင်ငံအနေနဲ့ ၂၀၂၀ ပြည့်နှစ်မှာ ဝက်သက်ရောဂါ ကင်းစင်စေဖို့အတွက် နည်းဗျူဟာ (၄) ရပ် ချမှတ်ထားပါတယ်။ ဒါတွေက ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွေကို မြို့နယ်တိုင်းမှာ ဝက်သက်ရောဂါကာကွယ်ဆေးလွှမ်းခြုံမှု ၉၅ ရာခိုင်နှုန်းနှင့် အထက်ရရှိစေရန် ဆောင်ရွက်ခြင်း၊ ဝက်သက်ရောဂါသံသယ(ဖျား၍အနီစက်ထွက်ခြင်း) ဖြစ်ပွားရင် စောစီးစွာသိရှိပြီး သတင်းပေးပို့ခြင်း၊ ဓာတ်ခွဲစစ်ဆေးအတည်ပြုခြင်း၊ ဝက်သက်ရောဂါကပ်ရောဂါအသွင် ဖြစ်ပွားရင် အမြန်ထိန်းချုပ်ဆောင်ရွက်ခြင်း၊ ဝက်သက်ရောဂါ ဖြစ်ပွားတဲ့လူနာကို နောက်ဆက်တွဲ ဆိုးကျိုးတွေ ဆက်လက်မဖြစ်ပွားစေဖို့ ဗီတာမင်(အေ) တိုက်ကျွေးခြင်းအပါအဝင် ပြည့်စုံစွာ စီမံခန့်ခွဲခြင်း၊ အခါအားလျော်စွာ အစုလိုက်ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ပုံမှန်အားဖြင့် အစုလိုက်ကာကွယ်ဆေးထိုးလုပ်ငန်းကို (၃)နှစ်မှ (၄)နှစ်ခြား တစ်ကြိမ်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

**ဒေါက်တာဉာဏ်ဝင်းမြင့်**
**ဒုတိယညွှန်ကြားရေးမှူး(ကူးစက်)**

**မေး။ ကမ္ဘာပေါ်မှာ ဝက်သက်ရောဂါ ဖြစ်ပွားမှုအခြေအနေကိုလည်း သိပါရစေဆရာ။**

ဖြေ ။ ဝက်သက်ရောဂါကာကွယ်ဆေး ကျယ်ကျယ်ပြန့်ပြန့် မထိုးနှံမီက နှစ်စဉ်ကမ္ဘာပေါ်မှာ ဝက်သက်ရောဂါကြောင့် ကလေး ၂ ဒသမ ၆ သန်းခန့် အသက်ဆုံးရှုံးခဲ့တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ထုတ်ပြန်ချက်တွေအရ သိရှိရပါတယ်။

ဝက်သက်ရောဂါ ကာကွယ်ဆေးကြောင့် ဝက်သက်ရောဂါနဲ့ သေဆုံးမှုက ကမ္ဘာတစ်ဝန်းလုံးအနေနဲ့ ၂၀၀၀ ပြည့်နှစ်မှာ ၆၅၁၆၀၀ ခန့်သေဆုံးခဲ့ပြီး ၂၀၁၅ ခုနှစ်မှာ ၁၃၄၂၀၀ ခန့်အထိ သေဆုံးမှုကို လျှော့ချနိုင်ခဲ့ပါတယ်။ ဝက်သက်ရောဂါကာကွယ်ဆေးကြောင့် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ကလေးငယ် ၂၀ ဒသမ ၃ သန်းရဲ့ အသက်ကို ကာကွယ်နိုင်ခဲ့တဲ့အတွက် ကလေးငယ်တိုင်း ကာကွယ်ဆေးထိုးနှံဖို့ အရေးကြီးပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း ၂၀၂၀ ပြည့်နှစ်မှာ ဝက်သက်ရောဂါ ကင်းစင်စေဖို့ ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိရာမှာ မြန်မာနိုင်ငံအနေနဲ့လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုနဲ့အညီ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ဝက်သက်ရောဂါရဲ့ရောဂါလက္ခဏာနဲ့ ကူးစက်ဖြစ်ပွားမှုကိုလည်း သိပါရစေ။**

ဖြေ ။ ဝက်သက်ရောဂါဟာ ဝက်သက်ဗိုင်းရပ်စ်ပိုး ကူးစက်ခံရမှုကြောင့် ဖြစ်ပွားခြင်းဖြစ်ပါတယ်။ ဝက်သက်ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် မထိုးနှံထားရင် အသက်အရွယ်မရွေး ရောဂါကူးစက်ဖြစ်ပွားနိုင်ပါတယ်။ အလွန်ကူးစက်လွယ်ပြီး ကပ်ရောဂါအသွင် ဖြစ်ပွားနိုင်ပါတယ်။ ဝက်သက်ရောဂါရဲ့ရောဂါလက္ခဏာတွေအဖြစ် ဖျားခြင်း၊ ခန္ဓာကိုယ်အနှံ့အပြားမှာ အနီစက်၊ အနီရောင် အဖုအပိမ့်တွေ ထွက်ပေါ်ခြင်း၊ချောင်းဆိုးခြင်း၊ နှာရည်ယိုခြင်းနဲ့ မျက်လုံးနီပြီး မျက်ဝတ်ထွက်ခြင်းတို့ ဖြစ်ပါတယ်။

ဝက်သက်ရောဂါရဲ့ နောက်ဆက်တွဲ လက္ခဏာတွေအဖြစ် အဆုတ်ရောင်ခြင်း(နမိုးနီးယား)၊ ဝမ်းလျှောဝမ်းပျက်ဖြစ်ပွားခြင်း၊ ဦးနှောက်ရောင်ရမ်းခြင်း စတဲ့နောက်ဆက်တွဲ ရောဂါတွေ ဖြစ်ပွားတတ်ပြီး အသက်သေဆုံးနိုင်ပါတယ်။

ဝက်သက်ရောဂါက လူတစ်ဦးမှ တစ်ဦး ကူးစက်ဖြစ်ပွားမှုအနေနဲ့ ချောင်းဆိုးခြင်း၊ နှာချေခြင်းကတစ်ဆင့် အဓိက ကူးစက်တတ်ပြီး၊ နှာခေါင်းနဲ့ လည်ချောင်းတို့မှ ထွက်ရှိတဲ့ အရည်များကို ထိတွေ့မိခြင်း၊ လူနာနဲ့ အနီးကပ်ထိတွေ့ နေထိုင်ခြင်းတို့ကတစ်ဆင့် ကူးစက်ပြန့်ပွားနိုင်ပါတယ်။

**ဒေါက်တာထားထားလင်း**
**ဒုတိယညွှန်ကြားရေးမှူး(တိုးချဲ့ကာကွယ်ဆေး)**

**မေး။ ဝက်သက်ရောဂါမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကိုလည်း သိပါရစေ။**

ဖြေ ။ ဝက်သက်ရောဂါ မဖြစ်ပွားစေဖို့အတွက် အဓိကအနေနဲ့ ကာကွယ်ဆေးနဲ့ ကာကွယ်နိုင်တဲ့အတွက် ပြည်သူလူထုအနေနဲ့ မိမိတို့ရဲ့ရင်သွေးငယ်တွေ ဝက်သက်ရောဂါမဖြစ်ပွားစေဖို့ ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်အရ ကလေးအသက် ၉ လမှာ ဝက်သက်ဂျိုက်သိုးရောဂါကာကွယ်ဆေးနဲ့ အသက် ၁၈ လမှာ ဝက်သက်ရောဂါကာကွယ်ဆေးတို့ကို မပျက်မကွက် ထိုးနှံဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဒါ့အပြင် မိမိအနီးပတ်ဝန်းကျင်မှာ ဝက်သက်ရောဂါ လူနာတွေရှိပါက ကျန်းမာရေး ဌာနကဆောင်ရွက်တဲ့ တုံ့ပြန်ကာကွယ်ဆေးထိုး လုပ်ငန်းတွေ၊ အစုလိုက်ကာကွယ် ဆေးထိုးလုပ်ငန်းတွေ ဆောင်ရွက်ရင် မပျက်မကွက်သွားရောက် ထိုးနှံဖို့လိုအပ်မှာဖြစ်ပါတယ်။ မိမိရပ်ရွာအတွင်း ဝက်သက်ကာကွယ်ဆေးထိုးနှံထားခြင်းမရှိတဲ့ အသက် ၅ နှစ်အောက် ကလေးတွေကို တွေ့ရှိပါက ပုံမှန်ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ထိုးနှံနိုင်ရန် အသိပေးတိုက်တွန်းဖို့လိုအပ်ပါတယ်။

ဝက်သက်ရောဂါ သံသယလက္ခဏာများ ဖြစ်ပွားလာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့ပြီး ထိရောက်တဲ့ ဆေးကုသမှုခံယူမှသာ မိမိပတ်ဝန်းကျင်မှာရှိတဲ့ အခြားသူတွေကို ကူးစက်မှုမှ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ ရောဂါဖြစ်ပွားနေတဲ့ ကလေးကို အခြားကလေးတွေနဲ့ ၁၄ ရက်အထိ သီးခြားခွဲထားဖို့ လိုအပ်မှာဖြစ်ပါတယ်။

**ဒေါက်တာသန်းထွန်းအောင်**
**ဒုတိယညွှန်ကြားရေးမှူးချုပ် (သဘာဝဘေး/ကူးစက်)**

**မေး ။ ဝက်သက်ရောဂါ ဖြစ်ပွားသူတွေကို ဆေးဝါးကုသရေးနဲ့ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးပေးပါဆရာ။**

ဖြေ ။ ဝက်သက်ရောဂါဟာ နောက်ဆက်တွဲ ရောဂါလက္ခဏာတွေဖြစ်တဲ့ အဆုတ်ရောင်ခြင်း (နမိုးနီးယား)၊ ဝမ်းလျှောဝမ်းပျက်ဖြစ်ပွားခြင်း၊ ဦးနှောက်ရောင်ရမ်းခြင်း စတဲ့ နောက်ဆက်တွဲရောဂါတွေ ဖြစ်ပွားတတ်ပြီး အသက်သေဆုံးနိုင်တဲ့အတွက် ကျွမ်းကျင်တဲ့ ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပြသပြီး ကျန်းမာရေးစောင့်ရှောက်မှုခံယူဖို့ အင်မတန်အရေးကြီးပါတယ်။

ဝက်သက်ရောဂါ ဖြစ်ပွားသူတွေကို Vitamin A ဆေးတိုက်ကျွေးခြင်း၊ အပြင်းဖျားနေတဲ့ ကလေးကို သတိလစ်ပြီး တက်မသွားစေဖို့အတွက် အဖျားဒီဂရီ ၁၀၃ အထက်ရှိရင် ရေခဲရည်နဲ့ တစ်ကိုယ်လုံးရေပတ်တိုက်ပေးခြင်း၊ ကောင်းစွာအနားယူခြင်း၊ ဆရာဝန်ညွှန်ကြားချက်အတိုင်း လိုက်နာခြင်း၊ ရောဂါပြင်းထန်တဲ့ ကလေးများအား ဆေးရုံတက်ရောက်ကုသခြင်းတို့ ဆောင်ရွက်ဖို့လိုအပ်မှာဖြစ်တဲ့အတွက် မိဘများအနေနဲ့ မိမိတို့ရဲ့ ကလေးတွေကို အထက်ပါအတိုင်း ဆောင်ရွက်ဖို့ တိုက်တွန်းအပ်ပါတယ်။

**မေး ။ ဝက်သက်ရောဂါ ကာကွယ်ရေးနဲ့ တုံ့ပြန်ရေးတွေမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ယခင်က ထူးထူးခြားခြားဆောင်ရွက်ခဲ့တာရှိရင်လည်း ဆွေးနွေးပေးပါဆရာ။**

ဖြေ ။ ဝက်သက်ရောဂါရဲ့ထူးခြားချက်က ကာကွယ်ဆေးမထိုးလိုက်ရဘဲ လွတ်သွားတဲ့ ကလေးတွေ နှစ်စဉ်များပြားလာရင် ဝက်သက်ရောဂါကပ်အသွင် ဖြစ်ပွားမှုတွေရှိလာတဲ့အတွက် ၃ နှစ်မှ ၄ နှစ်အတွင်း တစ်ကြိမ် အစုလိုက်ကာကွယ်ဆေးထိုးလုပ်ငန်းအဖြစ် ၂၀၁၂ ခုနှစ် မတ်လအတွင်းမှာ နိုင်ငံတစ်ဝန်းမှာရှိတဲ့ အသက် ကိုးလအရွယ်မှ ငါးနှစ်အထိ ကလေးဦးရေ ခြောက်သိန်းလေးသောင်းကျော်ကို တစ်ချိန်တည်းတစ်ပြိုင်တည်း အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးမှုတွေကို ဆောင်ရွက်ခဲ့တဲ့အတွက် လွှမ်းခြုံမှုရာခိုင်နှုန်း ၉၇ ရာခိုင်နှုန်းရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံမှာ ၂၀၁၅ ခုနှစ်မှာ ဝက်သက်ကင်းစင်တဲ့ နိုင်ငံဖြစ်ဖို့အတွက် ပြည်သူ့ကျန်းမာရေးလှုပ်ရှားမှု တစ်ခုအဖြစ် ကျန်းမာရေးဝန်ကြီးဌာနက တစ်ချိန်တည်းတစ်ပြိုင်တည်းမှာ နိုင်ငံတစ်ဝန်းမှာရှိတဲ့ အသက် ၉ လမှ ၁၅ နှစ်အထိ ကလေးတစ်သန်းလေးသိန်းခန့်ကို အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးမှုတွေကို ပြုလုပ်နိုင်ခဲ့တဲ့အတွက် လွှမ်းခြုံမှုရာခိုင်နှုန်း ၉၄ ရာခိုင်နှုန်းရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။

၂၀၁၆ ခုနှစ် ဇွန်လဆန်းမှာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ လဟယ်မြို့နယ်မှာ ဖြစ်ပွားခဲ့တဲ့ ဝက်သက်ရောဂါဖြစ်ပွားမှုကိုလည်း အောင်မြင်စွာထိန်းချုပ်နိုင်ခဲ့ပြီး တုံ့ပြန်ကာကွယ်ဆေးထိုးလုပ်ငန်းအပါအဝင် နာဂဒေသ ဘက်စုံကျန်းမာရေးဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲပြီး ဆောင်ရွက်ခဲ့ပါတယ်။

**မေး ။ ဖြည့်စွက်ပြောကြား လိုတာများရှိရင်လည်း ပြောကြားပေးပါဆရာ။**

ဖြေ ။ နောက်ဆုံးအနေနဲ့ ပြည်သူလူထုကို တိုက်တွန်းလိုတာက ဝက်သက်ရောဂါဟာ ကာကွယ်ဆေးနဲ့ ကာကွယ်လို့ရတဲ့ ရောဂါဖြစ်တဲ့အတွက် မိမိတို့ ရင်သွေးငယ်တွေကို အသက် ၉ လနဲ့ အသက် ၁၈ လတွေမှာ မပျက်မကွက် ထိုးနှံပေးဖို့ တိုက်တွန်းလိုပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ဝက်သက်ရောဂါနဲ့ပတ်သက်ပြီး ကျန်းမာရေးပညာပေးလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိတဲ့အတွက် ပညာပေးညွှန်ကြားချက်တွေအတိုင်း လိုက်နာဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံအနေနဲ့ ၂၀၂၀ ပြည့်နှစ်မှာ ဝက်သက်ရောဂါကင်းစင်အောင် ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

# ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

၁။ တရုတ်နိုင်ငံတွင် ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလ ၂၀ ရက်အတွင်း လူ ၂၅၉ ဦးတွင် ကြက်ငှက်တုပ်ကွေး ရောဂါဗိုင်းရပ်စ်ပိုး(H7N9) ဖြစ်ပွားခဲ့ပြီး ၈၈ ဦးသေဆုံးကြောင်း သတင်းထုတ်ပြန်ထားသည်ကို သိရှိရပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုး (H7N9)သည် ကြက်နှင့်ကြက်ထွက်ပစ္စည်းများ၊ ၎င်းတို့နှင့် ထိစပ်သော ပတ်ဝန်းကျင်မှတစ်ဆင့် လူသို့ကူးစက်ခံရခြင်းဖြစ်ပါသည်။

၂။ ယခုအခါ မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုမရှိသေးသော်လည်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တရုတ်နိုင်ငံနှင့် ထိစပ် နေသည့် နယ်စပ်ဒေသများရှိ Check Point များတွင် ကြက်၊ ဘဲနှင့် ကြက်ထွက်ပစ္စည်းများတင်သွင်းမှုများကို စစ်ဆေးခြင်း၊ Epidemiological Team နှင့် Inspection Team များမှလည်း မြန်မာနိုင်ငံ နယ်စပ်ဒေသဖြစ်သည့် ရှမ်းပြည်နယ်၊ မူဆယ်သို့ ကွင်းဆင်း၍ ရောဂါစူးစမ်းလေ့လာခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၃။ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်ပွားစေရေးအတွက် ကြက်/ငုံးခြံများကို ဇီဝလုံခြုံမှုမြှင့်တင်ရန် အထူးလိုအပ်ပါသည်။ သို့ဖြစ်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဆောင်းခိုငှက်များနှင့် အိမ်မွေးကြက်၊ ငှက်၊ ဘဲနှင့်ငုံးများ ဆပ်စပ်ထိတွေ့မှုမရှိစေရေး ဂရုပြုဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲနှင့် ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်၊
(ဂ) ကြက်၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဃ) မွေးမြူရေးခြံအတွင်းသို့ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊
(င) ကြက်ငှက်များကို ကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(စ) အသား၊ ဥ တို့ကို သေချာစွာချက်ပြုတ်ပြီးမှ စားသုံးရန်၊
(ဆ) ကြက်ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဇ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# (၂၁)ရာစုပင်လုံအား လူ့အခွင့်အရေးကော်မရှင်က ထောက်ခံ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအား ကြိုဆိုထောက်ခံကြောင်း မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ယင်းထုတ်ပြန်ချက်တွင် ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကျင်းပလျက်ရှိကြကြောင်း။

၎င်းညီလာခံကြီးတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (၈) ဖွဲ့အပြင် NCA လက်မှတ်ရေးထိုးခြင်းမပြုရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများပါ ပါဝင်တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)နှင့် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီး၏ အားတက်သရောကြိုးပမ်းအားထုတ်မှုများကို ကော်မရှင်က ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ကြိုဆိုထောက်ခံအပ်ပါကြောင်း။

ညီလာခံကြီးကို အောင်မြင်စွာကျင်းပနိုင်ခြင်းဖြင့် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသည့် ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးကို ရရှိဖော်ဆောင်ရာတွင် များစွာအထောက်အကူဖြစ်မည်ဟု မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ယုံကြည်ပါသည်ဟု ဖော်ပြအပ်ပါကြောင်း ပါရှိသည်။ **(သတင်းစဉ်)**



# ဆွီဒင်နိုင်ငံ လွှတ်တော် ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ဆွီဒင်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Urban Ahlin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာသည်။

ဧည့်သည်တော် ဆွီဒင်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌနှင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဓာတ်ပုံ)**

**(သတင်းစဉ်)**

## အားကစားနှင့် ကာယသိပ္ပံ(ရန်ကုန်)ရှိ တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုကြမည့်သူများအား အားဆေးနှင့် အာဟာရကျွေးမွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား အင်အားဖြည့်အားဆေးနှင့် အာဟာရ ကျွေးမွေးခြင်းအခမ်းအနားကို ယနေ့ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီးတာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်း အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းရှိ စားရိပ်သာခန်းမ၌ ကျင်းပရာ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဇနီး ဒေါ်နန်းအေးခိုင်၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေးနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော အလှူရှင်များ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ဇနီး ဒေါ်နန်းအေးခိုင်နှင့် မြန်မာနိုင်ငံ အမျိုးသမီး အားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေး တို့က အားပေးစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်လေးနှင့် အမှုဆောင်များက တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူ ၁၉၈ ဦးအတွက် အင်အားဖြည့် အားဆေး Vita Home အားဆေးတို့ကို ပေးအပ်လှူဒါန်း၍လည်းကောင်း၊ Giant Wave Co.,Ltd မှ ဒါရိုက်တာ ဒေါ်နန်းမျိုးမြင့်မေတို့က ငွေကျပ် ၄၀ ၂၆၀၀ တန်ဖိုးရှိ Protein အာဟာရမှုန့်များကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ **(သတင်းစဉ်)**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **(မိုး/ဇလ)**

## ထိုင်းနိုင်ငံရှိ ဓမ္မကာယကျောင်းတော်ကြီးအား အင်အားသုံးဖြိုခွင်းခြင်း မပြုလုပ်ရန် မေတ္တာရပ်ခံ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဓမ္မကာယ ကျောင်းတော်ကြီးအား အင်အားသုံး ဖြိုခွင်းခြင်း မပြုလုပ်ရန် မေတ္တာရပ်ခံ ဆုတောင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးရှေ့၌ ပြုလုပ်ကြသည်။

အဆိုပါ မေတ္တာရပ်ခံဆုတောင်းပွဲ အဖြစ် ယနေ့မွန်းတည့် ၁၂ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးရှေ့၌ အမျိုးသားရေးနှင့် ဘာသာရေးလှုပ်ရှားသော ရဟန်းသံဃာတော်များနှင့် လူပုဂ္ဂိုလ်များက "ထိုင်းဘုရင်ကြီးနှင့်တကွ ရဟန်းရှင်လူပြည်သူများ ကျန်းမာပါစေ၊ ချမ်းသာပါစေ"၊ "ဓမ္မကာယ သံဃာတော်များနှင့် လူပုဂ္ဂိုလ်များ အကြမ်းဖက်ဘေးမှဝေးပါစေ"၊ "ဗုဒ္ဓသာသနာနှင့် ဓမ္မကာယကျောင်းတော်ကြီးခိုင်မြဲပါစေ၊ တည်တံ့ပါစေ"ဟု မြန်မာ၊ ထိုင်း၊ အင်္ဂလိပ်သုံးဘာသာတို့ဖြင့် ရေးသားထားသော ဗီနိုင်းများ ကိုင်ဆောင်ကာ ကြွေးကြော် ဆုတောင်းမှုများပြုလုပ်ကြသည်။




ငွေကြေးခဝါချမှုဖြင့် သတင်းထွက်နေသော ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဓမ္မကာယဘုန်းကြီးကျောင်း၏ ကျောင်းထိုင်ဘုန်းကြီးကို ထိုင်းရဲတပ်ဖွဲ့က ဖမ်းဆီးရန် ဖေဖော်ဝါရီ ၂၀ရက်တွင် ရှာဖွေရာ ထိုင်းဘုန်းကြီးများနှင့် ထိုင်းရဲတပ်ဖွဲ့ဝင်များ ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့မှုအပေါ် ယင်းကဲ့သို့ မေတ္တာရပ်ခံဆုတောင်းပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

## စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး

**ပြည် ဖေဖော်ဝါရီ ၂၄**

ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်းပြုလုပ်သော အသိပညာပေးဟောပြောဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀နာရီက ခရိုင်ပြန်/ဆက်ရုံး Community Centre ၌ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်ပြန်/ဆက်ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မူမူတင်က စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများနှင့် အစားအသောက်ဆိုင်ရာ ဆောင်ရန်/ရှောင်ရန်နှင့် အသိပညာဗဟုသုတများသိရှိနိုင်စေရန်ရည်ရွယ်၍ ယခုကဲ့သို့ အသိပညာပေးဟောပြောဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်ဝင်းက နိုင်ငံတော်မှစားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာဥပဒေနှင့် နည်းဥပဒေများရေးဆွဲပြဋ္ဌာန်းထားပါကြောင်း၊ ယင်းဥပဒေနှင့် နည်းဥပဒေပါအချက်အလက်များကို ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပြီး စားသုံးရန်မသင့်သော ရက်လွန်အစားအစာများအကြောင်း၊ ဓာတုဆိုးဆေးများပါဝင်သည့်အစားအစာများအကြောင်းနှင့် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေများအကြောင်းတို့ကို အသိပညာပေးဆွေးနွေးရာ တက်ရောက်လာကြသူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

### ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၂၀)၊ အကွက်အမှတ်(ဆုံကွယ်အရှေ့)ဦးပိုင်(၁၀၀)၊ ဧရိယာ ၀ဒသမ၁၄၆၊ အမှုတွဲအမှတ်(၅၃၅-၅/၂၀၀၀-၂၀၀၁)(စီ)ဖြင့် ဦးလှဌေးမှ အမည်ပေါက်ပိုင်ဆိုင်ခဲ့ရာ ဦးလှဌေး၏ဇနီး ဒေါ်ခင်ညိုမြင့်သည် နေအိမ်ပြောင်းရွှေ့ရာမှ မူရင်းဂရန် ပျောက်ဆုံးသွားပါသဖြင့် ဦးလှဌေးအမည်ဖြင့် မိတ္တူမှန်လျှောက်ထားခြင်းဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်ခင်ညိုမြင့် ၁၃/လရန(နိုင်)၀၀၈၆၈၂**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၅၁၈၃၄၊ TVS Rock 2 125, M/C ယာဉ်လက်ဝယ်ရှိသူ Moon Princess Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

### မိဘအမည်မှန်

နေပြည်တော် လယ်ဝေးမြို့နယ် အေလာမြို့ မူလွန်-မြို့သစ် သတ္တမတန်းမှ မောင်သူရမင်းထက်၏ မိဘအမည်မှန်မှာ ဦးကျော်မင်းခိုင်-ဒေါ်မြင့်မြင့်ခိုင် ဖြစ်ပါကြောင်း။

### ရောင်းမည်

မ/၃ သုဓမ္မာလမ်းမကြီးပေါ် မြေကွက်နှင့် ရန်ကုန်-ပဲခူးလမ်းမပေါ်။ (လှည်းကူး TTC)အနီး
**ဖုန်း-၀၉-၇၈၄၆၇၅၃၃၂**

### ကျယ်ဝန်းသောခြံများ သက်သာသောဈေးနှုန်းဖြင့် ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ပြင်ဦးလွင်တွင် ဈေးသက်သာစွာဖြင့် ကိုယ်ပိုင်ခြံဝင်းဖြင့် မိသားစုလိုက် အပန်းဖြေအနားယူလိုသူများ၊ အေးချမ်းစွာနေထိုင်လိုသူများအတွက် အနီးစခန်းလေယာဉ်ကွင်းရှေ့၊ ပတ်ဝန်းကျင်ဆိတ်ငြိမ်၊ ရပ်ကွက်သန့်၊ လမ်းကျယ်၊ ကတ္တရာခင်းထားပြီး၊ လမ်းအဝင်အထွက်ကောင်း၊ (80'x80') ခြံစည်းရိုးအုတ်တံတိုင်းခတ်၊ သံတံခါးတပ်ပြီး၊ မြေပြင်ညီမြေကွက်များအား တစ်ကွက်ချင်းသော်လည်းကောင်း၊ မိသားစုဆွေမျိုးများတွဲလျက်သော်လည်းကောင်း၊ အပန်းဖြေနေထိုင်နိုင်ရန်အတွက် အရှုပ်အရှင်းကင်းခြံကွက်များ အမြန်ရောင်းမည်။ ဘုန်းကြီးကျောင်း၊ ရိပ်သာဆောက်လုပ်လှူဒါန်းလိုသူများအတွက် မြေကွက်လပ် (6.5)ဧက ရောင်းမည်။

**(80'x80') တစ်ကွက်= ကျပ်သိန်း( ၆၀၀)**

၂။ မော်ဘီမြို့နယ်၊ မြို့ချောင်းလမ်းမကြီးဘေး၊ မော်ဘီအစိုးရအုတ်စက်အနီး၊ မဟာဓာတ်အားလိုင်းနှင့်နီးသည်။ အထည်ချုပ်စက်ရုံ၊ အုတ်စက်ရုံ၊ သောက်ရေသန့်စက်ရုံ၊ ဆီဆိုင်၊ ဆန်စက်၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ စက်ယန္တရား အရောင်းပြခန်းနှင့် အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများအတွက် ခြံမျက်နှာ၀ကျယ်လမ်းမကြီးဘေး၊ အချက်အချာကျနေရာကောင်း၊ ရေမီးကောင်းသည်။ မြေပြင်ညီသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းသည်။ သီးပင်စားပင်များပါရှိသည်။ ကျောင်းရိပ်သာ ဝယ်ယူလှူဒါန်းလိုသူများအတွက် အလွန်ကောင်းမွန်သောနေရာ။

**(၁၀)ဧက= ကျပ်သိန်း ၃၀၀၀၊ ဧက(၂၀)=ကျပ်သိန်း ၆၀၀၀၊**
**(၂၈)ဧက= ကျပ်သိန်း -၈၀၀၀)**

၃။ ချောင်းသာတွင် အရင်းအနှီးနည်းနည်းဖြင့် ဟိုတယ်ဖွင့်လိုသူများ၊စီးပွားရေးလုပ်ချင်သူများအတွက် စကားဝါတောင်ခြေ၊ မြေဧရိယာ(5.35)ဧက အကျယ်မြေကွက်၊ ပိုင်ရှင်အမည်ပေါက် ဟိုတယ်မြေကျပြီး၊ မျက်နှာစာနှစ်ဖက်၊မျက်နှာ၀(607')၊ အုတ်တံတိုင်းကာရံပြီး၊ မြေပြင်ညီ၊ ဘန်ဂလို(၁)လုံးပါ။

**ကျပ်သိန်း(၈၀၀၀)**

**ဆက်သွယ်ရန် ဖုန်း- 09-5178979, 09-43022828, 09-420301091,09-451146685, 09-250165519, 09-43292929**

### ဖခင်အမည်မှန်

ထီးချိုင့်မြို့နယ်၊ အထက(ခွဲ)မောင်းကုန်းရွာ ပဥ္စမတန်း(B)မှ မောင်ထက်အာကာ၏ ဖခင်အမည်မှန်မှာ ဦးစိုးကျော်ဇေယျ ၅/ထခန(နိုင်)၀၅၁၃၆၅ ဖြစ်ပါကြောင်း။ **ဦးစိုးကျော်ဇေယျ**

### ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6C/2185, Myanmar Station Wagon (MSW),S/W(4x4), ယာဉ် လက်ဝယ်ရှိသူ ဒေါ်သက်သက်ခိုင် ၁၂/သလန(နိုင်)၀၉၀၃၈၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**

### ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၆၅၄၂၉၊ Honda WAVE 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းလှိုင် ၁၂/အလန(နိုင်) ၀၃၂၈၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

# ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုအမှတ် (၁၇) ကို ဆုံးဖြတ်ချက် (အမိန့်)ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၁၂)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ဦးလှဆွေ (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)က ယင်းမဲဆန္ဒနယ်၏ လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးလွင် (အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ) ရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများမပါဝင်ပါက လျှောက်ထားသူသည်သာ ခိုင်လုံမဲအများဆုံးရရှိသူဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာပေးပါရန် ကန့်ကွက်လွှာ တင်သွင်းထားမှုကို ရွေးကောက်ပွဲကန့်ကွက်လွှာအမှု အမှတ် (၁၇/၂၀၁၅) ဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ လက်ခံခဲ့ကြောင်း သိရှိရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ခုံအဖွဲ့ဝင်များအဖြစ် ဦးကျော်သူနှင့် ဦးခင်မောင်ဝင်းတို့ပါဝင်သည့် ရွေးကောက်ပွဲ ခုံအဖွဲ့ (၄)က ကြားနာစစ်ဆေးပြီးနောက် ဖေဖော်ဝါရီ ၂၄ တွင် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၁၂)၏ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ဦးပြုံးလွင်အား ရွေးကောက်တင်မြှောက်ခြင်းသည် ပျက်ပြယ်ခြင်းမရှိ တရားဝင်အတည်ဖြစ်သည်ဟု ဆုံးဖြတ်ပြီး လျှောက်ထားသူ၏ ကန့်ကွက်လွှာကို တရားစရိတ်နှင့်တကွ ပယ်ကြောင်းနှင့် လျှောက်ထားသူ ဦးလှဆွေက တရားစရိတ်ငွေကျပ်တစ်သိန်းကို လျှောက်ထားခံရသူ ဦးပြုံးလွင်အား ပေးစေသည့် ဆုံးဖြတ်ချက် (အမိန့်)ချမှတ်ခဲ့ကြောင်း သိရသည်။

၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကန့်ကွက်လွှာတင်သွင်းခဲ့သည့် အမှုပေါင်း ၄၅ မှုရှိပြီး ဖေဖော်ဝါရီ ၂၄ ရက်အထိ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအားလုံး ကြားနာစစ်ဆေးခဲ့ပြီး ဆုံးဖြတ်ချက်(အမိန့်)များ ချမှတ်ပြီးကြောင်းနှင့် ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုအမှတ် (၁၇/၂၀၁၅)အပေါ် ချမှတ်ခဲ့သည့် ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၄(က) အရ အမိန့်ချမှတ်သည့်နေ့မှ ၁၅ ရက်အတွင်း အယူခံဝင်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမရပူရမြို့နယ် ပုဂ္ဂလိက ဓာတ်ဆီဆိုင်ဝင်းအတွင်း ဒီဇယ်လဲလှယ်ထည့်ရာမှ မီးလောင်

**အမရပူရ ဖေဖော်ဝါရီ ၂၄**

အမရပူရမြို့နယ် ယဉ်တော်ကျေးရွာအုပ်စု သိန်းထိုက်စံ ဓာတ်ဆီဆိုင်ဝင်းအတွင်း၌ ယနေ့ ညနေ ၅ နာရီ ၅ မိနစ်ခန့်က ဆိုင်မန်နေဂျာ ဦးကျော်ထူးသည် ဒီဇယ်ပီပါတစ်လုံးနှင့်တစ်လုံး လဲလှယ်ထည့်ရာမှ ပီပါချင်းတိုက်မိပြီး အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ နေရာသို့ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ မီးသတ်ရေယာဉ် ၁၀ စီးဖြင့် ဒေသခံများ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကာ ဆီပီပါ ငါးလုံးခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

မီးလောင်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖေသက်ထွန်း၊ တိုင်းမီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦး၊ ဒုဦးစီးမှူးဦးဇော်ဝင်းထွန်း၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးဝင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အေးကျော်၊ စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ ၊ သန္တေတပ်ဖွဲ့ဝင် ၃၀ နှင့် ယဉ်တော်ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဝိုင်းဝန်းကူညီရှင်းလင်း ဆောင်ရွက်ပေးခဲ့ကြကြောင်းနှင့် ဖြစ်စဉ်နှင့်ပတ်သက်၍ ဆက်လက်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ဟားခါးမြို့ ဈေးသစ်ရပ်ကွက်၌ နေအိမ်သုံးလုံးမီးလောင်၊ လူတစ်ဦးသေဆုံး

**ဟားခါး ဖေဖော်ဝါရီ ၂၄**

ဟားခါးမြို့ ဈေးသစ်ရပ်ကွက် ချယ်ရီလမ်းနှင့် အ.ထ.က(၁) ပညာရေးဝန်ထမ်းအိမ်ကြားရှိ ဦးလျန်တီလ်၏နေအိမ်၌ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၀၀ နာရီ မိနစ် ၃၀ က မီးလောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးလျန်တီလ်၏ နေအိမ်အပေါ်ထပ်၌ ငှားရမ်းနေထိုင်သူ ဦးရန်အောင်ကျော်သည် ဖယောင်းတိုင်မီးထွန်းညှိထားခဲ့ရာ မွေ့ရာပေါ်သို့ ကူးစက်လောင်ကျွမ်းရာမှ မီးစတင်လောင်ကျွမ်းခဲ့ကာ မီးလောင်ကျွမ်းသည့်အိမ်၏ တောင်ဘက်ဘေးကပ်လျက်ရှိ ဒေါ်နီဟီးယား၏ နေအိမ်တစ်လုံး၊ အရှေ့ဘက်မျက်နှာချင်းဆိုင်ရှိ ဦးဟရဲဘီလ်၏ နေအိမ်တစ်လုံး ကူးစက်လောင်ကျွမ်းခဲ့ပြီး အိမ်ငှား ဦးရန်အောင်ကျော်မှာ သေဆုံးခဲ့ကြောင်း သိရသည်။

ယင်းမီးလောင်ရာသို့ မြို့နယ်ခေတ္တအုပ်ချုပ်ရေးမှူး ဦးချန်မျိုးထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့ရဲမှူးကြည်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစာရုံမန်း၊ ဈေးသစ်ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများ၊ မီးသတ်တပ်ဖွဲ့ဝင် ၃၀ ဦးတို့က မီးသတ်ယာဉ်ခြောက်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြရာ ၀၀ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် မီးဘေးသင့်မိသားစုဝင် အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၂၅ ဦးအား တာဝန်ရှိသူများက နီးစပ်ရာဆွေမျိုးများနေအိမ်၌ နေရာချထားပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မူဆယ်ခရိုင်နမ့်အွန်ကျေးရွာ ကြံစိုက်ခင်းအနီး အမျိုးသားသုံးဦးမိုင်းစထိမှန်

**မူဆယ် ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် မိုင်းစထိမှန်ဒဏ်ရာများဖြင့် အမျိုးသားသုံးဦး ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် မမစ(မူဆယ်)စခန်းမှူး ဒုရဲမှူးအေးမြင့်၊ တာဝန်မှူး ရဲအုပ်အောင်ပြည့်သျှမ် ဦးစီးတပ်ဖွဲ့ဝင်တို့ သွားရောက်စစ်ဆေးခဲ့ကြသည်။

အဆိုပါ သုံးဦးမှာ ကိုအိုက်ကြည်(၁၈နှစ်)တွင် ဝဲပေါင်နှင့် ခြေသလုံးများ မိုင်းစထိမှန် ဒဏ်ရာများရရှိ (မစိုးရိမ်ရ)၊ ကိုအိုက်ထွန်း (၁၇နှစ်)တွင် ယာလက်ဖမိုးနှင့် ဝမ်းဗိုက်ထိမှန်ဒဏ်ရာ (စိုးရိမ်ရ)ရရှိ၊ ကိုစံမှတ် (၁၆နှစ်) တွင် နဖူး၊ ဝဲဘက်ဒူး၊ ယာခြေသလုံးများမိုင်းစထိမှန်ဒဏ်ရာ(မစိုးရိမ်ရ)တို့ ရရှိခဲ့သည်။

၎င်းတို့သုံးဦးသည် ကြံစိုက်ခင်းအတွင်း ကြံခုတ်လုပ်ငန်းလုပ်ကိုင်နေစဉ် ပေါက်ကွဲသံတစ်ချက်ကြားလိုက်ရပြီး ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါသုံးဦးအား ကြံခင်းပိုင်ရှင် ဦးအိုက်စိန်က နီးစပ်ရာ မော်တော်ယာဉ်ဖြင့် မူဆယ်ခရိုင် မူဆယ်မြို့ရှိ ပြည်သူ့ဆေးရုံကြီးသို့ အချိန်မီဆေးကုသမှုခံယူရန် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ မိုင်းစထိမှန်ထားသော အမျိုးသားသုံးဦးအား ဆေးကုသမှုခံယူရန်အတွက် မမစ(မူဆယ်)မှ မှုခင်းဆေးစာပို့ထားရှိ၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# ဘက်ထရီမျိုးစုံနှင့် ကွင်း၊ ခွများ တင်ဆောင်လာသည့်ယာဉ်ကို သိမ်းဆည်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးစိုးအောင်၏ ကြီးကြပ်မှုဖြင့် မြို့မစခန်းမှူး ဒုရဲမှူး လှသိန်းဦးစီး တပ်ဖွဲ့ဝင်များသည် မြို့နယ်အတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ဖေဖော်ဝါရီ ၂၃ ရက်က ပဲခူး -ခရမ်း ကားလမ်း မိုင်တိုင်အမှတ်၃၂/၁ နှင့်၃၂/၂ ကြားတွင် မသင်္ကာဖွယ်ယာဉ်အား ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးခဲ့သဖြင့် လိုက်လံဖမ်းဆီးရာ သက္ကယ်ကုန်းကျေးရွာအဝင် လမ်းခွဲအရောက်တွင် ယာဉ် အားရပ်တန့်ထားခဲ့ပြီးထွက်ပြေးသွား သဖြင့် မော်တော်ယာဉ်အား ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်နောက်ခန်းမှ ဘက်ထရီမျိုးစုံ ၁၄ လုံးနှင့် ကွင်း/ခွမျိုးစုံ ကိုးချောင်း၊ ဝက်အူလှည့် တစ်ချောင်း၊ ပလာယာတစ်ချောင်းတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ခရမ်းမြို့မ ရဲစခန်းက အရေးယူ၍ မော်တော်ယာဉ်မှ ထွက်ပြေးသွားသူများပေါ်ပေါက်ရေးနှင့် သက်သေခံပစ္စည်းများ၏ပိုင်ရှင် အမြန်ဆုံးပေါ်ပေါက်နိုင်ရေး စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**





## တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ ပေါင်မြို့နယ် သဲကုန်းကျေးရွာနေ မဇာလီထွန်း၏ဖခင် ဦးမောင်ထွန်း(ခ)ဦးကျော်ရွှေမှာ တစ်ဦးတည်းဖြစ်ပါသည်။

**ဦးမောင်ထွန်း(ခ)ဦးကျော်ရွှေ**
**၁၀/ပမန(နိုင်)၀၄၆၂၈၇**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ယင်းမာပင်ကျေးရွာအုပ်စု ရေပေါင်းဆုံကျေးရွာ မူလွန်ရေပေါင်းဆုံကျောင်းမှ ပထမတန်းတွင်(ဘ)ဦးခင်မောင်ဝင်း၉/သစန(နိုင်)၁၆၄၃၁၅တို့၏သမီး အမည်မှန်မှာ မအေးမြမိုး ဖြစ်ပါသည်။ **မအေးမြမိုး**

## မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ မြိတ်တက္ကသိုလ်မှ သမိုင်းအထူးပြုဖြင့် တက်ရောက်ပညာသင်ကြားနေသော မောင်တေဇာဖြိုး၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုစာရင်းအရ ၁၈-၁၀-၁၉၉၆ ခုနှစ်ဖြစ်ပါကြောင်း။

**၁၈-၁၀-၁၉၉၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် EE/7572, Toyota Corolla Fielder,S/Wယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်စန်း ၁၂/သဃက(နိုင်)၀၂၇၈၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## မိဘအမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အမကညောင်ကုန်းလေး၊ တတိယတန်းမှ မပန်းသဇင်၏ မိဘအမည်မှန်မှာ ဦးနိုင်ဦး ၁၀/ပမန(နိုင်)၀၉၀၀၃၇-ဒေါ်တင်တင်ထွေး ၁၀/ပမန(နိုင်)၁၆၆၅၉၅ ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်တော်ကိုမင်းသူအောင် ၈/တတက(နိုင်)၁၄၂၅၇၅၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၃၄၁၁၃၄၇**

## ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ သစ်တိုထောင့်ကျေးရွာအုပ်စု သစ်တိုထောင့်ကျေးရွာနေ မစိုးစန္ဒာဝင်း၏ ဖခင်အမည်မှန်မှာ ဦးဟံမြင့် ဖြစ်ပါကြောင်း။

**ဦးဟံမြင့် ၆/ရဖန(နိုင်)၀၀၈၅၀၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5D/3274, Toyota Hilux Surf, S/W ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်း ၁၂/တမန(နိုင်)၀၈၀၄၇၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ စေတနာလမ်း၊ အမှတ် ၉၃၄ ၏ မြေဧရိယာ (၄၀×၆၀)ပေရှိမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မေမေလွင် ၁၂/ရကန(နိုင်)၀၄၃၂၂၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးအောင် LL.B,D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၆၂)**
**တိုက် ၁၀၆၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၂၅၃၁၁၈၀၁၄**

## ပျောက်ဆုံးကြောင်း

Myat Hein San Trading Co.,Ltd.၏ No:27562သွင်းကုန်၊ ထုတ်ကုန် Registrationမှတ်ပုံတင်စာရွက်စာတမ်းမူရင်းပျောက်ဆုံးသွားပါသဖြင့် ဖုန်း-၀၉-၄၃၀၄၇၄၂၂၊ ၀၉-၄၂၀၇၀၅၇၆၉ သို့ ဆက်သွယ်ပေးပါရန် လေးစားစွာဖြင့် မေတ္တာရပ်ခံအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ မာလာမြိုင်လမ်း၊ မြေကွက်အမှတ် ၁၀၃၆ အကျယ်ပေ (၄၀×၆၀)လက်ရှိအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြင့်မြင့်အောင် ၁၂/ဗဟန(နိုင်)၀၀၂၀၄၈ စာချုပ်စာတမ်းအရ ဦးမိုးနီ ၁၂/ဗဟန(နိုင်)၀၀၈၉၁၄ ထံသို့ ၁၉-၂-၂၀၁၇ ရက်တွင် ဦးနိုင်သန်းဌေး ၁၄/ပသန(နိုင်)၁၇၂၅၀၇က စရန်ငွေပေးချေပြီးဖြစ်ကြောင်း ၎င်း (၁၉)ရပ်ကွက် မာလာမြိုင်လမ်း မြေကွက်အမှတ် ၁၀၃၆ထောင့်ကွက် အမည်ပေါက်ကို နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ် အပြီးအပိုင်ချုပ်ဆိုတော့မည်ဖြစ်ကြောင်း ကြော်ငြာပါသည့်ရက်မှစ၍ တစ်ပတ်အတွင်း ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက တရားဝင်ပိုင်ဆိုင်မှုဖြစ်စေရန် အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနိုင်သန်းဌေး**
**၁၄/ပသန(နိုင်)၁၇၂၅၀၇**
**တိုက်အမှတ် ၁၃၄၆၊ အခန်း ၅ လွှာ၊ (A) ရန်ကြီးအောင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ဖုန်း-၀၉-၅၀၆၃၅၅၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3C/6644, Mitsubishi Pajero Lo 47W,S/W(4x4) ® ယာဉ်လက်ဝယ်ရှိသူ U Myo Hlaing ၁၂/တမန(နိုင်)၀၄၃၉၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

(၉.၂.၂၀၁၇)နေ့ထုတ်ပါမြန်မာ့အလင်းသတင်းစာစာမျက်နှာ(၂၄)၊ကြော်ငြာစာတွင် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇(၁/၂)၊၂၀၁၆ခုနှစ်၊တရားမအထွေထွေမှု အမှတ် (၁၁၈ )ကြော်ညာတွင် ကွင်းစ - ကွင်းပိတ်ဖြင့် (ခင်ဆွေဦး) ဒုတိယခရိုင်တရားသူကြီး(၁၄)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ဟုပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇စီ၊ မြေကွက်အမှတ် ၁၆၄၊ မြေကွက်တည်နေရာအမှတ် ၁၀၊ ဦးစံညိမ်းလမ်း၊ စမ်း/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ် ဒေါ်ခင်ရီမြင့် အမည်ပေါက် နှစ် ၆၀ မြေငှားဂရန် (သက်ကုန်)မြေအား ဒေါ်ခင်ရီမြင့် ၁၂/စခန(နိုင်)၀၀၆၀၆၉ကိုယ်တိုင်မှ ၂၀၀၇ခုနှစ်တွင် ဂရန်ဟောင်းနွမ်းစုတ်ပြဲသဖြင့် ဂရန်မိတ္တူထုတ်ယူခဲ့ပြီး ယခုဂရန်မူရင်းပြန်လည်အပ်နှံ၍ ဂရန်မိတ္တူဖြင့် ဂရန်သက်တမ်း (၁-၁၀-၁၉၅၆) မှ (၁-၁၀-၂၀၁၆)ထိ ကုန်ဆုံးသဖြင့် ဂရန်သက်တမ်းတိုးမြှင့်ပေးပါရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပပြီးစီး




အမျိုးသားတံခွန်စိုက်ဒိုင်းဆုရရှိခဲ့သော မြို့တော်စည်ပင်အသင်းအား ဆုယူအပြီးတွေ့ရစဉ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

(၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ပထမအကြိမ်လူရွေးပွဲနှင့် (၆၂) ကြိမ်မြောက် အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိကွင်း၌ ဆက်လက်ကျင်းပရာ အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုကို ကာကွယ်ရေးအသင်း၊ အမျိုးသား တံခွန်စိုက်ဒိုင်းဆုကို မြို့တော်စည်ပင်အသင်း၊ စုပေါင်းတံခွန်စိုက်ဒိုင်းဆုကို ကာကွယ်ရေးအသင်းတို့က ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲနောက်ဆုံးနေ့ပွဲစဉ်များကို နံနက်ပိုင်းတွင် ဆက်လက်ကျင်းပခဲ့ပြီး ပြိုင်ပွဲအပြီးတွင် အမျိုးသားပြိုင်ပွဲ၌ မြို့တော်စည်ပင်အသင်းက ၁၆၀ မှတ်ဖြင့် ပထမ၊ ကာကွယ်ရေးအသင်းက ၇၇ မှတ်ဖြင့် ဒုတိယ၊ ဆောက်လုပ်ရေးအသင်းက ၅၈ မှတ်ဖြင့် တတိယ၊ အမျိုးသမီးပြိုင်ပွဲ၌ ကာကွယ်ရေးအသင်းက ၁၅၀ မှတ်ဖြင့် ပထမ၊ ကျန်းမာရေးနှင့် အားကစားအသင်းက ၁၁၂ မှတ်ဖြင့် ဒုတိယ၊ ပြည်ထဲရေးအသင်းက ၈၂ မှတ်ဖြင့် တတိယ၊ အမျိုးသား/အမျိုးသမီး စုပေါင်းပြိုင်ပွဲတွင် ကာကွယ်ရေးအသင်းက ၂၂၇ မှတ်ဖြင့် ပထမ၊ မြို့တော်စည်ပင်အသင်းက ၁၇၄ မှတ်ဖြင့် ဒုတိယ၊ ကျန်းမာရေးနှင့် အားကစားအသင်းက ၁၆၂ မှတ်ဖြင့် တတိယတို့ ရရှိခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ပထမဆုရရှိသော အမျိုးသားပြိုင်ပွဲ၌ မြို့တော်စည်ပင်အသင်း၊ အမျိုးသမီး ပြိုင်ပွဲ၌ ကာကွယ်ရေးအသင်းနှင့် အမျိုးသား/အမျိုးသမီး စုပေါင်းပြိုင်ပွဲ၌ ကာကွယ်ရေးအသင်းတို့အား တံခွန်စိုက်ဒိုင်းဆုများ ပေးအပ်ချီးမြှင့်သည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-ကိုကိုစိုးညွန့်**

# ယူရိုပါလိဂ် (၁၆)သင်းအဆင့် မဲစာရင်းထွက်ပေါ်

ယူအီးအက်ဖ်အေ ယူရိုပါလိဂ်(၁၆) သင်းအဆင့် အသင်းများကို ဖေဖော်ဝါရီ ၂၄ ရက် သောကြာနေ့ ညနေပိုင်းက ဆွစ်ဇာလန်နိုင်ငံ နီယွန်မြို့တွင် မဲနှိုက်ရွေးချယ်ခဲ့သည်။

ယူရိုပါလိဂ် (၃၂)သင်းအဆင့် ဒုတိယကျော့ပွဲစဉ်များ ပြီးဆုံးခဲ့၍ (၁၆)သင်းအဆင့်အတွက် အနိုင်ရရှိသောအသင်းများ မဲနှိုက်ရွေးချယ်ခဲ့ရာ စပိန်ကလပ် ဆယ်လ်တာဗီဂိုနှင့် ရုရှားကလပ် ခရက်စ်နိုဒါ၊ ဆိုက်ပရပ်ကလပ် အေပိုးလ်နှင့် ဘယ်လ်ဂျီယံကလပ် အန်ဒါလက်ချ်၊ ပြင်သစ်ကလပ် လိုင်ယွန်နှင့် အီတလီကလပ် ရိုးမား၊ ဂရိကလပ် အိုလံပီယာကိုစ်နှင့် တူရကီကလပ် ဘက်ဆစ်တပ်စ်၊ ဒိန်းမတ်ကလပ် ကိုပင်ဟေဂင်နှင့် နယ်သာလန်ကလပ် အေဂျက်စ်တို့တွေ့ဆုံခဲ့ပြီး ဂျာမန်ကလပ် နှစ်သင်းဖြစ်သော ရှော်လ်ကေးနှင့် မိုချန်ဂလာဘတ်နှစ်သင်း တွေ့ဆုံခဲ့သည်။ အလားတူ ဘယ်လ်ဂျီယံကလပ် နှစ်သင်းဖြစ်သော KAA ဂျန့်နှင့် KRC ဂျန့်ခ်တို့ တွေ့ဆုံခဲ့သည်။ နာမည်ကြီး မန်ယူအသင်းသည် ရုရှားကလပ် ရော့စ်တော့နှင့် တွေ့ဆုံခဲ့သည်။




ယူအီးအက်ဖ်အေ ယူရိုပါလိဂ်ပြိုင်ပွဲကြီးကို ၁၉၇၁ ခုနှစ်တွင် စတင်ခဲ့ပြီး သက်တမ်း ၄၆ နှစ် ရှိပြီဖြစ်သော ယင်းပြိုင်ပွဲကြီးတွင် အကြိမ်အများဆုံး ဗိုလ်စွဲထားသည့်အသင်းမှာ လက်ရှိချန်ပီယံ စပိန်ကလပ် ဆီဗီလာအသင်းသည် ငါးကြိမ်အထိ ရရှိထားသည်။ ဒုတိယ သုံးကြိမ်စီ ရရှိထားသော အသင်းများမှာ ဂျူဗင်တပ်စ်၊ အင်တာမီလန်၊ လီဗာပူးတို့ ဖြစ်သည်။

ယူရိုပါလိဂ် (၁၆) သင်းအဆင့် ပွဲစဉ်များကို မတ်လအတွင်းတွင် အပြီးသတ်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပထမကျော့ပွဲစဉ်ကို မတ် ၉ ရက်နှင့် ဒုတိယကျော့ပွဲစဉ်များကို မတ် ၁၆ ရက်တို့တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဧပြီ ၁၃ ရက်မှ ၂၀ ရက်အတွင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပွဲစဉ်ကို မေ ၄ ရက်မှ ၁၁ ရက်အတွင်း ယှဉ်ပြိုင်မည် ဖြစ်သည်။ ဗိုလ်လုပွဲကြီးကို ဆွီဒင်နိုင်ငံ ဆိုလ်နာမြို့ ဖရန့်အာရီနာကွင်းကြီး၌ မေ ၂၄ ရက်တွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သီဟ**

## ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီ ၂၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ တွင် ဖော်ပြခဲ့သော ဆောင်းပါးရှင် ဦးဟန်ညွန့်(ဥပဒေ)၏ ဥပဒေအတွေး ရေးပါရစေ အပိုင်း(၅၇) "ဥပဒေပါမောက္ခ ညွှန်ပြခဲ့သည်" ဆောင်းပါး တတိယကော်လံတွင် ဥပဒေဝန်ထမ်းအဆင့်(၅) **အစား** ဥပဒေဝန်ထမ်းအဆင့်(၄) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(မြန်မာ့အလင်း)**

**မီးဘေးရှောင်**
**မလောင်ခင်တား**

## နေရာကွက်ကျားမိုးရွာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျားမိုးဆက်လက်ရွာနိုင်သည်။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ယနေ့နေရာကွက်ကျားမိုးရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ **(မိုး/ဇလ)**


## ဝန်ထမ်းအမြန်အလိုရှိသည်
**(Production စက်ရုံတွင် တာဝန်ထမ်းဆောင်ရန်)**

1. Engineer (Mech;) = ကျား (၂) ဦး
2. Engineer (Elec;) = ကျား (၂) ဦး
3. လုံခြုံရေးမှူး၊ ဘွဲ့ရ = ကျား (၂) ဦး

အသက်(၃၅)နှစ်~(၄၅)နှစ်အတွင်း

သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။(လစာ-ညှိနှိုင်း)

လျှောက်လွှာကို-အမှတ် ၁၀၄/၁၀၅၊ စက်မှု(၇)လမ်း ရွှေပြည်သာစက်မှုဇုန်အပိုင်း(၁)၊ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ hruko17 @gmail.comသို့ E-mailပို့၍သော်လည်းကောင်း ၁၅-၃-၂၀၁၇ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

**စုံစမ်းရန် ဖုန်း-၀၉-၄၄၀၁၄၁၁၁၃**

## လုံခြုံရေးဝန်ထမ်း (ကျား)အလိုရှိသည်

- အသက် (၁၈နှစ်မှ ၅၀)ကြား၊ အရပ် ၅ပေ ၅လက်မ
- ပညာအရည်အချင်း (က)ဘွဲ့ရ၊ (ခ)အထက်တန်းအောင်၊ (ဂ)အလယ်တန်း
- Class အလိုက် လစာခံစားခွင့်ရှိမည်။
- နယ်မှလာသူ နေရန် စီစဉ်ပေးမည်။

**မင်းထင်ကျော် လုံခြုံရေးဝန်ဆောင်မှု ကုမ္ပဏီ**
**အမှတ် ၈၄၈၊ ဘုရင့်နောင်လမ်း၊ (၃၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဆက်သွယ်ရန် ဖုန်း-၀၉-၇၇၅၁၉၂၀၅၀၊ ၀၉-၇၇၈၈၆၄၀၀၂၊ ၀၉-၇၉၆၄၄၆၉၉၅**

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ ဩဘာလမ်း (အထက်ပိုင်း) ပေ(၁၅×၆၀) ပထမထပ်၊ အိပ်ခန်းနှစ်ခန်း၊ ပါကေးခင်း၊ သံပန်း၊ ဆန်းရှိတ်၊ ဘိုထိုင်၊ ကိုယ်ပိုင်ရေမီးစုံ၊ သိန်း ၆၀၀(ညှိနှိုင်း)

**ဖုန်း-၀၉-၅၂၀၃၃၅၉၊ ၀၉-၂၆၄၄၄၅၄၇၇**

## မြေကွက်ကျယ်ရောင်းမည်

တောင်ကြီးမြို့၊ (၁၆)ရပ်ကွက်၊ ပေ(၁၀၀)ပတ်လည်၊ မြေကွက်ကျယ်ရောင်းမည်။ တစ်ဝက်လည်း ရောင်းမည်။

**ဖုန်း-၀၉-၇၉၅၆၁၇၁၀၀၊ ၀၉-၂၅၂၂၆၉၈၉၃**

**IGCSE** Primary Classes & Secondary Classes

*Eng, Maths, Phy, Chem, Bio, ICT, Business, Accounting* ဘာသာရပ်များကို ဝါရင့်ကျွမ်းကျင်သော ဆရာ၊ ဆရာမများမှ နေအိမ်သို့လာရောက်သင်ကြားပေးပါသည်။ Study Guide များလိုအပ်လျှင် ဆက်သွယ်နိုင်ပါသည်။

**ဆရာ ဦးလှမြင့်ဦး(ပိုင်ဓေ) 09 73177816, 09 795888783**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၂)ရပ်ကွက်၊ ကွင်းအမှတ် ၆၅/က၊ မိုးကြိုးပစ်မြောက်ကွင်း၊ ဦးပိုင်အမှတ်၁၇၃/၁၊ ဧရိယာ ၂ ဒသမ ၅၃ဧကေ၊ ဦးပိုင်အမှတ် ၁၇၃/၅၊ ဧရိယာ ၂ ဒသမ ၉၆ ဧက၊ ဦးပိုင်အမှတ် ၁၇၃/၆၊ ဧရိယာ ၃ ဒသမ ၄၅ဧက၊ ဦးပိုင်အမှတ် ၁၈၀/၂၊ ဧရိယာ ၇ ဒသမ ၉၅ဧက၊ ဦးပိုင်အမှတ် ၂၀၃/၁၊ ဧရိယာ ၃ ဒသမ ၂၀ ဧက၊ ဦးပိုင်အမှတ် ၂၀၃/၂၊ ဧရိယာ ၂ ဒသမ ၇၄ဧက၊ ဦးပိုင်အမှတ် ၂၀၃/၄၊ ဧရိယာ ၁ဒသမ ၄၂ဧက၊ ဦးပိုင်အမှတ် ၂၀၄/၁၊ ဧရိယာ ၁ ဒသမ ၉၄ဧက၊ ဦးပိုင်အမှတ် ၂၀၄/၃၊ ဧရိယာ ၂ ဒသမ ၉၂ ဧက၊ ဦးပိုင်အမှတ် ၂၀၄/၄၊ ဧရိယာ ၆ ဒသမ၄၇ဧက၊ စုစုပေါင်း ဧရိယာ ၃၅ ဒသမ ၅၈ဧကကို ဦးစည်သူစိုး (Ayeyarwady Development Public Co.,Ltd.) ပုသိမ်-ငပုတောကားလမ်းအမည်ဖြင့် စက်မှုမြေငှားဂရန်ကို လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ဦးစီးဌာန၊ပုသိမ်မြို့နယ်**

## အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏တူဖြစ်သူ ကိုထွန်းလင်း ၁၂/ဥကတ(နိုင်)၁၇၁၁၄၃သည် အဒေါ်ဖြစ်သူ၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူနေသဖြင့် ယနေ့မှစ၍ တူအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**အဒေါ်-ဒေါ်ညွန့်ရီ ၁၂/ဥကတ(နိုင်)၀၇၃၆၈၀**

THE ASEAN SECRETARIAT INVITES ASEAN NATIONALS TO APPLY FOR THE FOLLOWING VACANCIES:

1. Assistant Director Poverty Eradication & Gender Division
2. Senior Officer Organizational Development

For details on Terms of Reference and application, please visit www.asean.org/opportunities/vacancies-asec/

# လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

*ယမန်နေ့မှအဆက်*

၂၅။ စစ်ဆေးရေးအရာရှိချုပ်သည် ဘေးအန္တရာယ်ဖြစ်စေသော ပစ္စည်းများနှင့် ယင်းပစ္စည်းများကို အသုံးပြုသည့် လုပ်ငန်းခွင်များကို စာရင်းဇယား သီးခြားပြုစုရန်၊ လိုအပ်ပါက အထူးစစ်ဆေးမှုများ ဆောင်ရွက်ရန်နှင့် ယင်းပစ္စည်းများကို အသုံးပြုခြင်းအား တားမြစ်ရန်စစ်ဆေးရေး အရာရှိများကို သီးခြားတာဝန် ပေးအပ်ရမည်။

၂၆။ စစ်ဆေးရေးအရာရှိသည် အလုပ်ရှင်နှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိတို့ကို ဘေးအန္တရာယ်ဖြစ်စေသော ပစ္စည်းများနှင့် ယင်းပစ္စည်းများအား အသုံးပြုသည့် လုပ်ငန်းခွင်များ၌ ဘေးအန္တရာယ်ကျရောက်နိုင်မှု၊ ဘေးအန္တရာယ် မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ ဘေးအန္တရာယ်ကျရောက်လာပါက ဆောင်ရွက်ရမည့် အစီအမံနှင့် နည်းလမ်းများ၊ ရှေးဦးသူနာပြုစုခြင်းများကို အလုပ်သမားများအား လေ့ကျင့်သင်ကြားပေးရန် ညွှန်ကြားရမည်။

၂၇။ စစ်ဆေးရေး အရာရှိချုပ်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်၍ ပြစ်မှု ကျူးလွန်သူ မည်သူကို မဆို သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုရန် စစ်ဆေးရေး အရာရှိ တစ်ဦးဦးအား တာဝန်ပေးအပ်နိုင်သည်။

### အခန်း (၈)
### အလုပ်ရှင်နှင့် အလုပ်သမားတို့၏ တာဝန်များ

၂၈။ အလုပ်ရှင်သည် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးနှင့် စပ်လျဉ်း၍ -

(က) လုပ်ငန်းစတင်လုပ်ကိုင်မည်ဖြစ်ကြောင်း သတ်မှတ်ချက်များနှင့် အညီ ဦးစီးဌာနသို့ အနည်းဆုံး ၁၅ ရက် ကြိုတင် အကြောင်းကြား၍ ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက် ရယူရမည်။

(ခ) လုပ်ငန်းခွင်တွင် အသုံးပြုသည့် စက်ပစ္စည်းကိရိယာများ၊ လုပ်ငန်းစဉ်သုံးပစ္စည်းများ၊ ဇီဝပစ္စည်းများ၊ ဓာတုပစ္စည်းများ၏ အန္တရာယ်ရှိမှု အတိုင်းအဆ အကဲဖြတ်ဆန်းစစ်ခြင်း၊ ယင်းပစ္စည်းကိရိယာများအား ကိုင်တွယ်အသုံးပြုစဉ် ကျန်းမာရေးမထိခိုက်စေရန် လိုအပ်သော ကာကွယ်မှုများ စီမံဆောင်ရွက်ပေးခြင်းကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ထားရမည်။

(ဂ) အလုပ်သမားများအား လုပ်ငန်းခွင်မတော်တဆ ထိခိုက်မှုနှင့် ကျန်းမာရေးထိခိုက်မှုများမခံစားရစေရန် သင့်တော်သော ကိုယ်ခန္ဓာကာကွယ်ရေး ပစ္စည်းများနှင့် အထောက်အကူပြု ပစ္စည်းများ၊ ဝတ်စုံများ အခမဲ့လုံလောက်စွာ ထုတ်ပေးပြီးဝတ်ဆင် လုပ်ကိုင်စေရမည်။

(ဃ) ကြိုတင်တားဆီးကာကွယ်မှု အစီအမံနှင့် အရေးပေါ်အခြေအနေဖြစ်ပွားလာပါက ဆောင်ရွက်မည့် အစီအမံများထားရှိရမည်။

(င) ဝန်ကြီးဌာနက သတ်မှတ်သော အလုပ်သမားဦးရေနှင့် အထက်ရှိသည့် လုပ်ငန်းများတွင် ဆေးပေးခန်းထားရှိခြင်း၊ အသိအမှတ်ပြု ဆရာဝန်နှင့်သူနာပြုများခန့်ထားခြင်း၊ လိုအပ်သည့် ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးရမည်။

(စ) မိမိကိုယ်တိုင်အပါအဝင် သက်ဆိုင်ရာလုပ်ငန်းအမျိုးအစား သို့မဟုတ် ဌာနအလိုက် စီမံခန့်ခွဲသူများ၊ အလုပ်သမားများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များအား သတ်မှတ်ထားသည့် သင်တန်းများနှင့် မွမ်းမံသင်တန်းများတက်ရောက်နိုင်ရန် စီစဉ် ဆောင်ရွက်ပေးရမည်။

(ဆ) အလုပ်သမားတစ်ဦးဦးသည် လုပ်ငန်းခွင်မတော်တဆ ထိခိုက်မှု၊ အသက်ဘေးအန္တရာယ် သို့မဟုတ် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်မှုဖြစ်ပေါ် လျှင်ဖြစ်စေ၊ ယင်းသို့ ဖြစ်ပွားနိုင်ဖွယ်ရှိသည့် အခြေအနေများ ကြုံတွေ့ရလျှင်ဖြစ်စေ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိမှတစ်ဆင့် အလုပ်ရှင်ထံ ချက်ချင်း သတင်းပေးပို့နိုင်ရန် လိုအပ်သော အစီအမံများ စီစဉ်ထားရှိရမည်။

(ဇ) ဆောင်ရွက်ထားမှုများကို အလုပ်ရှင်၏ကိုယ်စား စီမံအုပ်ချုပ်သူ၊ အလုပ်ရှင်၏ ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်နှင့် အလုပ်သမားများအားလုံး ပူးပေါင်းဆောင်ရွက်ရမည်။

(ဈ) လုပ်ငန်းခွင်တွင်ဖြစ်စေ၊ လုပ်ငန်းစဉ်တွင်ဖြစ်စေ အသုံးပြုသော စက်ပစ္စည်း၊ စက်ကိရိယာအစိတ်အပိုင်း၊ အဆောက်အအုံ၊ သုံးစွဲသော အရာဝတ္ထုပစ္စည်း၊ ကိရိယာ တန်ဆာပလာ သို့မဟုတ် စွန့်ပစ်ပစ္စည်း သယ်ယူပို့ဆောင်မှုနှင့်ဆက်စပ်၍ လုပ်ငန်းခွင်နှင့် အနီးပတ်ဝန်းကျင်၌ ရှိနေသူများ ဘေးအန္တရာယ် ကင်းရှင်းပြီး ကျန်းမာရေး ထိခိုက်မှု မရှိစေရန် စနစ်တကျ စီမံဆောင်ရွက်ထားရမည်။

(ည) လုပ်ငန်းခွင် မတော်တဆထိခိုက်မှုအန္တရာယ် ဖြစ်ပွားမည့်ဆဲဆဲ အခြေအနေကြုံတွေ့ရပါက လုပ်ငန်းစဉ်အား ချက်ချင်းရပ်တန့်ခြင်း၊ အလုပ်သမားများအား ဖယ်ရှား ရွှေ့ပြောင်းပေးခြင်းနှင့် လိုအပ်သည့် ကယ်ဆယ်ရေးအစီအမံများ ဆောင်ရွက်ရမည်။ ထို့အပြင် အလုပ်သမားများအား အခြားသင့်တော်မည့် လုပ်ငန်းခွင်များသို့ ပြောင်းရွှေ့လုပ်ကိုင်စေနိုင်သည်။

(ဋ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များ၊ အန္တရာယ်သတိပေးအချက်ပြများ၊ နို့တစ်စာများ၊ ပိုစတာများနှင့် လမ်းညွှန် ဆိုင်းဘုတ်များကို သတ်မှတ်ချက်နှင့်အညီ ထားရှိရမည်။

(ဌ) အန္တရာယ်ဖြစ်ပွားနိုင်သည့် တားမြစ် ကန့်သတ်ထားသော လုပ်ငန်းခွင် နေရာများသို့ ဝင်ထွက် သွားလာရာတွင် ကြိုတင်သတိပေးချက်များ အတိုင်း လိုက်နာဆောင်ရွက်ရန် စိစစ်ကြပ်မတ်ပေးရမည်။

(ဍ) အသိပညာ၊ နည်းပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှုရရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများမှထုတ်ပြန်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လက်စွဲစာစောင်နှင့် လမ်းညွှန်ချက်များကို အလုပ်သမားများအပြင် လုပ်ငန်းခွင်နှင့် ဆက်စပ်နေသူများကိုလည်း ဖြန့်ဝေပေးရမည်။

(ဎ) မီးဘေးကာကွယ်ရေးစီမံချက်ရေးဆွဲ၍ အလုပ်သမားများကို ဇာတ်တိုက်လေ့ကျင့်ခြင်း၊ မီးသတ်ကိရိယာများအား စနစ်တကျ အသုံးပြုတတ်စေရန် လေ့ကျင့်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဏ) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများက အလုပ်ခွင်သို့ ဝင်ရောက်စစ်ဆေးခြင်း၊ စုံစမ်းမေးမြန်းခြင်း၊ စာရွက်စာတမ်း အထောက်အထားများ တောင်းခံခြင်း သို့မဟုတ် သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်းတို့ကို ခွင့်ပြုပေးရမည်။

(တ) ဝန်ကြီးဌာနက အန္တရာယ်ရှိနိုင်သည်ဟု သတ်မှတ်ထားသည့် လုပ်ငန်းအမျိုးအစားများတွင် လုပ်ကိုင်နေသည့် အလုပ်သမားများအား သတ်မှတ်ထားသော အလုပ်ချိန် နာရီအတွင်း၌သာ လုပ်ကိုင်စေရမည်။

(ထ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကုန်ကျစရိတ်များကို တာဝန်ယူ ကျခံရမည်။

၂၉။ အလုပ်ရှင်သည် အောက်ပါ ကိစ္စရပ်တစ်ခုခုကြောင့် အလုပ်သမား တစ်ဦးဦးကို အလုပ်မှထုတ်ပယ်ခြင်း သို့မဟုတ် ရာထူးအဆင့်လျှော့ချခြင်း မပြုရ-

(က) လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိခြင်း သို့မဟုတ် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါခံစားရခြင်းတို့အတွက် အသိအမှတ်ပြုဆရာဝန်၏ ဆေးသက်သေခံလက်မှတ်မရရှိမီ ကာလအတွင်း၊

(ခ) ဘေးအန္တရာယ်မကင်းသော သို့မဟုတ် ကျန်းမာရေးထိခိုက်မှု အန္တရာယ်ရှိသောကိစ္စရပ်အပေါ် တိုင်တန်းခြင်း၊

(ဂ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီ၏ လုပ်ငန်းတာဝန်ကို ဆောင်ရွက်ခြင်း၊

(ဃ) လုပ်ငန်းခွင် မတော်တဆထိခိုက်မှုအန္တရာယ် ဖြစ်ပွားမည့်ဆဲဆဲ အခြေအနေနှင့် လုပ်ငန်းခွင်ရောဂါ ကူးစက်ခံစားရမည့် အန္တရာယ်ကျရောက်မည့်ဆဲဆဲ အခြေအနေများတွင် အလုပ်ဆက်လက်မလုပ်ကိုင်ခြင်း။

၃၀။ လုပ်ငန်းခွင် မတော်တဆထိခိုက်မှု သို့မဟုတ် လုပ်ငန်းခွင်ဆိုင်ရာရောဂါ ရရှိသည့် အလုပ်သမားသည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် အကျုံးဝင်ခြင်း မရှိလျှင် ယင်းအလုပ်သမား၏ အလုပ်လုပ်နိုင်မှုစွမ်းရည် လျော့ကျမှု အတိုင်းအတာနှင့် မသန်စွမ်းဖြစ်မှု အတန်းအစားကို သိရှိနိုင်ရန် အလုပ်ရှင်က ကုန်ကျစရိတ်ကို တာဝန်ယူကျခံ၍ ဆေးစစ်ပေးရမည်။

၃၁။ အလုပ်ရှင်သည် -

(က) အသိအမှတ်ပြုဆရာဝန်၏ ဆေးစစ်ချက်အရ ကျန်းမာရေးအဆင့်မမီသည့် အလုပ်သမားများအား အလုပ်လုပ်ကိုင်ခြင်းကို ကန့်သတ်တားမြစ်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ကန့်သတ်တားမြစ်ခြင်းခံရသော အလုပ်သမားက ကျန်းမာရေး ပြန်လည်ကောင်းမွန်လာကြောင်း အထောက်အထားဖြင့် တင်ပြလာလျှင် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မူလတာဝန်တွင်ဖြစ်စေ၊ သင့်လျော်သည့် လုပ်ငန်းခွင်တွင်ဖြစ်စေ ပြန်လည်လုပ်ကိုင်ခွင့်ပြုရမည်။

(ဂ) လုပ်ငန်းခွင်ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ၏ ကျန်းမာရေးမထိခိုက်စေရန် စီမံဆောင်ရွက်ပေးရမည်။

(ဃ) လုပ်ငန်းခွင်မတော်တဆထိခိုက်မှုကြောင့် မသန်စွမ်းဖြစ်သွားသည့် အလုပ်သမားက အလုပ်လုပ်ကိုင်လိုသည့် ဆန္ဒရှိလျှင် သင့်လျော်သည့် တာဝန်ပေးနိုင်ရေး စီစဉ်ပေးရမည်။

၃၂။ အလုပ်သမားများသည် -

(က) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်ရှင်က ထုတ်ပေးထားသော အန္တရာယ်ကာကွယ်ရေးဝတ်စုံများ၊ ပစ္စည်းများနှင့် ကိရိယာတန်ဆာပလာများကို စနစ်တကျတပ်ဆင် အသုံးပြုရမည်။

(ခ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်ရှင်ကဖြစ်စေ၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ကော်မတီကဖြစ်စေ၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိကဖြစ်စေ ညွှန်ကြားသည့် ညွှန်ကြားချက်နှင့် အကြံပြုချက်များကို လိုက်နာရမည်။

(ဂ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းကမ်းချက်များ၊ သင်္ကေတအမှတ်အသားများ၊ နံရံကပ်ပိုစတာများ၊ နို့တစ်စာများနှင့် သတိပေးတားမြစ်ချက်များကို လိုက်နာရမည်။

(ဃ) လုပ်ငန်းခွင်တွင်အသုံးပြုသည့် ကိရိယာတန်ဆာပလာ၊ စက်၊ စက်ကိရိယာ အစိတ်အပိုင်း၊ ယာဉ်၊ လျှပ်စစ်နှင့် အခြားဝတ္ထုပစ္စည်းများကို စနစ်တကျကိုင်တွယ် အသုံးပြုရမည်။

(င) လုပ်ငန်းခွင်တွင် လုပ်ဆောင်မှု သို့မဟုတ် လုပ်ဆောင်ရန် ပျက်ကွက်မှုကြောင့် အလုပ်သမားကိုယ်တိုင်နှင့် အခြားသူများ၏ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးမထိခိုက်စေရန် အလေးထားဆောင်ရွက်ရမည်။

(စ) အလုပ်ရှင်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အရာရှိတို့က ဤဥပဒေအရ ယင်းတို့၏ တာဝန်များကို ထမ်းဆောင်ရာ၌ ပူးပေါင်းဆောင်ရွက်ရမည်။

(ဆ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအား ထိခိုက်စေနိုင်မည့် အခြေအနေ၊ အကြောင်းအရာ၊ ဖြစ်ရပ်တစ်ခုခုကို တွေ့ရှိပါက ကိုယ်တိုင်ဖြစ်စေ၊ အနီးကပ် လုပ်ငန်းကြီးကြပ်သူမှတစ်ဆင့်ဖြစ်စေ အလုပ်ရှင် သို့မဟုတ် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိထံ ချက်ချင်းတင်ပြရမည်။

(ဇ) အန္တရာယ်ကျရောက်မည့်ဆဲဆဲ အခြေအနေတွင် အလုပ်ဆက်လက်လုပ်ကိုင်ရန် ငြင်းပယ်နိုင်သော်လည်း အလုပ်ရှင်က ပြောင်းလဲလုပ်ကိုင်စေသည့် အလုပ်အား ငြင်းပယ်ခြင်းမပြုရ။

(ဈ) လုပ်ငန်းခွင်အသီးသီးမှ အလုပ်သမားများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်သမားအချင်းချင်း သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများနှင့် အချိန်မီ ဆက်သွယ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရန် ကိုယ်စားလှယ်များ ရွေးချယ်နိုင်သည်။

### အခန်း (၉)
### အလုပ်ရုံ၊ လုပ်ငန်းခွင်၊ စက်နှင့် စက်ပစ္စည်းကိရိယာများ ဒီဇိုင်းပုံစံရေးဆွဲသူ၊ ထုတ်လုပ်သူ၊ တင်ပို့သူ၊ ရောင်းချသူ၊ တင်သွင်းသူ၊ တည်ဆောက်သူ၊ တပ်ဆင်သူနှင့် ဖြိုဖျက်သူများ၏ တာဝန်များ

၃၃။ လုပ်ငန်းခွင်၌ အသုံးပြုမည့် ဘေးအန္တရာယ်ဖြစ်စေသော ပစ္စည်းနှင့် စက်ပစ္စည်းကိရိယာများနှင့် စပ်လျဉ်း၍ ဒီဇိုင်းရေးဆွဲခြင်း၊ ထုတ်လုပ်ခြင်း၊ တင်ပို့ခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်းပြုလုပ်သူတို့သည် စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သက်ဆိုင်ရာ ဦးစီးဌာနကလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအတွက် စမ်းသပ်စစ်ဆေးပြီး အန္တရာယ်ကင်းရှင်းကြောင်း အတည်ပြုထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်ရရှိရမည့်အပြင် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ရမည်-

(က) အလုပ်ရုံ၊ စက်နှင့် စက်ပစ္စည်းကိရိယာများ၏ ပုံစံရေးဆွဲခြင်းနှင့် တည်ဆောက်ခြင်း ပြုလုပ်ရာတွင် ယင်းအလုပ်ရုံ၊ စက်နှင့်စက်ပစ္စည်းကိရိယာများကို နည်းလမ်းတကျ မှန်ကန်စွာ အသုံးပြုသည့် အလုပ်သမားများအတွက် ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေး မထိခိုက်စေဘဲ အသုံးပြုနိုင်ရန် စီမံထားခြင်း၊

(ခ) ပုဒ်မခွဲ(က)အရ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေး မထိခိုက်စေရန် ပုံစံ ရေးဆွဲတည်ဆောက်ထားမှု ရှိမရှိလိုအပ်သလို စမ်းသပ်ခြင်းနှင့် စစ်ဆေးခြင်းကိုဆောင်ရွက်ရန် အစီအမံများချမှတ်ထားခြင်း၊

(ဂ) အသုံးပြုရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးမထိခိုက်စေရန် လိုအပ်သည့် သတင်းအချက်အလက်များနှင့် ထပ်မံရရှိသည့် သတင်းအချက်အလက်အသစ်များကို အသုံးပြုသူထံပေးပို့ခြင်း၊

(ဃ) အသုံးပြုရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ထိခိုက်မှုဖြစ်ပွားနိုင်သည့် အခြေအနေအား တတ်နိုင်သမျှ ဖယ်ရှားရန် သို့မဟုတ် လျှော့ချရန် လိုအပ်သော သုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

၃၄။ အလုပ်ရုံ၊ လုပ်ငန်းခွင်၊ စက်နှင့် စက်ပစ္စည်းကိရိယာ တစ်ခုခုအား ဒီဇိုင်းရေးဆွဲသူ၊ တည်ဆောက်သူ၊ တပ်ဆင်သူနှင့် ဖြိုဖျက်သူတစ်ဦးဦးသည် ယင်းအလုပ်ရုံ၊ စက်နှင့် စက်ပစ္စည်းကိရိယာများ တည်ဆောက်တပ်ဆင်ဖြိုဖျက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေး မထိခိုက်စေရန် အလေးထားဆောင်ရွက်ရမည်။

### အခန်း (၁၀)
### မတော်တဆထိခိုက်မှု၊အန္တရာယ်ရှိသောဖြစ်ရပ်၊ လုပ်ငန်းခွင် အဆိပ်သင့်မှုနှင့်ရောဂါဖြစ်ပွားမှု အကြောင်းကြားခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အစီရင်ခံခြင်း

၃၅။ အလုပ်ရှင်သည် အောက်ပါကိစ္စများကိုဆောင်ရွက်ရန် တာဝန်ရှိသည် -

(က) လုပ်ငန်းခွင် မတော်တဆထိခိုက်မှုကြောင့် သေဆုံးမှု ဖြစ်ပွားလျှင် တစ်နာရီအတွင်း သို့မဟုတ် ဝေးလံသည့် ဒေသများအတွက် ၂၄ နာရီထက် နောက်မကျစေဘဲ သင့်တော်သည့် ဆက်သွယ်ရေး နည်းလမ်းဖြင့် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့အကြောင်းကြားရမည်။

(ခ) လုပ်ငန်းခွင်အတွင်း မတော်တဆ ထိခိုက်ဒဏ်ရာရပြီးနောက် ၄၈ နာရီ သို့မဟုတ် ၄၈နာရီထက်ပို၍လုပ်ကိုင်မြဲအလုပ်ကိုပြန်၍ မလုပ်ကိုင်နိုင်လျှင် ထိုသို့မလုပ်ကိုင်နိုင်သည့် အကြောင်းရင်းကို ၇၂နာရီအတွင်း သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ အကြောင်းကြားရမည်။

(ဂ) လုပ်ငန်းခွင်တွင် အလုပ်သမားတစ်ဦးဦးသည် သတ်မှတ်ထားသည့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါတစ်မျိုးမျိုး စွဲကပ်လျှင်ဖြစ်စေ၊ လုပ်ငန်းခွင်အတွင်း သုံးစွဲသည့် ပစ္စည်းကိရိယာ သို့မဟုတ် လုပ်ငန်းစဉ်ကြောင့် အဆိပ်သင့်ကြောင်း သို့မဟုတ် အဆိပ်သင့်နိုင်ကြောင်း အသိအမှတ်ပြုဆရာဝန်၏ ဆေးစစ်ချက်မှတ်တမ်းဖြင့် အောက်ဖော်ပြပါ အချက်အလက်များ ပါဝင်သည့် အစီရင်ခံစာကို အခင်းဖြစ်ပွားပြီး ခုနစ်ရက်အတွင်း သက်ဆိုင်ရာဦးစီးဌာနသို့ပေးပို့ရမည်-

(၁) လူနာအလုပ်သမားအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(၂) ရောဂါအမည်၊ ဖြစ်ပွားရသည့်အကြောင်းရင်းနှင့်အတိုင်းအတာပမာဏ၊

(၃) လူနာအလုပ်သမားအလုပ်လုပ်နေသည့် သို့မဟုတ် အလုပ်လုပ်ခဲ့သည့် အလုပ်ရှင်၏ အမည်၊ နေရပ်လိပ်စာအပါအဝင် လုပ်ငန်းအမျိုးအစားနှင့် သက်ဆိုင်သည့် အသေးစိတ်အချက်အလက်များ။

*(ဆက်လက်ဖော်ပြပါမည်)*

# ချမ်းစိမ့်စိမ့် လွမ်းတစိမ့်စိမ့်နှင့် လွိုင်ကော်ခရီးစဉ်

## မြင့်စိုး (နတလ)

**၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီ (၁၄)ရက်နေ့**

တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးမှာ ရှမ်းပြည်နယ် မြောက်ပိုင်းအတွင်း တည်ငြိမ်အေးချမ်းမှုမရှိသေးတဲ့ နယ်မြေဒေသတွေက ခေတ္တတိမ်းရှောင်မိသားစုဝင်တွေအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက လှူဒါန်းထောက်ပံ့တဲ့ ဆန်၊ ဆီ၊ ဆား၊ ပဲနဲ့ ခြုံစောင်တွေကို ပေးအပ်လှူဒါန်းခဲ့ပါတယ်။ နောက်တစ်နေ့ နံနက်စောစောမှာ တောင်ကြီးကနေ ဟိုပုံး-ဘန်းယဉ်-ဆိုက်ခေါင်လမ်းအတိုင်း ဆီဆိုင်မြို့ကိုဖြတ်ပြီး လွိုင်ကော်ဘက်ကို ခရီးဆက်ခဲ့တော့ ထူးထူးခြားခြားလို့ပဲ ပြောရမလား။ ဟိုပုံးနဲ့ဆီဆိုင်မြို့အကြားမှာ မိုးကဖွဲဖွဲလေး ရွာချနေလေရဲ့။ မိုးဖွဲလေးတွေကြားမှာ ဆီဆိုင်ဒေသကို ဖြတ်သွားတဲ့အခါ ဟိုးလွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော် ကာလတုန်းက စစ်ဆင်ရေးတာဝန် ထမ်းဆောင်ကြရင်း ကျဆုံးသွားတဲ့ အရာရှိစစ်သည်တွေကို သတိရလိုက်မိတယ်။ စစ်သည် မဲမောင်နဲ့ နုထွန်းတို့က ဆီဆိုင်-လွိုင်ကော်ကားလမ်းဘေးက နောင်ရင်းဒုံရွာလေးအနီးမှာ ကျဆုံးခဲ့တယ်။ တပ်ခွဲမှူး (ဗိုလ်မှူး) ဗိုလ်ကြီးချစ်သွင်နဲ့ စစ်သည်အေးသာတို့ကတော့ လုံပနားရွာအနီးတိုက်ပွဲမှာ ကျဆုံးခဲ့တယ်။ သို့သော်ငြားလည်း အဲ့ဒီတိုက်ပွဲမှာ ရန်သူ ဗကပ ၁၀ ယောက်ကျ၊ တစ်ဦးဖမ်းမိ၊ ဒဏ်ရာရ ၁၃ ဦး၊ အမ် ၂၂ သေနတ် ခြောက်လက်နဲ့ ခဲယမ်းအချို့ရရှိအောင် ချေမှုန်းတိုက်ပွဲဝင်နိုင်ခဲ့တဲ့အတွက် တပ်ခွဲမှူး (ဗိုလ်မှူး) ဗိုလ်ကြီးချစ်သွင်ကို သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ချီးမြှင့်ခြင်းခံခဲ့ရတာတွေလည်း မှတ်မိနေဆဲပါ။ ဒါ့ကြောင့်လည်း ကားပေါ်ကနေ တိုက်ပွဲဖြစ်တဲ့နေရာဒေသတွေဆီကို လှမ်းမျှော်ကြည့်ရှုရင်း မိုးအေးအေးလေးနဲ့ ခရီးဆက်ခဲ့ပါတယ်။ အချိန်အခါမဟုတ်ထပြီး ရွာတဲ့မိုးဆိုပေမယ့် မိုးစက်မိုးဖွဲလေးတွေအောက်မှာ ချယ်ရီပွင့်လက်ကျန်လေးတွေကိုလည်း လှမ်းပြီးမြင်တွေ့နေရတာမို့ လွမ်းချင်းဖွဲ့မယ်ဆိုရင်လည်း ဖွဲ့နိုင်တာပဲပေါ့။

ဆီဆိုင်မြို့ကိုဖြတ်ခဲ့တုန်းက ဈေးထဲမှာဝင်ပြီး အသိမိတ်ဆွေတစ်ယောက်ရဲ့သတင်းရလိုရငြား မေးကြည့်ဖို့ စိတ်ကူးတော့ရှိသား။ သို့သော်ငြားလည်း လွန်ခဲ့တဲ့ ခြောက်နှစ်လောက်တုန်းက "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ပန်ဆန်းမြို့မှာ ကျင်းပတဲ့ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတက်ရောက်ဖို့သွားရင်းနဲ့ တန့်ယန်းမြို့မှာ အသိတစ်ယောက်ကို ဝင်မေးမိတာမျိုးလည်း ဖြစ်မှာစိုးရသေး။ တန့်ယန်းဈေးထဲမှာ ကျွန်တော်တို့နဲ့ ခင်မင်ခဲ့ဖူးတဲ့ မပီးဆိုတဲ့ မိတ်ဆွေတစ်ယောက်ရှိများရှိနေဦးမလားလို့ ဝင်ပြီးမေးမြန်းကြည့်တဲ့အခါ ဈေးရောင်းနေသူ အမျိုးသမီးကြီးအချို့က ရယ်မောပြီး ကျွန်တော့်ကို ပြန်မေးနေကြတယ်လေ။ ဘယ်တုန်းက မပီးလဲ၊ အခုဒီဈေးထဲမှာ ဈေးရောင်းနေတဲ့ မပီးက ၁၀ ယောက်မကဘူး။ ရှမ်းစကားနဲ့ဆိုရင် ဝတဲ့သူတိုင်းကို မပီးလို့ ခေါ်ကြတာပဲ။ ကိုင်း.. ဘယ်မပီးလဲဆိုတော့ ကျွန်တော်မဖြေနိုင်ခဲ့ဘဲ ဈေးထဲက ပြန်ထွက်လာခဲ့ရတာ ခုထိ မှတ်မိနေတုန်း။ ဒါကြောင့်လည်း ဆီဆိုင်ဈေးထဲမှာ ကျွန်တော်တွေ့ချင်တဲ့လန်ရှမ်းက ဘယ်နှရှမ်းရှိနေမှန်း မသိလို့ ဝင်မမေးဖြစ်တော့။ သူတို့မိသားစုအားလုံးကို သတိရမိပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုခဲ့တဲ့ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လမ်းခရီးတစ်လျှောက် အလျဉ်းသင့်သလို ဝင်ရောက်ကြည့်ရှုခဲ့ပါတယ်။ ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ကျေးရွာအနီးက နမ့်ဖာမူသောက်သုံးရေကန်ကြီး ပြန်လည်တူးဖော်ပြုပြင်နေတဲ့ လုပ်ငန်းခွင်ကိုလည်း ရောက်ရှိခဲ့ပါသေးတယ်။ သဘာဝရေထွက်ရှိပြီး ကြီးမားတဲ့ ရေကန်ကြီးဖြစ်နေတာက တစ်ကြောင်း၊ ကန်ပတ်လမ်းတွေကို စနစ်တကျဖောက်လုပ်ပြီး သာယာလှပအောင် ပြုပြင်နေတာကတစ်ကြောင်း၊ ထို့ကြောင့် ဒီကန်ကြီးစနစ်တကျ တူးဖော်ပြီးသွားရင် ဆိုက်ခေါင်ကျေးရွာရပ်ကွက်အသီးသီးက နယ်မြေလူထု ၈၀၀၀ ကျော်အတွက် သောက်သုံးရေ ဖူလုံသွားရုံမျှမက သဘာဝအပန်းဖြေနားနေစရာ နေရာတစ်ခုလည်း တိုးလာမှာသေချာပါတယ်။ လွိုင်ကော်မြို့ဝင်ခါနီးမှာ ရေယို-နို့ကူးရွာမ မြေလမ်း (၃/၇)မိုင် ဖောက်လုပ်နေတာကို ဝင်ရောက်ကြည့်ရှုပြီး လိုအပ်တာတွေ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။

လွိုင်ကော်ကိုရောက်တဲ့အခါ ကယားပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးက ဝန်ထမ်းတွေနဲ့ တွေ့ဆုံနှုတ်ဆက်ခဲ့ပါတယ်။ ဝန်ထမ်းအသစ်တွေကတော့ အခုမှ တွေ့ဖူးမြင်ဖူးကြတာဖြစ်ပေမယ့် တချို့သောဝန်ထမ်းတွေက ရန်ကုန်မြို့မှာရှိတဲ့ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရဲ့ ဝန်ထမ်းဟောင်းတွေဖြစ်နေတာမို့ သိခဲ့တာကြာပါပြီ။ မိမိရုံးကဝန်ထမ်းတွေနဲ့တွေ့ဆုံခဲ့သလိုပဲ မိမိတို့ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကွပ်ကဲမှုအောက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းကိုလည်း ရောက်ခဲ့ပါတယ်။ အခြေခံအိမ်တွင်းမှုသင်တန်းရော အဆင့်မြင့်စက်ချုပ်သင်တန်းပါ ဖွင့်လှစ်ထားတာမို့ တက်ရောက်နေတဲ့ သင်တန်းသူလေးများကို တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောဖြစ်ခဲ့ပါတယ်။ ထူးထူးခြားခြားသွားတွေ့ရတာက ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်/ကွတ်ခိုင်ဒေသကနေလာပြီး သင်တန်းတက်နေတဲ့ သင်တန်းသူလေး နှစ်ဦးပါပဲ။ အခြေခံအိမ်တွင်းမှုသင်တန်းတက်ပြီးချိန် မူဆယ်ဒေသဘက်မှာ မတည်မငြိမ်ဖြစ်သွားတာနဲ့ ကြုံရလို့ ဇာတိကိုမပြန်တော့ဘဲ အဆင့်မြင့်စက်ချုပ်သင်တန်း ဆက်တက်ခဲ့ကြောင်း သိရပါတယ်။ သမီးတို့ရွာတွေဘက်က ခေတ္တတိမ်းရှောင်မိသားစုဝင်တွေအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက ဆန်၊ ဆီ၊ ဆား၊ ပဲနဲ့ ခြုံစောင်တွေကို ဒုတိယအကြိမ် ထောက်ပံ့ပေးတာမို့ မနေ့ကပဲ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ကိုယ်စား ဘဘတို့သွားပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်းက နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိသေးတဲ့ ဒေသတွေလည်း မကြာခင်မှာ အေးချမ်းသွားမှာဖြစ်ကြောင်း အားပေးစကားပြောကြားခဲ့ပါတယ်။ သူတို့လေးတွေအတွက်ကတော့ အဆိုးထဲက အကောင်းလို့ပဲ ပြောရမလား။ လွိုင်ကော်မှာ ရောက်နေစဉ်ခဏ အတတ်ပညာတစ်ခု သင်ယူတတ်မြောက်ခွင့် ရသွားတာတော့ အမှန်ပါပဲ။



တစ်ဆက်တည်းဆိုသလို ကျွန်တော်ရောက်သွားတာက လွိုင်ကော်မြို့မှာ ဖွင့်လှစ်ထားတဲ့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းပဲ ဖြစ်ပါတယ်။ သွားရတဲ့ အဓိကအကြောင်းရင်းကတော့ မကြာခင်တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုတော့မယ့် ကျောင်းသားကျောင်းသူလေးများနဲ့တွေ့ဆုံပြီး အောင်ချက်မြင့်မားဖို့၊ စာမေးပွဲဖြေခါနီး ကျန်းမာရေးဂရုစိုက်ကြဖို့ မှာချင်လို့ပါ။ တက္ကသိုလ်ဝင်စာမေးပွဲဖြေမယ့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၅ ဦးရှိပါတယ်။ ထုံးစံအတိုင်း မြစ်ကြီးနားမြို့မှာ ဖွင့်လှစ်ထားတဲ့ အမှတ် (၁)နဲ့ အမှတ် (၂) လူငယ်သင်တန်းကျောင်းတွေမှာ စိန်ခေါ်ခဲ့သလိုပါပဲ။ တစ်ဘာသာဂုဏ်ထူးထွက်ရင် ဘဘအနေနဲ့ ငွေကျပ် တစ်သိန်းစီ သပ်သပ် ဆုချမယ်။ နေပြည်တော်က ဝန်ကြီးဌာန ဆုပေးပွဲမှာ ပြန်ဆုံကြမယ်။ ဂုဏ်ထူးများများထွက်ဖို့ ကတိပေးနိုင်သလားလို့ မေးလိုက်တဲ့အခါ အားလုံးက ဝမ်းပန်းတသာ တက်တက်ကြွကြွနဲ့ ပြန်ဖြေကြတယ်။ ပေးနိုင်ပါတယ်။ ဂုဏ်ထူးထွက်ရပါစေ့မယ်…တဲ့။

လွိုင်ကော်မြို့မှာ ရှိနေစဉ်ခဏ မဖြစ်မနေသွားဖူးရမည့် စေတီတစ်ဆူရှိနေပါတယ်။ အဲဒါကတော့ ကယားပြည်နယ်ရဲ့ အထင်ကရ တောင်ကွဲစေတီခေါ် သီရိမင်္ဂလာတောင်တော်ပေါ်က စေတီပဲဖြစ်ပါတယ်။ မဖူးရတာလည်း အနှစ် ၃၀ ကျော်ခဲ့ပြီပေါ့။ စေတီကုန်းပေါ်ကနေ မြင်နေရတဲ့ လွိုင်ကော်မြို့ မြင်ကွင်းကလည်း အေးအေးချမ်းချမ်းပါပဲ။ ညနေစောင်း နေဝင်ဖျိုးဖျအချိန် သွားဖူးတဲ့အတွက် စေတီကုန်းအတက်မှာ ဆည်းဆာနေရောင်ခြည်က ဖျော့ဖျော့လေး ရှိနေပါသေးတယ်။ ဘုရားဖူးပြီး ပြန်အဆင်းမှာတော့ ပူဇော်ထွန်းညှိထားတဲ့ ဆလိုက်မီးရောင်စုံတွေက ထိန်ထိန်ညီးညီးဖြစ်နေပြီမို့ တောင်အောက်အရောက်မှာ ပြန်ဖူးရတဲ့မြင်ကွင်းကလည်း ကြည်ညိုသပ္ပာယ်လှပါတယ်။

နောက်တစ်နေ့မှာ ဒီမော့ဆို၊ ဖရူဆို၊ ဖားဆောင်းမြို့တွေကိုဖြတ်ပြီး မယ်စဲ့၊ ဟိုစဲ့မြို့တွေနဲ့ နယ်ခြားမှတ်တိုင် ဘီပီ-၁၃အထိ သွားရောက်ခဲ့ပါတယ်။ အဲ့ဒီကမှ ဘော်လခဲမြို့ကို ညပြန်အိပ်ပြီး နောက်တစ်နေ့မှာ ရွာသစ်ကနေတစ်ဆင့် ဟွေပုံလောင်းဘက်ကို သွားခဲ့ပါသေးတယ်။ ဟွေပုံလောင်းက အပြန်ခရီးကျမှ ဘော်လခဲမြို့မှာ ဖွင့်လှစ်ထားတဲ့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုး ရေးသင်တန်းကျောင်းကို ဝင်ရောက်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီကျောင်းကတော့ ဖွင့်တာမကြာသေးတဲ့အတွက် နဝမတန်းအထိပဲ တက်နေကြပါသေးတယ်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမယ့် ကျောင်းသား ကျောင်းသူမရှိသေးပါဘူး။ မရှိပင်မရှိငြားသော်လည်း သင်တန်းနည်းပြတွေက Guardian System နဲ့ စနစ်တကျ ကြည့်ရှုစောင့်ရှောက်ကူညီပံ့ပိုးပေးကြရေး၊ မိမိတို့ဝန်ကြီးဌာနအောက်မှာ ဖွင့်လှစ်ထားတဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်းနဲ့ရန်ကုန်)တွေမှာ တက်ရောက်သင်ယူဆည်းပူးခွင့်ရအောင် ကြိုးစားကြရေး အားလုံးကို တိုက်တွန်းမှာကြားခဲ့ပါတယ်။ မကြာသေးမီကမှ ကျွန်တော်ကိုယ်တိုင် ရန်ကုန်မြို့မှာ သွားရောက်တည်းဖြတ်ပြီး ပြည်ထောင်စုနေ့အမီ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတွေမှာ ထုတ်လွှင့်ပြသပေးခဲ့တဲ့ "ပြည်ထောင်စုအတွက် ထာဝစဉ်" လူငယ်သင်တန်းကျောင်းသီချင်းကို သီဆိုရာမှာတော့ ဘော်လခဲလူငယ်သင်တန်းကျောင်းက ကလေးတွေက တော်တော်လေးကို ညီညီညာညာ စည်းကိုက်ဝါးကိုက်သီဆိုနိုင်တာကို တွေ့ခဲ့ရပါတယ်။ တည်းဖြတ်ထားတဲ့အရုပ်တွေထဲမှာ သားတို့သမီးတို့ သံတံတားလေးပေါ်ကဖြတ်ပြီး ကျောင်းသွားကြတဲ့ ပုံလေးတစ်ပုံ ဘဘထည့်ထားပေးကြောင်းလည်း သူတို့ကို ပြောခဲ့ပါတယ်။

ကယားပြည်နယ်အတွင်း လွိုင်ကော်၊ ဖားဆောင်း၊ ဘော်လခဲ၊ မယ်စဲ့၊ ရွာသစ်၊ ဟွေပုံလောင်း ဒေသတွေမှာရှိတဲ့ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ မိမိတို့နတလဦးစီးဌာနက ဖွင့်လှစ်ထားတဲ့ရုံးတွေ၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်က အိမ်တွင်းမှုနဲ့ လူငယ်သင်တန်းကျောင်းတွေကို အရောက်သွားပြီး ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှာ နေပြည်တော်ကို ရောက်ခဲ့ပါတယ်။ ရှားတောမြို့နယ်နဲ့ ဟိုယာ/ဘီယာဒေသဘက်ကိုတော့ ချန်ထားခဲ့ပါတယ်။ နောက်တစ်ခေါက် ခရီးစဉ်အတွက်ပါ…။

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာနှင့်ပြည်သူ့အိမ်ရာ အိမ်ခန်းများ ဆောက်လုပ်ပေးနေ



**မန္တလေး ဖေဖော်ဝါရီ ၂၄**

မိမိတို့မြို့ရွာ၌ တာဝန်ကျလာရောက် ထမ်းဆောင်နေသည့် ဌာနမှဝန်ထမ်းများအတွက် နေရေးသည် အရေးမကြီးသော်လည်း အဝေးမြို့များမှ တကူးတက လာရောက်တာဝန်ကြသော ဝန်ထမ်းများအတွက် နေရေးသည် အရေးကြီးသည်။ အခြားမြို့များမှ လာရောက်ကြသော ဝန်ထမ်းများသည် အိမ်ငှားဖြင့်နေထိုင်ကြရသည်။ အိမ်လခ ဈေးကြီးသည်။ မိသားစုနေရေးအတွက် အလွန်အရေးကြီးသော တာဝန်ကြီးဖြစ်သည်။

ဌာနအသီးသီးတွင် မိမိတို့မြို့ရွာမှ မဟုတ်ဘဲ အခြားမြို့ရွာများတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအတွက် နိုင်ငံတော်အစိုးရက တာဝန်သိစွာဖြင့် ဝန်ထမ်းအငှားအိမ်ရာနှင့် ပြည်သူ့အငှားအိမ်ရာများကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယခုခေတ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနက အခြားသော မြို့ရွာများမှ တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းမိသားစုအတွက် တိုင်းနှင့်ပြည်နယ်က သက်ဆိုင်ရာအစိုးရ ရန်ပုံငွေနှင့်ပြည်ထောင်စုရန်ပုံငွေတို့ဖြင့် ဝန်ထမ်းအိမ်ရာနှင့် ပြည်သူ့အငှားအိမ်ရာများကို ဆောက်ပေးနေသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီး/ပြည်နယ်ဘတ်ဂျက်တို့ဖြင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးခဲ့ရာ စစ်ကိုင်းတိုင်းတွင် တိုက်ခန်းလုံးရေ ၆၈ လုံး၊ အခန်းအရေအတွက် ၁၂၃၆ ခန်း၊ တနင်္သာရီတိုင်းအတွက် တိုက်ခန်းလုံးရေ ၃၆လုံး၊ အခန်းအရေအတွက် ၄၄၈ ခန်း၊ ပဲခူးတိုင်းအတွက် တိုက်ခန်း ၁၉ လုံး၊ အခန်းပေါင်း ၃၀၀၊ မကွေးတိုင်းအတွက် တိုက်ခန်း ၁၇လုံး၊ အိပ်ခန်းပေါင်း ၂၆၄ ခန်း၊ မန္တလေးတိုင်းအတွက် တိုက်ခန်း ၁၃၂လုံး၊ အခန်းပေါင်း ၃၁၉၆ ခန်း၊ ရန်ကုန်တိုင်းအတွက် တိုက်ခန်း ၅၀၊ အခန်းပေါင်း ၁၂၀၀၊ ဧရာဝတီတိုင်းအတွက် တိုက်ခန်း ၁၀လုံး၊ အခန်းပေါင်း ၁၈၄ ခန်း၊ ကရင်ပြည်နယ်အတွက် တိုက်ခန်း ၂၆ လုံး၊ အခန်းပေါင်း ၃၇၂ ခန်း၊ ကယားပြည်နယ်အတွက် တိုက် ၁၃လုံး၊ အခန်းပေါင်း ၁၅၆ ခန်း၊ ကရင်ပြည်နယ်အတွက် တိုက် ၇၂လုံး၊ အခန်းပေါင်း ၃၀၈ ခန်း၊ ချင်းပြည်နယ်အတွက် တိုက် ၁၀လုံး၊ အခန်းပေါင်း ၈၆ ခန်း၊ မွန်ပြည်နယ်အတွက် တိုက် ၁၇ လုံး၊ အခန်းပေါင်း ၂၄၈ ခန်း၊ ရခိုင်ပြည်နယ်အတွက် တိုက် ၂၉လုံး၊ အခန်းပေါင်း ၃၂၀၊ ရှမ်းပြည်နယ်အတွက် တိုက် ၃၇ လုံး၊ အခန်းပေါင်း ၄၆၈ ခန်း၊ တိုင်းနှင့်ပြည်နယ် ၁၄ ခုတွင် တိုက် ၅၃၆ လုံးနှင့် အခန်းပေါင်း ၈၇၈၈ ခန်း ဆောက်လုပ်ပေးခဲ့သည်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာနှင့် ပြည်သူ့အိမ်ရာများ ဆောက်လုပ်ပေးနေရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် နယ်မြို့ကြီးများတွင် လှည့်ပတ်ရန်ပုံငွေဖြင့် အိမ်ရာစီမံကိန်းများ ဆောက်လုပ်နေပြီး နယ်မြို့ကြီးများတွင် လှည့်ပတ်ရန်ပုံငွေဖြင့် အိမ်ရာစီမံကိန်းများ ဆောက်လုပ်နေရာ မန္တလေး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာအပိုင်း(၁) အပိုင်း(၂)၊ မကွေးတိုင်းဒေသကြီးတွင် ချမ်းမြေ့သာယာ၊ ဧရာဝတီတိုင်းတွင် ပုသိမ်ဥမ္မာဒန္တီ၊ စစ်ကိုင်းတိုင်း မုံရွာတွင် နန္ဒဝန်အိမ်ရာနှင့် နေပြည်တော်တွင် ရွှေနံ့သာ လေးခန်းတွဲလေးထပ်မှ၊ ရှစ်ခန်းတွဲ ခြောက်ထပ်အထိ တိုက်ပေါင်း ၉၈ လုံး၊ အခန်းပေါင်း ၂၇၃၂ ခန်းကိုလည်း ဆောက်လုပ်လွှဲပြောင်း ရောင်းချပြီးဖြစ်ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# မုံရွာ-ကလေးလမ်းထောင့်ရှိ အောင်ဇေယျမြို့သစ်မြေကွက်များ ဝယ်ယူသူလုပ်ငန်းရှင် ၆၀ ရာခိုင်နှုန်းရှိလာ




**မုံရွာ ဖေဖော်ဝါရီ ၂၄**

မြို့မြေပုံစံကျပြီးဖြစ်သလို ခိုင်ခံ့သေချာပြီး မြေဂရန်ကျထားသည့် မုံရွာ-ပုသိမ်လမ်းနှင့်မုံရွာ-ကလေး လမ်းဆုံရာ အောင်ဇေယျမြို့သစ် မြေကွက်များကို လုပ်ငန်းရှင်များ ဝယ်ယူမှုမှာ ၆၀ ရာခိုင်နှုန်းရှိပြီး ဝန်းကျင်နှင့် အဝေးနယ်များက ဝယ်ယူသူ ၄၀ ရာခိုင်နှုန်းရှိနေကြောင်း အောင်ဇေယျမြို့သစ် စတင်ဖော်စဉ်ကတည်းက စည်ကားရေးဆောင်ရွက်နေသူ ဦးမြင့်မောင်ထံမှ သိရသည်။

အောင်ဇေယျမြို့သစ်တွင် ကွက်သစ်ငါးခုဖော်ထားရာ မုံရွာ-ကလေးလမ်း၏ တောင်ဘက်တွင် ပေ ၆၀ ပတ်လည် မြေကွက် ၇၇၇ ကွက်ရှိသည့်အနက် လက်ရှိတွင်မြေကွက် ၅၀ ကျော် တွင် တိုက်တာနှင့် အိမ်ကြီးများ၊ စက်ရုံကြီးများ တည်ဆောက်ထားသလို လမ်းမြောက်ဘက်ရှိ ချထားပေးသော မြေကွက် ၄၈၁ ကွက် အနက် ၁၁ ကွက်မှာ အိမ်ရာတည်ဆောက် ထားပြီးဖြစ်ကြောင်း သိရသည်။

"လမ်းရဲ့တောင်ဘက်ခြမ်း မြေကွက် ၇၇၇ ကွက်နဲ့ မြောက်ဘက် ၄၈၁ ကွက်ကို အစိုးရက အကွက်ရိုက်ချပေးတုန်းက လမ်းနဲ့အနီးဆုံးကပ်လျက်အတန်းက တစ်ဝင်း ငွေကျပ် ၁၀ သိန်း ၊ ခါးအလယ်ကွက်က ငွေကျပ် ရှစ်သိန်းနဲ့ အတွင်းဆုံးကွက် တစ်ကွက် ငွေကျပ် ငါးသိန်းနဲ့ လမ်းကြေးတွေအနေနဲ့ တောင်ဘက်ခြမ်းက မြေတစ်ကွက် ငွေကျပ် နှစ်သောင်းနဲ့ မြေမညီတဲ့ မြောက်ဘက်တန်းကတော့ ငွေကျပ် ငါးသောင်း ပေးသွင်းကြရတာပဲရှိပါတယ်။ အခုလက်ရှိ ပေါက်ဈေးက ငွေကျပ် ၁၀သိန်းပေးဝယ်ထားတဲ့ လမ်းနဲ့အနီး ဆုံးက ငွေကျပ် သိန်း ၅၀၀၊ ငွေကျပ် ရှစ်သိန်းပေးရတဲ့ အလယ်ခါးဝင်းက ငွေကျပ် သိန်း ၂၀၀ ရှိနေပြီး နောက်ဆုံးရောက်နေတဲ့ ငွေကျပ်ငါးသိန်း ပေးရတဲ့နေရာက အခု ငွေကျပ် သိန်း ၁၀၀ ဝန်းကျင်မှာ အရောင်းအဝယ်ဖြစ်နေကြပါတယ်။

ပြီးခဲ့တဲ့နှစ်ကုန်ကာလက အရောင်းရော အဝယ်ပါ ပိတ်သလောက်ရှားပါးခဲ့ပြီး အခုကာလမှာ ပြန်စည်စပြုလာပါပြီ။ အဓိကကျတဲ့ နေရာတွေဆိုတာ သိလာတဲ့အတွက် အရောင်းအဝယ်တွေ ပြန်လှုပ်ရှားလာတာဖြစ်မှာပါ"ဟု မုံရွာမြို့ မြို့သစ်ရပ် အိမ်ခြံမြေပွဲစား ကိုအောင်ဆန်းကပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဗြိတိသျှကောင်စီက မြန်မာနိုင်ငံရှိပြတိုက်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

မြန်မာနိုင်ငံရှိပြတိုက်ဝန်ထမ်းများ၏ အရည်အသွေးနှင့် ကျွမ်းကျင်မှုတိုးတက်စေရန်၊ မိမိတို့တာဝန်ကျရာ ပြတိုက်တွင် ပြန်လည်အသုံးချနိုင်စေရန်နှင့် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ စာရင်းရေးသွင်းစေရန်ရည်ရွယ်၍ ပြတိုက်များရှိ စုဆောင်းပစ္စည်းများ ထိန်းသိမ်းခြင်းနှင့် သတင်းအချက်အလက်ဆိုင်ရာ စီမံခန့်ခွဲခြင်းသင်တန်း (Managing Collections and Collections Information) ကို ဖေဖော်ဝါရီ ၂၁ ရက်က ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ဖွင့်လှစ်သည်။

ဗြိတိသျှကောင်စီမှညွှန်ကြားရေးမှူး ရစ်ချတ်စန်ဒါလန်ကသင်တန်းတွင် ပြတိုက်ဆိုင်ရာမှတ်တမ်းပြုစုခြင်းနှင့်ပတ်သက်မှုများ၊ စံနှုန်းညီမှု ဝေါဟာရကြွယ်ဝမှုများကို သင်ကြားပေးသွားမည်ဖြစ်ပြီး ရှေ့ဆက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး မြန်မာ နိုင်ငံရှိပြတိုက်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက် သွားရန်ရှိကြောင်း ပြောသည်။

အဆိုပါသင်တန်းကို ယူကေနိုင်ငံရှိ Collections Trust ရှေးဟောင်းပစ္စည်းများ ထိန်းသိမ်းခြင်းနှင့် သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်းဆိုင်ရာ ပညာရှင်နှစ်ဦးက လာရောက်ပို့ချခြင်းဖြစ်သည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားပြတိုက်(ရန်ကုန်) ညွှန်ကြားရေးမှူး ဒေါ်နန်းလောဝင်းက "မြန်မာနိုင်ငံမှာ ပြတိုက်ပေါင်း ၅၀ ကျော်ရှိပါတယ်။ ဒီအထဲမှာ ပြတိုက်ပစ္စည်းတွေစုဆောင်းတဲ့ ပညာရပ်အပြင် စုဆောင်းပစ္စည်းတွေကို စီမံခန့်ခွဲဖို့ ပညာရပ်က ပြတိုက်ဝန်ထမ်းတွေအတွက်အလွန်အရေးကြီးပါတယ်။ ဒီမှာရှိတဲ့ စုဆောင်းပစ္စည်းတွေကို စာရင်းပေးသွင်းနည်းက ပြတိုက်တစ်ခုစီမှာ တစ်မျိုးစီဖြစ်နေပါတယ်၊ ဒီသင်တန်းက ပညာရပ်တွေနဲ့ အသုံးချတဲ့အခါ တစ်နိုင်ငံလုံး စံချိန်စံညွှန်းတွေညီတဲ့ စာရင်းသွင်းနည်းပုံစံနဲ့ ရေးသွင်းနိုင်မှာဖြစ်ပြီး နိုင်ငံတကာနဲ့ ချိတ်ဆက်တဲ့အခါမှာလည်း စုဆောင်းပစ္စည်းထိန်းသိမ်းတဲ့ စနစ်မှာ နိုင်ငံတကာနဲ့ကိုက်ညီပြီးဖြစ်သွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါသင်တန်းကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဗြိတိသျှကောင်စီ(ရန်ကုန်)တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ ငါးရက်တာ စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကာ သင်တန်းသို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနလက်အောက်ရှိ ပြတိုက်များနှင့် အခြားဝန်ကြီးဌာန ပြတိုက်များမှ သင်တန်းသား သင်တန်းသူ၅၀၊ ပြတိုက်ဒီပလိုမာ တက်ရောက်နေသော သင်တန်းသား သင်တန်းသူများနှင့် ပုဂ္ဂလိကပြတိုက်များမှ သင်တန်းသား သင်တန်းသူ ၂၀ တို့တက်ရောက်ကြကြောင်း သိရသည်။

**မြတ်စနီှသင်းဇော်**

# ကမ်ပိုအားကစားနည်းသင်တန်း လေ့ကျင့်သင်ကြားပေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

နွေရာသီကျောင်းပိတ်ရက် ကမ်ပိုအားကစားနည်းသင်တန်းကို အခြေခံ(ထက်-လယ်-မူ)ကျောင်းသား လူငယ်မောင်မယ်များအား မေ ၁ ရက်မှ ၇ ရက်အထိအခမဲ့ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကမ်ပိုအဖွဲ့ချုပ်မှ သိရသည်။

မြန်မာနိုင်ငံကမ်ပိုအဖွဲ့ချုပ်ဥက္ကဋ္ဌဦးကျော်မိုးနိုင်က "မြန်မာ့ကမ်ပိုအားကစားအဆင့်အတန်းတိုးတက်မြင့်မားရေး၊ နိုင်ငံတကာပြိုင်ပွဲများ အောင်မြင်မှုရရှိရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပံ့ပိုးကူညီခြင်းနဲ့ ကနဦးအစနွေရာသီကျောင်းပိတ်ရက်မှာ ကျောင်းသား လူငယ်တွေကို သင်ပေးမှာပါ။ ဂျပန်နိုင်ငံကမ်ပိုအဖွဲ့ချုပ်နည်းပညာရှင်တွေနဲ့ ဖိတ်ခေါ်ပြိုင်ပွဲတွေ ဝင်ရောက်ယှဉ်ပြိုင်နိုင်တဲ့အထိ အခမဲ့သင်ကြားပေးသွားမယ်။ နောက်ဆိုအခြေခံပညာကျောင်းနဲ့ International School တွေမှာကမ်ပိုအားကစားနည်းသရုပ်ပြခြင်း၊ ဟောပြောသင်ကြားခြင်းတွေ ဆောင်ရွက်ဖို့ရှိပါတယ်။ ဒီအားကစားနည်းက တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကို မြှင့်တင်ပေးနိုင်ပါတယ်"ဟု ပြောသည်။

သင်တန်းတာဝန်ခံဒေါ်မိမိဇော်က သတ်မှတ်ရွေးချယ်ရာမှာ အလားအလာကောင်းတဲ့ သင်တန်းသားတွေကို ဧပြီ ၄ ရက်ကနေ ၁၉ ရက်အထိ ကျိုက္ကဆံ(ကမ်ပိုလေ့ကျင့်ရေးရုံ)မှာ နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲဝင်နိုင်တဲ့အထိ အဆင့်မြင့်သင်ကြားပေးသွားမယ်"ဟု ပြောသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# ပေါက်မြို့နယ်၌ သောက်သုံးရေဖူလုံရေး အဆင့်မီ မြေသားရေကန်သစ်တူးဖော်

**ပေါက် ဖေဖော်ဝါရီ ၂၄**

ပခုက္ကူခရိုင် ပေါက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပေါက်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် နွေရာသီသောက်သုံးရေ အခက်အခဲရှိသည့် ကျေးရွာများကို ရေရှား ပါးပြတ်လပ်မှုမရှိစေရေး မြေသားရေကန်သစ်တူးဖော်ခြင်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ပေါက်မြို့နယ် ညောင်ရေတည်း ကျေးရွာ၌ မြေသားရေကန်သစ်တူးဖော်ခြင်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလဆန်းပိုင်းကစတင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါ ညောင်ရေတည်းကျေးရွာသည်ပေါက်မြို့နယ်အဆုံး မြိုင်မြို့နယ်အစပ်တွင် တည်ရှိသော ကျေးရွာဖြစ်ပြီး မြေအောက်ရေနှင့် အလွန်ဝေးကွာ၍ ကျေးလက်နေ တောင်သူများစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင် သဘာဝမိုးရေကိုသာ အားကိုးလုပ်ကိုင်နေရသည်။ နွေရာသီတွင် ကျေးလက်နေပြည်သူများမှာ သောက်သုံးရေပြတ်လပ်မှုနှစ်စဉ် အခက်အခဲကြုံတွေ့နေရသဖြင့် ပေါက်မြို့ နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပေ (၄၅၀× ၂၅၀×၁၈) ရှိသော မြေသားရေကန်သစ်တူးဖော်ခဲ့ရာ ယခုအခါ ပြီးစီးအောင်မြင်သွားပြီဖြစ်ကြောင်း မြို့နယ်ဦးစီးအရာရှိ ဦးဝင်းဇော်ဦးက ပြောသည်။

အဆိုပါ ညောင်ရေတည်းကျေးရွာတွင် မြေသားရေကန်သစ်တူးဖော်ပေးမှုကြောင့် ကျေးရွာရှိ အိမ်ထောင်စု ၁၂၀ မှ လူဦးရေ ၆၆၄ ဦးတို့မှာ သုံးရာသီ သောက်သုံးရေအတွက် ပူစရာမလိုတော့ကြောင်း သိရသည်။

**ညဏ်တိုး(ပေါက်)**

# မှုခင်းအသိပညာပေးယာဉ်ဖြင့် လိုက်လံဟောပြော

**စလင်း ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ဖေဖော်ဝါရီ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် မကွေးတိုင်းဒေသကြီး မှုခင်းအသိပညာပေးယာဉ်ဖြင့် ကျေးရွာများအထိ သွားရောက်၍ မှုခင်းအသိပညာပေးဆိုင်ရာ ပြည်သူများသိရှိလိုက်နာရန် အချက်အလက်များကို ကွင်းဆင်းဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲကို စလင်းရဲတပ်ဖွဲ့မှ မြို့နယ်မှူး ရဲမှူးငွေတင်က ပရိဂျက်တာဖြင့် ရှင်းလင်းပြောကြားပြီး မြို့နယ်မှူး ဒုတိယရဲမှူး ခင်မောင်ညွန့်က သက်ငယ်မုဒိမ်းကြောင်းနှင့် မြို့မစခန်းမှူး ဒုရဲမှူးဝင်းနိုင်က ရဲလုပ်ငန်းစဉ်များ အကြောင်းကို ဟောပြောခဲ့သည်။ ယင်းနောက် ဒေသခံများက မော်တော်ယာဉ်ပေါ်သို့တက်ရောက်ကြည့်ရှုကြပြီး ရဲမေများက အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# တောင်ငူတွင်စာပေဟောပြောပွဲကျင်းပ

**တောင်ငူ ဖေဖော်ဝါရီ ၂၄**

နာရေးကူညီမှုအသင်း(တောင်ငူ)ဖွဲ့စည်းတည်ထောင်ခြင်း သုံးနှစ်ပြည့်အထိမ်းအမှတ်စာပေဟောပြောပွဲကို ဗိုလ်ချုပ်ရင်ပြင်အနီး၌ ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြောချင်လွန်းလို့ စောင့်နေတာကြာပြီ သံချပ်အဖွဲ့နှင့် ဩသည်သံချပ်အဖွဲ့တို့က သံချပ်များထိုးခဲ့ကြပြီး နာရေးကူညီမှုအသင်း (တောင်ငူ) ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက အသင်း၏လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ အရုပ်တွေပေါ်တဲ့မြို့ခေါင်းစဉ်ဖြင့် လှမျိုးဝင်း မြန်မာစာ(ကောင်းမော်)က ဟောပြောပြီး စာရေးဆရာ ချစ်ဦးညိုက ငါတို့သည်ဦးကိုနီနှင့် ကိုနေဝင်းများဖြစ်ကြသည် ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။ **သူရ(တောင်ငူ)**

# ရန်ကုန်၌ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ရွှေဘိုကျောင်း လေးထပ်ဓမ္မဗိမာန်တော်ကြီး၌ ပဋ္ဌမအကြိမ်မြောက် နွေရာသီယဉ်ကျေးလိမ္မာ ၁၀ ရက်သင်တန်းကို မတ် ၁ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းသို့ အခြေခံပညာမူလတန်းအရွယ်ကလေးငယ်များမှစ၍ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ သင်တန်းချိန်မှာ နေ့စဉ် မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၃နာရီခွဲအထိဖြစ်ပြီး ကိုယ်တိုင်ဖြစ်စေ၊ ဖုန်း - ၀၉၅၀၅၉၆၂၆ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်းနှင့် အဆိုပါသင်တန်းကို ဗုဒ္ဓတရားတော်များအား လူငယ်လူရွယ်များ အခြေခံမှစ၍ သိရှိနားလည်သဘောပေါက်လိုက်နာကျင့်သုံးလာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုချစ်**

# တောင်သူလယ်သမားများ လူမှုဘဝတိုးတက်မြင့်မားရေး စီမံကိန်းအရ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူ

**မလှိုင် ဖေဖော်ဝါရီ ၂၄**

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO)နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် တိရစ္ဆာန်ကျန်းမာရေး၊ ထုတ်လုပ်မှုနှင့် ဈေးကွက်မြှင့်တင်ရေးမှတစ်ဆင့် အပူပိုင်းဒေသရှိ တောင်သူလယ်သမားများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေးစီမံကိန်းအရ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းကို တတိယအကြိမ်အဖြစ် မလှိုင်မြို့နယ်အတွင်း၌ ဖေဖော်ဝါရီ ၂၀ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ မူဝါဒများချမှတ်ရာတွင် အထောက်အကူဖြစ်စေရန်၊ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုလုပ်ငန်းများ၊ အစာဆိုင်ရာ လုပ်ငန်းများ၊ တိရစ္ဆာန်မျိုးပွား၊ မျိုးမြှင့်ခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ အဆိုပါစီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မလှိုင်မြို့နယ်တွင် ၂၀၁၆ ခုနှစ် စက်တင်ဘာလက ရှေ့ပြေး တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းကို ကျေးရွာအုပ်စုလေးအုပ်စုရှိ ရွာလေးရွာနှင့် ရပ်ကွက်ကြီးတစ်ခုတွင် ဆောင်ရွက်ခဲ့ပြီး ပထမအကြိမ်ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ ၂၄ ရက်အထိ ကျေးရွာအုပ်စု ၁၂ အုပ်စု ကျေးရွာပေါင်း ၅၀ မှ အိမ်ထောင်စု ၆၇၀၀ ကျော်၊ ဒုတိယအကြိမ်ကို ဖေဖော်ဝါရီ ၅ ရက်မှ ၁၄ ရက်အထိ ကျေးရွာအုပ်စု ၁၂ အုပ်စု၊ ကျေးရွာပေါင်း ၅၀ မှ အိမ်ထောင်စု ၅၆၀၀ ကျော်တွင် ကောက်ယူခဲ့ပြီးဖြစ်သည်။

ယခု တတိယအကြိမ် စာရင်းကောက်ယူရန်အတွက် မလှိုင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးကိုက စာရင်းကောက်ယူမည့်အဖွဲ့ ၁၃ ဖွဲ့အား စာရင်းကောက်ယူမည့် ပုံစံရေးသွင်းနည်းများကို ပို့ချပေးခဲ့ပြီးဖြစ်ကာ အဆိုပါအဖွဲ့များသည် ဖေဖော်ဝါရီ ၂၀ ရက်မှ ၃၀ ရက်အတွင်း ကျေးရွာအုပ်စု ၁၄ အုပ်စုမှ ကျေးရွာပေါင်း ၅၇ ရွာရှိ အိမ်ထောင်စုများထံ တိရစ္ဆာန်ကောင်ရေစာရင်းများ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

မလှိုင်မြို့နယ်အတွင်း တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းဆိုင်ရာ သင်တန်းပေးခြင်းနှင့် စာရင်းကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ကိုယ်စားလှယ်ရှစ်ဦးက ကျေးရွာ အရောက် လာရောက်ဆောင်ရွက်လျက်ရှိကြောင်း၊ မလှိုင်မြို့နယ်တစ်ခုလုံး၏ တိရစ္ဆာန် မွေးမြူရေးဆိုင်ရာ အချက်အလက်များကို မတ်လတွင် အပြီးကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**



# မဲဇာဒေသရှိ ရွှေဘို-မြစ်ကြီးနားကားလမ်း ဖုန်ထူထပ်ပြီး အန္တရာယ်ရှိနေ

**အင်းတော် ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မဲဇာဒေသရှိ ရွှေဘို-မြစ်ကြီးနားလမ်းပိုင်းတွင် ကားများသွားပြီးပါက ဖုန်များအလွန်ထူထပ်နေ၍ နောက်ကားများအနေဖြင့် လမ်းကိုမမြင်ရတော့ဘဲ ယာဉ်မတော်တဆမှု အန္တရာယ်ကြီးမားစွာ ဖြစ်နိုင်သဖြင့် လမ်းကို အမြန်ဆုံးပြုပြင်ပေးရန် ဒေသခံများ ဆန္ဒရှိနေကြသည်။

"ဒီလမ်းပိုင်းမှာ ပိန်းအင်းရွာတစ်လျှောက်၊ ရွှေမြန်မာဆီပန့်ဆိုင်နဲ့ အိုက်မရွာကြားဆို ပိုဆိုးတယ်။ ကျွန်တော် မန္တလေးကပြန်ခဲ့တုန်းက ရှေ့က ကားကြီးသွားနေတော့ ဘာမှမမြင်ရတော့လို့ ကိုယ့်ကားကို ဆိုင်ကယ်တွေ ဝင်တိုက်မိမှာစိုးလို့ ဟွန်းကိုအဆက်မပြတ်တီးပြီး မောင်းခဲ့ရတယ်။ လမ်းမိုင်ချင်းအတူတူ မော်လူး-အင်းတော် ပုံမှန် ၄၅ မိနစ်မောင်းရပြီး ဒီလမ်းပိုင်းမှာ ပုံမှန် တစ်နာရီခွဲ မောင်းရတယ်။ ဒါကြောင့် တာဝန်ရှိသူများအနေနဲ့ ဒီလမ်းတွေကို ပြင်မယ်ဆိုရင် အမြန်ပြင်ပေးစေလိုပါတယ်။ မပြင်ဘဲ ကြာရှည်ထားမယ်ဆိုရင် ယာဉ်အန္တရာယ်သာမက အနီးနား ပတ်ဝန်းကျင်က ပြည်သူတွေရဲ့ ကျန်းမာရေးကိုပါ ထိခိုက်လာနိုင်ပါတယ်"ဟု ဒေသခံတစ်ဦးဖြစ်သူ ကိုမင်းမင်းက ပြောသည်။



မဲဇာဒေသရှိ ရွှေဘို-မြစ်ကြီးနား လမ်းပိုင်းတွင် လမ်းပြုပြင်ရန် ကျောက်များချထားပြီးဖြစ်သော်လည်း ပြင်ဆင်ခြင်းမရှိသေးသောကြောင့် ဖုန်များထူထပ်နေခြင်းဖြစ်ကြောင်း၊ ယာဉ်အန္တရာယ်နှင့် ကျန်းမာရေးဆိုးကျိုးများ မဖြစ်ပွားစေရန် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် လမ်းကို အမြန်ဆုံးပြုပြင်ပေးရန် ဒေသခံပြည်သူများ ဆန္ဒရှိနေကြကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# ဆိတ်ဖူးရေလွှဲဆည်နှင့် ခြောက်ထောင်ရေလွှဲ ပြန်လည်ပြုပြင်တည်ဆောက်နေ

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းမှ ဒေသခံတောင်သူများ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ပြီး အချိန်ကြာမြင့်သဖြင့် ပျက်စီးနေသော ဆိတ်ဖူးရေလွှဲဆည်နှင့် ခြောက်ထောင်ရေလွှဲဆည်ကို မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနက စက်ယန္တရားကြီးများဖြင့် ပြန်လည်ပြုပြင် တည်ဆောက်လျက်ရှိကြောင်း သိရသည်။



ရေလွှဲဆည်များ ပျက်စီးနေသဖြင့် ဒေသခံတောင်သူများ စိုက်ပျိုးရေအခက်အခဲနှင့် ကြုံတွေ့နေရသည့်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းပေါင်းစပ်ကာ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ လုပ်ငန်းဆောင်ရွက်မှုများကို မကွေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ ဖေဖော်ဝါရီ ၂၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရေလွှဲဆည်များ ပြုပြင်ပြီးစီးပါက ဒေသခံတောင်သူများ၏ လယ်ဧက ၂၂၆၀ ကျော်တွင် မိုးစပါးအပါအဝင် နွေမိုးဆောင်း သုံးရာသီစလုံး သီးထပ်သီးညှပ်များ စိုက်ပျိုးနိုင်မည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများ မွေးမြူထားသည့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်ရေလည်း လုံလောက်စွာရရှိစေမည်ဖြစ်ကာ ဒေသစိမ်းလန်းစိုပြည်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**(၀၈၅)**

# လမ်းဖောက်လုပ်ရာတွင်ပါဝင်သည့် လယ်ယာမြေများအတွက် သီးနှံနှင့် မြေယာလျော်ကြေးပေးအပ်

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း မုန်းချောင်းတံတား ချဉ်းကပ်လမ်းနှင့် ရှောက်တောကျေးရွာ ရှောင်ကွင်းလမ်းများ ဖောက်လုပ်ရာတွင် ပါဝင်သွားသည့် လယ်၊ ယာနှင့် ကိုင်းမြေများအတွက် မြေယာလျော်ကြေးနှင့် စိုက်ပျိုးထားသော သီးနှံများအတွက် သီးနှံလျော်ကြေး ပေးအပ်ပွဲကို ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗိုလ်ဥတ္တမခန်းမ၌ ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပခဲ့သည်။

လျော်ကြေးငွေပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်မောင်ဌေးက မြေယာလျော်ကြေးငွေ ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြေယာလျော်ကြေး ပေးအပ်ရေးအဖွဲ့ ဥက္ကဋ္ဌထံ မြေယာလျော်ကြေးငွေများ လွှဲပြောင်းပေးခဲ့သည်။

ထို့နောက် လမ်းများဖောက်လုပ်ရာတွင် ပါဝင်သွားသည့် သာစည်ကျေးရွာ၊ မင်းရွာ၊ လက်ပန္ဒယ်ကျေးရွာနှင့် ရှောက်တောကျေးရွာများမှ လယ်မြေပိုင်ရှင် ဒေသခံတောင်သူ ၄၀ အတွက် လယ်ယာမြေလျော်ကြေးနှင့် သီးနှံလျော်ကြေး စုစုပေါင်း ကျပ် ၅၂၃ သိန်းကျော်ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

**သူရထွန်း(ပွင့်ဖြူ)**

# လုပ်သားများကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး

**မန္တလေး ဖေဖော်ဝါရီ ၂၄**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဂျာမနီ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ)တို့ ပူးပေါင်း၍ မြန်မာ့လုပ်သားထု ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့ နဒီမြန်မာဟိုတယ်၌ ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်(ခ)ပါလေး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ အလုပ် ရှင်နှင့် အလုပ်သမား ကိုယ်စားလှယ်များ၊ ပုဂ္ဂလိက သင်တန်းကျောင်းများမှ ကိုယ်စား လှယ်များ တက်ရောက်ခဲ့သည်။

"မြန်မာနိုင်ငံ စီးပွားရေးဈေးကွက်မှာ လိုအပ်နေတဲ့ ကျွမ်းကျင်လုပ်သားတွေ မွေးထုတ်ပေးဖို့ အရေးတကြီး လိုအပ်နေပါတယ်။ မြန်မာလုပ်သားထု ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့ အထောက်အပံ့တွေကို တိုင်းဒေသကြီးအစိုးရအနေနဲ့ အားပေးဆောင်ရွက်သွားမှာပါ"ဟု တိုင်းဒေသကြီး အလုပ်သမားရေးရာဝန်ကြီးက ပြောသည်။

အလုပ်ရုံဆွေးနွေးပွဲ၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ လုပ်ဆောင်ချက်များကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အလုပ်ရှင်နှင့် အလုပ်သမားများ အပါအဝင် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရန် ရည်ရွယ်ကြောင်း သိရသည်။

"ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေထူထောင်ဖို့ အရေးကြီးပါတယ်။ အစိုးရအနေနဲ့လည်း ဒီရန်ပုံငွေကို အခြားနိုင်ငံများနည်းတူ နိုင်ငံတော်ဘတ်ဂျက်နဲ့ ထိုက်သင့်တဲ့ပမာဏကို မတည်နိုင်ရန် တင်ပြသွားမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုအနေနဲ့ မိတ်ဖက်အဖွဲ့အစည်းများရဲ့ အခန်းကဏ္ဍဟာလည်း အရေးကြီးပါတယ်"ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ပြောသည်။

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)အနေဖြင့် နိုင်ငံ၏ လုပ်သားဈေးကွက် လိုအပ်ချက်နှင့်အညီ ကျွမ်းကျင်လုပ်သားများ ရရှိစေရေးအတွက် အမျိုးသားအဆင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းများကို ကျွမ်းကျင်မှုအဆင့် လေးဆင့်သတ်မှတ်ပြီး စစ်ဆေးအကဲဖြတ်လျက်ရှိရာ အလုပ်ကိုင် ၁၉ မျိုးအတွက် ကျွမ်းကျင်လုပ်သား ၇၉၈ ဦးအား လက်မှတ်များထုတ်ပေးပြီးဖြစ်ကာ လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကျွမ်းကျင်လုပ်သား ၅၀၀ အား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်ဆေးအကဲဖြတ်သွားမည်ဖြစ်ကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဂျီအေပီစနစ်ကျင့်သုံးရေး တောင်သူပညာပေးမှုများ ပြုလုပ်နေ

**တောင်သာ ဖေဖော်ဝါရီ ၂၄**

လယ်ယာကဏ္ဍဖွံ့ ဖြိုးတိုးတက်ရေး၊ သီးနှံအရည်အသွေးကောင်းမွန်ရေးနှင့် တောင်သူများ ဝင်ငွေတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့် မျိုးစေ့များကို အသုံးပြုကာ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP)စနစ်အတိုင်း လိုက်နာကျင့်သုံးစိုက်ပျိုးကြရေးအတွက် တောင်သူပညာပေး ဆွေးနွေးပွဲများကို မြင်းခြံခရိုင် စိုက်ပျိုးရေးဦးစီးဌာနက တောင်သာမြို့နယ်အတွင်း လိုက်လံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တောင်သာမြို့နယ်အတွင်း တောင်သူပညာပေးဆွေးနွေးပွဲများကို ဇန်နဝါရီ ၁၁ ရက်မှစ၍ ပြုလုပ်ခဲ့ပြီး ဖေဖော်ဝါရီ ၂၂ ရက်အထိ အိုင်သာကျေးရွာ၊ ခါးတက်ကုန်းကျေးရွာ၊ မင်းကြိုကျေးရွာ၊ အရှေ့ကန်တော်ကျေးရွာ၊အိုးဘိုကျေးရွာ၊ တစ်မိုက်သာကျေးရွာနှင့် သာယာကြီးကျေးရွာများတွင် ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ဆွေးနွေးပွဲများကို မြို့နယ်၏ အချက်အချာကျသော ကျေးရွာကြီး ၁၀ ရွာတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တောင်သူပညာပေးဆွေးနွေးပွဲများတွင် မြင်းခြံခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့တာဝန်ခံ၊ မြေအသုံးချရေးတာဝန်ခံ၊ သီးနှံကာကွယ်ရေးတာဝန်ခံများနှင့် တောင်သာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ဒေသခံတောင်သူများအား နွေစပါးစိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့် ပွားများထုတ်လုပ်ခြင်း၊ မြေဆီလွှာတိုးတက်ကောင်းမွန်ရေးနှင့် မြေဆီလွှာပြဿနာများအကြောင်း၊ ပိုးမွှားရောဂါကာကွယ်နည်းများ၊ GAP စနစ်များကို လိုက်နာကျင့်သုံးစိုက်ပျိုးရေး၊ ရာသီဥတုနှင့် ကိုက်ညီသော သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးရေး၊ ရိတ်သိမ်းချိန်လွန်နည်းပညာများ စသည်တို့ကို အသေးစိတ် ဆွေးနွေးပညာပေးပြီး နည်းပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးလျက်ရှိသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# ကမ္ဘာ့ ကင်းထောက်နေ့အခမ်းအနားသီပေါ၌ကျင်းပ

**သီပေါ ဖေဖော်ဝါရီ ၂၄**

ကမ္ဘာ့ကင်းထောက်နေ့အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်းသီပေါမြို့အမှတ် (၄)အခြေခံပညာမူလတန်းကျောင်း (လ/ခွဲ) ၌ ကျင်းပရာ ကင်းထောက်ကြီးများနှင့် ကင်းထောက်လူငယ်မောင်မယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကင်းထောက်ဆရာဦးသန်းလွင်က အမှာစကားပြောကြားပြီး ကင်းထောက်ကြီး ဦးစိုင်းသာလှိုင်က မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့အား ၂၀၁၆ ခုနှစ် ဩဂုတ် ၁၁ ရက်က ၁၆၄ နိုင်ငံမြောက် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် တရားဝင်အသိမှတ်ပြုခဲ့ရာ ကမ္ဘာ့ကင်းထောက်နေ့အခမ်းအနားနှင့်ပတ်သက်၍ မြန်မာကင်းထောက်လူငယ်များ သိရှိနားလည်စေပြီး ပြည်သူလူထုအကျိုးပြုလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ဂုဏ်ပြုနိုင်ရန်၊ ကင်းထောက်လူငယ်များ လှုပ်ရှားမှုများကိုအခြားလူငယ်များနှင့် မိဘပြည်သူများပိုမိုသိရှိစိတ်ဝင်စားလာစေရန်၊ မြန်မာကင်းထောက်အဖွဲ့၏ ကင်းထောက်လှုပ်ရှားမှုများသည် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်စပ်ပူးပေါင်းဆောင်ရွက်ရန်စသည်တို့ကို ရည်ရွယ်၍ကမ္ဘာ့ကင်းထောက် နေ့ကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကင်းထောက်ဆရာဦးသန်းလွင်၊ ကင်းထောက်ဆရာမဒေါ်နုနုတင်နှင့် ဒေါ်နန်းမူမူအေးတို့ဦးဆောင်သော ကင်းထောက် မောင်မယ် ၁၀၀ ကျော်တို့သည် အမက- ၄ (လ/ခွဲ) ကျောင်း၊ အမက(၂)မူလွန်ကျောင်းနှင့် ကျောင်းဝန်းကျင်တို့တွင် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်ကောက်ခြင်းစသည့်ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**စိုင်း(သီပေါ)**



မှန်ပြည်နယ်ရဲတပ်ဖွဲ့ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှ ဒုရဲမှူး ကိုကိုလတ် ဦးဆောင်သော မူခင်းအသိပညာပေး ပြခန်းမော်တော်ယာဉ်သည် ဖေဖော်ဝါရီ ၂၀ ရက်က မုဒုံမြို့နယ် နိုင်းပြိုင်းကျေးရွာ၌ မူခင်းကျဆင်းရေး မူးယစ်ဆေးဝါးနှင့် ပတ်သက်သော မူခင်းအသိပညာပေးဟောပြောစဉ် မြတ်မွန်ထွေး



**လှိုင်မြို့နယ် အမှတ်(၁) ရပ်ကွက်လုံးဆိုင်ရာ ပထမအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီလတတိယပတ်က ပြိုင်ပွဲမဏ္ဍပ်၌ ကျင်းပရာ ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆုငွေကျပ် နှစ်သိန်း၊ တတိယဆုငွေကျပ် တစ်သိန်းအပြင် ကျန်အသင်းခုနစ်သင်းတို့ကို ငွေကျပ်ငါးသောင်းစီ၊အထူးဆုရ ၁၁ သင်းအား ငွေကျပ်သုံးသောင်းစီကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်စိုးနှင့်အဖွဲ့က ချီးမြှင့်စဉ်**
မီးမီး(လှိုင်)

## နို့စားနွားနှင့်ဆိတ်မွေးမြူထုတ်လုပ်ရေးစီမံခန့်ခွဲမှုသင်တန်းဖွင့်

**တောင်ကုတ် ဖေဖော်ဝါရီ ၂၄**

တစ်ပိုင်တစ်နိုင်နို့စားနွားမွေးမြူထုတ်လုပ်ရေးနှင့် ဆိတ်မွေးမြူရေးစီမံခန့်ခွဲမှု သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလတတိယပတ်က တောင်ကုတ်မြို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးဦးက အဖွင့်အမှာစကား ပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာကျော်စွာထွန်းက နို့စားနွားနှင့်ဆိတ်မျိုးဆက်ပွားရခြင်းအကြောင်းနှင့် စီမံခန့်ခွဲမှုတို့ကို ရှင်းလင်းပြောကြားကာ မြို့နယ်ဦးစီးမှူး ဒေါက်တာမင်းမင်းဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ နို့စားနွားနှင့် ဆိတ်ဖြန့်ဖြူးပေးထားသော တောင်ကုတ်မြို့နယ်အတွင်းမှ ကျေးရွာအုပ်စု ခြောက်ရွာမှ အုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသားများ၊ စိတ်ပါဝင်စားသော ကျေးရွာများမှ သင်တန်းသားများတက်ရောက်ကြပြီး သင်တန်းသား ၃၅ ဦးခန့်ဖြင့် သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ပြန်/ဆက်)**

## သတင်းတိုများ

### ညောင်တုန်းမြို့နယ်စည်ပင်က လုပ်ငန်း၅၉ မျိုးကို လေလံတင်မည်

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးကော်မတီက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်း ၅၉ မျိုးကို မတ် ၆ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ လေလံတင်မည့် အခွင့်အရေးလိုင်စင်များထဲတွင် သားသတ်လိုင်စင် ကိုးခု၊ ကူးတို့လိုင်စင် ၂၂ ခု၊ မြို့ဝင်ဘီးကောက်လိုင်စင်တစ်ခု၊ အပေါင်ဆိုင်လိုင်စင် ၁၆ ခု၊ ဈေးကောက်လိုင်စင် ခြောက်ခု၊ အခြားလိုင်စင်ငါးခု ပါဝင်ပြီး လေလံလျှောက်ထားလိုသူများသည် လျှောက်လွှာကို မှန်ကန်စွာရေးသွင်းဖော်ပြ၍ မတ် ၃ ရက် နောက်ဆုံးထားကာ ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးကော်မတီရုံးသို့ တင်သွင်းလျှောက်ထားနိုင်ကြောင်း သိရသည်။
**ထွန်းကျော်(ညောင်တုန်း)**

### ကသာခရိုင်အဆင့် တာဝေးအပြေးပြိုင်ပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ ကသာခရိုင်အဆင့် တာဝေးအပြေးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပခဲ့သည်။ ပြိုင်ပွဲကို ကသာမြို့မီတာ(၄၀၀)အားကစားကွင်းမှ တာထွက်၍ အင်းတော်အထိ အသွားအပြန် ၁၈ မိုင်ခရီးကို ယှဉ်ပြိုင်ရကြောင်း၊ ကသာခရိုင်အတွင်း မြို့နယ် ခုနစ်ခုမှ အားကစားသမား ၃၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆုကို ကသာမြို့နယ်၊ ဒုတိယဆုကို အင်းတော်မြို့နယ်နှင့် တတိယဆုကို ထီးချိုင့်မြို့နယ်တို့မှ ရရှိခဲ့ကြောင်း သိရသည်။ ဆုများကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ကသာခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေဝင်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။
**လူအောင်(ကသာ)**

### တပ်မတော်နယ်လှည့်အထူးဆေးအဖွဲ့ ဒိုက်ဦးမြို့နယ်၌ ဆေးဝါးကုသပေး

တပ်မတော် နယ်လှည့်အထူးဆေးအဖွဲ့မှ ဗိုလ်မှူးကြီးအောင်မင်း ဦးစီးသော ဆေးအဖွဲ့က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အေးသုခကျေးရွာ တိုက်နယ်ဆေးရုံ၌ ဖေဖော်ဝါရီ ၂၁ ရက်က ကွင်းဆင်းဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။ ဒိုက်ဦးမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းများအပါအဝင် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ ဆောင်ရွက်ပေးခဲ့ရာ အထွေထွေရောဂါ ၃၉၉ ဦး၊ အရိုးအကြောရောဂါ ၁၄၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၁ ဦး၊ မျက်စိ ရောဂါ ၁၄၂ ဦး၊ သွားနှင့်ခံတွင်း ရောဂါ ၅၀၊ ကလေးကုသမှု ၄၆ ဦး၊ သားဖွားမီးယပ် ၃၆ ဦးနှင့် ခွဲစိတ်ရမည့်လူနာ ၆၀၊ စုစုပေါင်း ၉၁၄ ဦးအားကုသပေးနိုင်ခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

### မူလတန်းကျောင်းသား ကျောင်းသူများအား နို့တိုက်ကျွေး

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့ မြို့မရပ်ကွက် အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား မြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ဦးဆောင်သည့် ဌာနဆိုင်ရာများက နွားနို့များ ဖေဖော်ဝါရီ ၂၁ ရက်က တိုက်ကျွေးခဲ့သည်။ ကလေးငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အာဟာရပြည့်ဝစေရန်၊ ကိုယ်ခန္ဓာဖွံ့ဖြိုးတိုးတက်စေရန်၊ အရိုး၊ အဆစ်များသန်မာလာစေရန် ရည်ရွယ်ပြီး မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဖိတ်ကြားထားသည့် ဌာနဆိုင်ရာများ ပူးပေါင်းကာ နွားနို့များတိုက်ကျွေးခဲ့ခြင်းဖြစ်ကြောင်း မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ခံ ဒေါက်တာကြည်လင်းစိုးထံမှ သိရသည်။
**နိုင်ဝင်း(ပြန်/ဆက်)**

# နွေစပါး ဧက ၆၀ ကျော်တွင် စိုက်ပျိုးရေအခက်အခဲများ ကြုံတွေ့နေ



**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်အတွင်း နွေစပါး ဧက ၁၇၉၀ စိုက်ပျိုးရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လျာထားခဲ့ရာ ယခုအခါ ၂၈၇၉ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်၍ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်သော်လည်း စိုက်ပျိုးပြီးစီးသည့် ဧကများအနက်မှ ဧက ၆၀ ကျော်တွင် စိုက်ပျိုးရေအခက်အခဲ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

သန်လျင်မြို့နယ်အတွင်း နွေစပါးများ စိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့် စပ်မျိုးစပါး၊ ရက် ၁၀၀ မျိုးစပါး၊ သီးထပ်ရင် မျိုးစပါးနှင့် ရွှေမန်းမျိုးစပါးများကို အဓိကစိုက်ပျိုးခဲ့ကြပြီး လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့သော်လည်း လက်ရှိအချိန်တွင် ကုလားဝဲကျေးရွာ၊ ဆေးလုံးကြီးကျေးရွာ၊ ချောင်းစောက်ကျေးရွာနှင့် ဘုရားကုန်းကျေးရွာတို့ရှိ နွေစပါး ဧက ၆၀ ကျော်တွင် စိုက်ပျိုးရေအခက်အခဲများ ကြုံတွေ့နေခြင်းဖြစ်သည်။

စိုက်ပျိုးရေအခက်အခဲ ဖြစ်ပေါ်လျက်ရှိသော အဆိုပါကျေးရွာလေးရွာသို့ သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ပြီး နွေစပါးစိုက်ပျိုးရေ ရရှိရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ နွေစပါး ဧက ၆၀ အတွက် စိုက်ပျိုးရေရရှိနိုင်ရန် ပဲခူးတိုင်းဒေသကြီး မိုးယွန်းကြီးအင်းမှ ရေများပို့လွှတ်ပေးမှသာလျှင် ရေအခက်အခဲများ ပြေလည်သွားမည်ဖြစ်ကြောင်း သန်လျင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးထံမှ သိရသည်။

**သက်ခိုင် (သန်လျင်)**

## သဘာဝဘေးလျော့ပါးရေး စီမံချက်ရေးဆွဲရန် အလုပ်ရုံဆွေးနွေး

**ဟားခါး ဖေဖော်ဝါရီ ၂၄**

မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းစီမံချက်အသစ် ရေးဆွဲနိုင်ရေးအတွက် တတိယအကြိမ်မြောက်ဒေသအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၂ ရက်နှင့် ၂၃ ရက်က ဟားခါးမြို့ရှိ မြို့နယ်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ ဆွေးနွေးပွဲတွင် ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်က အမှာစကားပြောကြားပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)အဖွဲ့မှ ကိုယ်စားလှယ် Mr.Christain Haizl တို့က သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်

**ရွှေတောင် ဖေဖော်ဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းကို ရွှေတောင်မြို့ မီးလောင်ကျေးရွာအုပ်စု ကိုးတွင်းစဉ် ကျေးရွာတွင် ဖေဖော်ဝါရီ ၂၃ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဒေါ်လွင်မာအောင်က သင်တန်းဖွင့်လှစ်ခြင်းအားဖြင့် စက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းငယ်လေးများ တိုးပွားလာစေ မည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မည့်အပြင် မိသားစုတစ်ပိုင်တစ်နိုင်ဝင်ငွေ ရရှိလာပြီး ကိုယ်ပိုင်လုပ်ငန်းငယ်လေးများ ထူထောင်လာနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။ သင်တန်းသို့ သင်တန်းသူ ၁၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၂၄ ရက်အထိ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**



# MyJobs ဝက်ဘ်ဆိုက်မှ ကြီးမှူး၍ အလုပ်အကိုင်ခေါ်ယူပွဲကြီး ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

အလုပ်အကိုင်ရှာဖွေရေး ဝက်ဘ်ဆိုက်ဖြစ်သော Myjobs.com.mm ဝက်ဘ်ဆိုက်က ကြီးမှူး၍ အလုပ်အကိုင်ခေါ်ယူပွဲကို ရန်ကုန်မြို့ အထက်ပန်းဆိုးတန်းလမ်းမရှိ Rose Garden Hotel ၌ ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း၊ အဆိုပါ အလုပ်အကိုင်ခေါ်ယူပွဲတွင် မြန်မာနိုင်ငံရှိ ထိပ်တန်းကုမ္ပဏီပေါင်း ၄၀ ခန့်က လစ်လပ် အလုပ်အကိုင်နေရာများကို ခေါ်ယူသွားမည်ဖြစ်ကာ တိုက်ရိုက်အင်တာဗျူးအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

Myjobs ဝက်ဘ်ဆိုက်မှ CEO Hans van Beek က "ပြီးခဲ့တဲ့နှစ်က My Jobs.com.mm အနေနဲ့ ရန်ကုန်မြို့မှာ အလုပ်အကိုင်ခေါ်ယူပွဲ ပြုလုပ်ခဲ့ရာမှာ အလုပ်ရှာဖွေသူပေါင်း ၁၀၀၀၀ မှ ၂၀၀၀၀ ကြား လာရောက် အလုပ်လျှောက်ထားခဲ့ကြပါတယ်။ နိုဝင်ဘာလတုန်းက မန္တလေးမှာပြုလုပ်ခဲ့တဲ့ပွဲမှာလည်း အလုပ်ရှာဖွေသူပေါင်း ၄၀၀၀ ကျော် လာရောက်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ အခုလာမယ့် အလုပ်အကိုင်ပြပွဲမှာလည်း အလုပ်အကိုင်သစ်တွေခေါ်ယူနေတဲ့ ကုမ္ပဏီအဖွဲ့အစည်းတွေ၊ NGOs တွေနဲ့ အလုပ်ရှာဖွေသူတွေကို ချိတ်ဆက်ပေးနိုင်ဖို့ မျှော်လင့်ထားပါတယ်"ဟု ပြောသည်။ အလုပ်ရှာဖွေပွဲတွင် ဆရာလင်းသိုက်ညွှန့်(မြန်မာ့မြေ)ကလည်း "My Job, My Choice, Success in Life" ခေါင်းစဉ်ဖြင့် ဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

အလုပ်အကိုင်ခေါ်ယူပွဲတွင် Ooredoo, Carlsberg, Nestle, MPT, Blue Ocean စသည့် ကုမ္ပဏီကြီးများအပါအဝင် ထိပ်တန်းကုမ္ပဏီပေါင်း ၄၀ ခန့် ပါဝင်၍ လစ်လပ်အလုပ်အကိုင်နေရာများကို ခေါ်ယူသွားမည်ဖြစ်ကာ အလုပ်အကိုင်အခွင့်အလမ်း ရှာဖွေလိုသူများအနေဖြင့် တစ်နေရာတည်း၌ ကုမ္ပဏီများထံတွင် CV ဖောင်များတင်၍ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

MyJobs.com.mm ဝက်ဘ်ဆိုက်ကို ၂၀၁၂ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၏ ဦးဆောင် အလုပ်အကိုင်ရှာဖွေရေးဝက်ဘ်ဆိုက်တစ်ခု ဖြစ်နေသည်။ ဝက်ဘ်ဆိုက်တွင် ရန်ကုန်မြို့သာမက မြန်မာနိုင်ငံအတွင်းရှိ ပြည်တွင်းနှင့် နိုင်ငံတကာကုမ္ပဏီပေါင်း ၃၀၀ ကျော်မှ အလုပ်အကိုင်ပေါင်း ၃၀၀၀ ခန့်ကို ဖော်ပြပေးထားလျက်ရှိကာ အွန်လိုင်းမှပင် အလုပ်လျှောက်ထားနိုင်ရန်လည်း စီစဉ်ပေးထားကြောင်း သိရသည်။

**သူရဖြိုး**



## မြို့ခြောက်မြို့တွင် တယ်လီနော 4G ကွန်ရက် မိတ်ဆက်ခဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

တယ်လီနောမြန်မာ၏ 4G အင်တာနက်ကွန်ရက်ဝန်ဆောင်မှုကို မြို့ကြီး ၁၇ မြို့တွင် ဖြန့်ကြက်ထားပြီးဖြစ်ရာ အဆိုပါမြို့များမှ မြို့ခြောက်မြို့တွင် 4G ကွန်ရက် မိတ်ဆက်အစီအစဉ်များကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကွန်ရက်မိတ်ဆက်ခဲ့သည့် မြို့များမှာ မကွေးတိုင်းဒေသကြီးရှိ တောင်တွင်းကြီးမြို့၊ အောင်လံမြို့နှင့် ပခုက္ကူမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ မုံရွာမြို့၊ နေပြည်တော်ရှိ လယ်ဝေးမြို့နှင့် ပျဉ်းမနားမြို့များဖြစ်ပြီး အနုပညာရှင်များက ဖျော်ဖြေခြင်း၊ တယ်လီနောဝန်ထမ်းများက တယ်လီနော၏ဝန်ဆောင်မှုများကို အသုံးပြုသူများနှင့် ဖြန့်ချိရောင်းချသူများသိရှိစေရန် မြို့အနှံ့ လိုက်လံရှင်းလင်းပြောကြားခြင်း၊ တယ်လီနော၏ ဆင်းကတ်အဟောင်းများကို မြန်နှုန်းမြင့် 'USIM' ကတ်များဖြင့် လဲလှယ်ပေးခြင်း၊ တယ်လီနောသုံးစွဲသူများအတွက် လိုအပ်သည့် Facebook၊ Viberနှင့် My Telenor စသည့် App များ ထည့်သွင်းပေးခြင်းနှင့် လူမှုကွန်ရက်များသုံးစွဲနိုင်ရန် Account ဖွင့်လှစ်ပေးခြင်းများကို အခမဲ့ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့အတူ ဆင်းကတ်များမှတ်ပုံတင်ခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းပြခဲ့ပြီး တယ်လီနောဆင်းကတ်အသုံးပြုသူများ ချက်ချင်းမှတ်ပုံတင်နိုင်အောင် ကူညီပေးခဲ့ကြောင်း သိရသည်။ တယ်လီနောသည် ၂၀၁၆ ခုနှစ် ဇူလိုင်လမှစ၍ မြန်မာနိုင်ငံတွင် 4G ဝန်ဆောင်မှုများကို စတင်ပေးအပ်ခဲ့ကာ ကွန်ရက်ကိုလည်း ဆက်လက်တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## ကွန်ပျူတာပညာရှင်အသင်း နည်းပညာဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Development of Skype for Business and Knowledge of SharePoint ခေါင်းစဉ်ဖြင့် နည်းပညာဆိုင်ရာ ဆွေးနွေးဟောပြောပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park အခန်း (၂၀၅)၌ မတ် ၄ ရက်(စနေနေ့) မွန်းလွဲ ၂ နာရီမှ ၄ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲတွင် ဆော့ဖ်ဝဲအင်ဂျင်နီယာတစ်ဦးဖြစ်သူ ဒေါ်အေးမြတ်မိုးက ဆွေးနွေးဟောပြောမည်ဖြစ်ကာ စိတ်ပါဝင်စားသူ မည်သူမဆို (အခမဲ့) တက်ရောက်ဆွေးနွေးနိုင်ပြီး Software Developer များ၊ စီးပွားရေးလုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် SharePoint & Skype နည်းပညာကို စိတ်ဝင်စားသူများ၊ နည်းပညာဆိုင်ရာ လုပ်ငန်းနှင့် ကုမ္ပဏီများတွင် Software Products & Solutions ပိုင်း၌ အထောက်အကူပြု လုပ်ကိုင်နေသူများ တက်ရောက်သင့်ကြောင်း သိရသည်။

ဟောပြောပွဲ တက်ရောက်လိုသူများအနေဖြင့် အခမဲ့တက်ရောက်နိုင်သော်လည်း ကြိုတင်စာရင်းပေးသွင်းရန် လိုအပ်ပြီး မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ရုံးဖုန်း-၀၁-၆၅၂၂၇၆ သို့ဖြစ်စေ၊ အီးမေးလ် mcpaoffice@gmail.com သို့ဖြစ်စေ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## ဆင်းကတ်များ မှတ်ပုံတင်ပြုလုပ်ကြရန် အူရီဒူးတိုက်တွန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ဆင်းကတ်များ မှတ်ပုံတင်ပြုလုပ်ရန် အချိန်တစ်လကျော်သာ ကျန်ရှိချိန်တွင် အူရီဒူးဆင်းကတ် အသုံးပြုနေပြီး မှတ်ပုံတင်မပြုလုပ်ရသေးသူများအနေဖြင့် အလွယ်တကူ မှတ်ပုံတင်နိုင်ရန် နည်းလမ်းများကို အူရီဒူးမြန်မာက ဆောင်ရွက်ပေးလျက်ရှိကာ မှတ်ပုံတင်ပြုလုပ်ကြရန်လည်း တိုက်တွန်းထားသည်။

အူရီဒူး၏ဆင်းကတ်ကို အသုံးပြုသူများအနေဖြင့် မှတ်ပုံတင်ရန် နောက်ဆုံးရက်ဖြစ်သော မတ် ၃၁ ရက် နီးကပ်မှသာ ဆင်းကတ်မှတ်ပုံတင်ခြင်းထက် ကြိုတင်မှတ်ပုံတင်ခြင်းကို ပြုလုပ်ထားကြရန် အူရီဒူးမြန်မာ၏ Chief Customer Experience ၌ ficer Mr. Philip Joseph က တိုက်တွန်းပြောကြားသည်။

"ဇန်နဝါရီလကုန်အထိမှာဆိုရင် အူရီဒူးရဲ့ ဆင်းကတ်အသုံးပြုသူ ၆၀ ရာခိုင်နှုန်းကျော်ဟာ အောင်မြင်စွာနဲ့ ဆင်းကတ်မှတ်ပုံတင်ပြီးဖြစ်ပါတယ်။ ဆင်းကတ်မှတ်ပုံတင်ရန် ကျန်ရှိတဲ့ရက်ဟာ အလွန်ကို နီးကပ်လာပြီဖြစ်တဲ့အတွက် မှတ်ပုံတင်ရန်ကျန်ရှိနေသူများကို အချိန်မီမှတ်ပုံတင်ကြရန် ကျွန်တော်တို့အနေနဲ့ အစွမ်းကုန်ကြိုးစားပြီး တိုက်တွန်းလုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အူရီဒူးမြန်မာအနေဖြင့်လည်း ဆင်းကတ်များကိုမှတ်ပုံတင်ရန် နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ပေးလျက်ရှိရာ အွန်လိုင်းမှတစ်ဆင့် ဆင်းကတ်မှတ်ပုံတင်နိုင်သည့် နည်းလမ်းများအဖြစ် နံပါတ် *666# သို့ ဖုန်းခေါ်ဆို၍ မှတ်ပုံတင်ခြင်း၊ www.ooredoo.com.mm ဝက်ဘ်ဆိုက်မှတစ်ဆင့် မှတ်ပုံတင်ခြင်း၊ my Ooredoo App မှ တစ်ဆင့် မှတ်ပုံတင်ခြင်း၊ SMS ပေးပို့ခြင်းဖြင့် မှတ်ပုံတင်ခြင်းတို့ကို ပြုလုပ်ပေးထားပြီး အသုံးပြုသူများအနေဖြင့် အလွယ်ကူဆုံးနည်းလမ်းကို အသုံးပြုပြီး ဆင်းကတ်များကို မှတ်ပုံတင်နိုင်မည်ဖြစ်သည်။



သုံးစွဲသူများနှင့် ခြေတစ်လှမ်းနီးဖို့ရာ အစီအစဉ် ပြုလုပ်နေသော အူရီဒူးဝန်ထမ်းများ

ပြင်ပတွင် မှတ်ပုံတင်ခြင်းအတွက်လည်း အူရီဒူးမြန်မာ ဝန်ထမ်းများက သုံးစွဲသူများထံသို့အရောက်သွားပြီး ဆင်းကတ်မှတ်ပုံတင် ပြုလုပ်ပေးသည့် Ooredoo On the Move အစီအစဉ်၊ သုံးစွဲသူများနှင့် ခြေတစ်လှမ်းနီးဖို့ရာ အစီအစဉ် စသည့် အစီအစဉ်များကို ပြုလုပ်ထားသလို ဆင်းကတ်မှတ်ပုံမတင်ရသေးသူများထံသို့လည်း ဖုန်းဆက်အကြောင်းကြားပြီး အွန်လိုင်းမှတစ်ဆင့် ဆင်းကတ်မှတ်ပုံတင်နည်းများကို ရှင်းပြခြင်း၊ အူရီဒူးအရောင်းဆိုင်များတွင် သွားရောက်မှတ်ပုံတင်ရန် တိုက်တွန်းခြင်းတို့ လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**သူရဖြိုး**

## ပရင်တာမော်ဒယ်သစ်များ Epson မှ မိတ်ဆက်ထား

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ပြည်တွင်း ပရင်တာ၊ စကန်နာ(Scanner)နှင့် ပရိုဂျက်တာဈေးကွက်အတွင်း ဦးဆောင်အမှတ်တံဆိပ်တစ်ခုဖြစ်သည့် Epson က ပရင်တာ မော်ဒယ်သစ် ခြောက်မျိုး၊ စကန်နာ လေးမျိုးနှင့် ပရိုဂျက်တာ ခြောက်မျိုးကို ဖေဖော်ဝါရီ လဆန်းပိုင်းက ပြည်တွင်းဈေးကွက်၌ စတင်မိတ်ဆက်ထားကြောင်း သိရသည်။

ပရင်တာ မော်ဒယ်သစ် ခြောက်မျိုးမှာ Epson L-Series မှဖြစ်ပြီး အချို့မှာ မော်ဒယ်သစ်ဖြစ်ကာ အချို့မှာ ယခင်ရှိပြီးမော်ဒယ်များကို အဆင့်မြှင့်ထားခြင်းဖြစ်ကြောင်း၊ မော်ဒယ်အားလုံးသည် အသေးစား၊ အလတ်စား လုပ်ငန်းများမှ အကြီးစား လုပ်ငန်းများအထိ သင့်တော်သည့် Multifunction များဖြစ်ကြောင်း၊ အဆိုပါ မော်ဒယ်သစ်ခြောက်မျိုးအပါအဝင် ပြည်တွင်းဈေးကွက်၌ L-Series ပရင်တာ ၁၆ မျိုးကို မိတ်ဆက်ထားပြီးဖြစ်ကြောင်း သိရသည်။

စကန်နာ မော်ဒယ်သစ် လေးမျိုးမှာ ယခင်ထုတ်လုပ်ထားပြီးသည့် မော်ဒယ်များကို ပိုမိုမြန်ဆန်ရာ၊ Scan ဖတ်ရာတွင် ပိုမိုတိကျရန် အဆင့်မြှင့်ထားခြင်းဖြစ်ကာ မော်ဒယ်အမျိုးအစားအလိုက် အလွယ်တကူ သယ်သွားနိုင်ခြင်း၊ ဝိုင်ဖိုင်ချိတ်ဆက်အသုံးပြုနိုင်ခြင်း၊ Scan ဖတ်ပြီးသောဖိုင်များကို နက်ဝပ်မှ Share နိုင်ခြင်းစသည့် စွမ်းဆောင်ရည်များ ပါဝင်သည်။ ပရင်တာမော်ဒယ်သစ် ခြောက်မျိုးမှာ Interactive ပရင်တာများဖြစ်ကြပြီး သုံးမျိုးမှာ စီးပွားရေးလုပ်ငန်းသုံးအတွက် ရည်ရွယ်ပြီး သုံးမျိုးမှာ ပညာရေးနယ်ပယ်တွင် သင်ကြားမှုအထောက်အကူပြုအဖြစ် ရည်ရွယ်ထုတ်လုပ်ထားကြောင်း သိရသည်။ အဆိုပါ ပရင်တာ၊ စကန်နာနှင့် ပရိုဂျက်တာများကို ပြည်တွင်းဈေးကွက်တွင် ဖေဖော်ဝါရီ ၈ ရက်က စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။

**သူရဖြိုး**

# RAM နှင့် ROM တိုးမြှင့်ပေးထားသော OPPO F1s 2017 ဖားရှင်းသစ်

၂၀၁၇ ခုနှစ်အတွက် အဆင့်မြှင့်တင်ပေးထားသော Selfie ဘုရင် F1s 2017 version ဖုန်း ယခုအခါတွင် ဈေးကွက်တွင်း စတင်ဝင်ရောက်လာပြီဖြစ်သည်။ အဆိုပါဖုန်းတွင် RAM 4GB နှင့် ROM 64GB အထိ တိုးမြှင့်ပေးထားသည်။ OPPO F1s 2017 version ဖုန်းသစ်တွင် ယခုကဲ့သို့ RAM 4GB ပါဝင်လာသည့် အချက်ကြောင့် ယခင် F1s ထက် ပိုမိုမြန်ဆန်ကောင်းမွန်သည့် ထိတွေ့သုံးစွဲမှုမျိုးကို ရရှိစေမည်ဖြစ်သည်။ 1.5 GHz Octa-core processor မှာ RAM 4GB ၏ တွဲဖက်ထောက်ကူ လုပ်ဆောင်ပေးမှုကြောင့် ဂိမ်းအကြီးများကိုလည်း ပိုမိုညက်ညော ပြေပြစ်စွာ လုပ်ဆောင်ပေးနိုင်မည်ဖြစ်ပြီး internal storage မှာ 64GB တစ်ပါတည်း ပါဝင်လာသည့်အတွက် Selfie ဓာတ်ပုံများကို နောက်ထပ်ပုံ ၁၀၀၀၀ ကျော်အထိ ရိုက်ယူသိမ်းဆည်းထားမည်ဖြစ်သည်။

ထို့အပြင် သုံးကတ်တစ်ပြိုင်တည်းစိုက်နိုင်သည့် triple-slot tray စနစ်ကြောင့် 4G ကွန်ရက်သုံး Nano SIM ကတ် နှစ်ကတ်ကို တစ်ပြိုင်တည်း ထည့်သွင်းအသုံးပြုနိုင်စေသလို သီးသန့် SD ကတ်ကိုလည်း 128GB အထိ ထပ်စိုက်အသုံးပြုနိုင်စေမည်ဖြစ်သည်။ အဆင့်မြှင့်တင်ပေးထားသော F1s 2017 version တွင် ယခင် F1s ၏ အဆင့်မြင့် ရှေ့ကင်မရာဖြစ်သော 16MP အမျိုးအစားကို ပြန်လည်အသုံးပြုပေးထားသည့်အတွက် အနုစိတ် အသေးစိတ်ပုံရိပ်များကို ရရှိစေနိုင်မည် ဖြစ်သည့်အပြင် ကြည်လင်ပြတ်သားပြီး အရောင်ရုပ်ထွက်အရည်အသွေးမှာလည်း အထူးကောင်းမွန်စေမည်ဖြစ်သည်။ 16MP အရည်အသွေးနှင့် လှပမှုဆိုင်ရာတို့ကို ပြုပြင်ပေးမည့် feature တို့ ပေါင်းစပ်ပါဝင်ထားသည့်အချက်က ပြီးပြည့်စုံသော selfie ပုံများကို အလွယ်တကူရရှိစေဦးမည်ဖြစ်သည်။ လက်ရှိတွင် အသုံးပြုပေးထားသော Beautify 4.0 စနစ်ကို ရာနှင့်ချီသော သုံးစွဲသူများ၏ အချက်အလက်များအပေါ်လေ့လာဆန်းစစ်မှုပြုလုပ်ပြီး အဆင့်မြှင့်တင်ပေးထားခြင်းဖြစ်သည်။ Beautify mode အဆင့် ခုနစ်ဆင့်၊ အသားအရောင်ကို လိုသလိုပြောင်းလဲပေးမည့် skin tone mode နှစ်ခုနှင့် အဆင့်မြှင့်တင်ပေးထားသည့် ဓာတ်ပုံပြုပြင်မှုဆိုင်ရာ တွက်ချက်မှုစနစ်များနှင့်အတူ Beautify 4.0 စနစ်ကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးထားခြင်းကြောင့် တောက်ပကြည်လင်သည့် အသားအရေ၊ ပေါ်လွင်ထင်ရှားသည့် မျက်လုံးအနေအထားနှင့် ထူးခြားသက်ဝင်သည့် အသွင်အပြင်လက္ခဏာရပ်များကို ရိုက်ယူနိုင်စေမည်ဖြစ်သည်။

F1s 2017 version တွင် အလင်းကဲ့သို့မြန်ဆန်သည့် လက်ဗွေဖတ်စနစ် ပါဝင်ပြီး တစ်စက္ကန့်၏ ၅ပုံတစ်ပုံကျော်ဖြစ်သော ၀ ဒသမ ၂၂ စက္ကန့်အတွင်းမှာပင် ဖုန်းကို unlock ဖွင့်ပေးနိုင်စေမည်ဖြစ်သည်။ ထို့အပြင် မတူညီသည့် လက်ဗွေရာ ငါးခုကို အသုံးပြုကာ ဖုန်းအတွင်းမှ application များ ဖုန်းနံပါတ်များကို ဖွင့်ပေးခြင်း၊ ခေါ်ဆိုခြင်းများ ပြုလုပ်နိုင်စေမည်ဖြစ်သည်။ ထို့အတွက် ဖုန်းအတွင်းသို့ ဝင်ရောက်စရာမလိုဘဲ ပိုမိုမြန်ဆန်ထိရောက်စွာဖြင့် အသုံးပြုနိုင်စေသည်။ OPPO F1s 2017 version တွင် ယခင်အတိုင်း 13MP အရည်အသွေးရှိနောက်ကင်မရာကို ဆက်လက်အသုံးပြုပေးထားသလို Full HD video များကိုလည်း ရိုက်ယူနိုင်မည်ဖြစ်သည်။ 2.5D ရုပ်ကြွမျက်နှာပြင်နှင့် မျက်နှာပြင်အကြမ်းခံစေသော Corning Gorilla Glass 4 တို့ကိုအသုံးပြုထားသော ၅ ဒသမ ၅လက်မရွယ်အစားရှိ IPS LCD အမျိုးအစား HD Display ကို အသုံးပြုထားသည်။ Octacore 1.5GHz နှုန်းဖြင့် အလုပ်လုပ်ပေးမည့် MediaTek chipset နှင့်အတူ 3075 mAh battery, Android OS 5.1 (Lollipop) တို့ကို ယခုဖုန်းတွင် ဆက်လက်အသုံးပြုရမည်ဖြစ်သည်။



အရောင်ရွေးချယ်မှုအနေဖြင့် Gold နှင့် Rose Gold နှစ်မျိုးရှိပြီး ယခုဖေဖော်ဝါရီလနောက်ဆုံးပတ်မှ ဈေးကွက်သို့ ဖြန့်ချိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းခေတ်**





- MPT ၏ Prepaid/Postpaid-GSM/WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး ရယူအသုံးပြုနိုင်ပါသည်။
- MPT အချင်းချင်းကြိုက်သလောက်ပြော၊ တစ်နေ့လုံး ၃၉၉ ကျပ်သာကျသင့်မည့် Daily Unlimited Voice Package ကို VP1 ဟု ရိုက်နှိပ်၍ 1332 သို့ အခမဲ့ စာတိုပေးပို့ခြင်းဖြင့်လည်းကောင်း၊ *399# ဟု ရိုက်နှိပ်ခေါ်ဆိုခြင်းဖြင့်လည်းကောင်း ရယူနိုင်ပါပြီ။
- အဆိုပါ Package ကို ဝယ်ယူသည့်နေ့၏ ညသန်းခေါင်ယံအချိန်အထိ အသုံးပြုနိုင်ပါသည်။

* ၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရကုန်သွယ်ခွန် ၅% ကိုထပ်ဆောင်းကောက်ခံသွားပါမည်။

အသေးစိတ်သိရှိလိုပါက

www.mpt.com.mm mptofficialpage mptofficial

CALL CENTER 106 | free hotline 24 hours everyday

## ဖမ်းဆီးရမိသော ပုံစံ(၈)ဝင်ကုက္ကိုလ်ကျီးပေါင်းများအား ရောင်းချရန်လေလံကြော်ငြာ

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်ရှိ ဖမ်းဆီးရမိသော အောက်ဖော်ပြပါ ပုံစံ(၈) ဝင် ကုက္ကိုလ်ကျီးပေါင်းများကို မူဆယ်ခရိုင်၊ သစ်တောဦးစီးဌာန၊ ချယ်ရီအစည်းအဝေးခန်းမဆောင်၌ ၁-၃-၂၀၁၇ ရက် နံနက် ၁၀း၀၀ နာရီတွင် မျက်မြင် အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လပ်ပုံ(၁) ကုက္ကိုလ်ကျီးပေါင်း ၁၀၊ ၀ ·၄၁၈၂ တန်**

၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးရုံး၊ လားရှိုးမြို့၊ မူဆယ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးနှင့် မူဆယ်မြို့နယ်၊ ဦးစီးအရာရှိရုံးတို့တွင် ၂၅-၂-၂၀၁၇ ရက်မှစ၍ ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တော ဦးစီးဌာန မူဆယ်မြို့ ဖုန်း ၀၈၂-၅၁၅၉၉ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ၊ လေလံတင်ရောင်းချရေးကော်မတီ**
**မူဆယ်မြို့**

## ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် (၁/၂၀၁၇) နွေရာသီ ရေကူးသင်တန်းဖွင့်လှစ်မည်

ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်ရေကူးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အခြေခံနွေရာသီရေကူးသင်တန်းအား နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိ Sports Complex အတွင်းရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် မတ် ၅ ရက်မှ ဧပြီ ၅ ရက်အထိ သင်တန်းကာလ တစ်လဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

သင်တန်းချိန်များအား နံနက် ၇း၃၀နာရီမှ ၉း၀၀နာရီအထိ တစ်ချိန်၊ သင်တန်းသားဦးရေများ ပါက ညနေ ၁၆း၃၀နာရီမှ ၁၈း၀၀နာရီအထိ တစ်ချိန်၊ သင်တန်းချိန်နှစ်ချိန် ဖွင့်လှစ်ပေးသွားမည် ဖြစ်ပါသည်။

သင်တန်းရက်များမှာ သောကြာနေ့မှအပ တစ်ပတ်လျှင် ခြောက်ရက် သင်ကြားပေးသွားမည် ဖြစ်ပါသည်။

သင်တန်းကြေးအဖြစ် တစ်ဦးလျှင် ကျပ် ၃၀၀၀၀/-နှုန်း သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုပါက ဝင်ခွင့်လျှောက်လွှာပုံစံ၊ ဓာတ်ပုံသုံးပုံနှင့်အတူ ဤကြော်ငြာစာပါသည့် ရက်မှစ၍ စာရင်းပေးသွင်းနိုင်မည်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဝဏ္ဏသိဒ္ဓိရေကူးကန် ဖုန်း ၀၉-၄၀၂၇၄၁၀၈၆၊ ၀၉-၇၉၇၆၈၇၁၀၅၊ ၀၉-၇၇၁၁၅၂၂၃၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

**"အရေးကြုံက**
**သက်လုံလည်းကောင်း**
**အညောင်းလည်းပြေ**
**ကိုယ်ဟန်လည်းလှ ရေကူးကြ"**

## မိတ်ဆုံညစာစားပွဲ ဖိတ်ကြားလွှာ

မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်း(ယခင်အမည်- YCDC L/C Association) ၏အသင်းသားစုံညီ မိတ်ဆုံညစာစားပွဲအား အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသူ၊ အသင်းသားများ၊ အသင်းဝင်အဖြစ်လျှောက်ထားရန်ကျန်ရှိသော လိုင်စင်ရ ကန်ထရိုက်တာများ၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်ဆက်နွှယ်သည့် ကုမ္ပဏီပိုင်ရှင် ကြီးများ၊ ပညာရှင်များအား ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**ရက်** - ၅-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့)
**အချိန်** - ညနေ ၆း၀၀ နာရီမှ၈း၀၀နာရီထိ
**နေရာ** - ရွှေထွဋ်တင်ကွင်း၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေ (၁၅မိနစ်ကြိုတင် နေရာယူရန်)
**မှတ်ချက်** - အသင်းဝင်ရန် ကျန်ရှိသူများ Dinner အချိန်တွင် လျှောက်လွှာဖြည့်၍ အသင်းဝင်ကြေးပေးသွင်းကာ အသင်းဝင်နိုင်ပါသည်။
- အသင်း/အသင်းသားကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေးလိုသူများကြိုတင် စာရင်းပေးသွင်းရန်။

**ဆက်သွယ်ရန်- ဖုန်း-၀၉-၇၇၇၇၅၀၅၆၈၊ ၀၉-၇၇၇၇၅၀၅၆၉**
**contractorassociation.ygn@gmail.com**

**မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်း**

## CLAIMS DAY NOTICE
## M.V VIKING CORAL VOY:NO(6)

Consignees of cargo carried by M.V VIKING CORAL VOY:NO(6) are here by notified that the vessel will arrive on about 26-2-2017 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADINGများယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈၃၀/ကြပ်ပြင်ကြီးကွင်း)၊ မြေကွက်/ဦးပိုင်အမှတ် (၆၈၄/၈၃၉)၊ မြေဧရိယာ ၀ဒသမ၀၄၁ ဧကရှိ ဒေါ်ကျောက်ကျို့ကြီး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား ဦးဇော်မင်းအောင် ၉/ပမန(နိုင်)၁၂၂၅၄၇ မှ နှစ်(၃၀)မြေငှားစာချုပ်မူရင်း၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်မူရင်းများတင်ပြ၍ မြေငှားစာချုပ် အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ နှစ်(၃၀) မြေငှားစာချုပ်အမည်ပေါက်ပြောင်းလဲခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနအောက်ရှိ စက်မှုသင်တန်း ကျောင်းများတွင် အသုံးပြုရန်လိုအပ်သော စက်နှင့်စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါတင်သွင်းရမည့်ပစ္စည်း** - ၁။ Computer ခန်းအတွက် အပိုပစ္စည်းများ (Spare Parts for Computer Lab)
၂။ သင်ကြားရေးသုံး မော်တော်ယာဉ် အစိတ်အပိုင်းများ

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃-၃-၂၀၁၇ ရက် ညနေ ၄း၀၀နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊ရုံးအမှတ်၃၀၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၅၁၊ ၀၆၇-၄၀၅၁၀၁

၂။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို အပိုဒ်ခွဲ(ဂ)ပါ လိပ်စာ၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စုံစမ်းမေးမြန်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန**

## ရွှေဝါဝင်းကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၏(၁)နှစ်အတွင်းကျင်းပမည့် တရားစခန်းများ

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၄)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ ရွှေဝါဝင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင်**

**နွေရာသီယဉ်ကျေးလိမ္မာတရားစခန်းပွဲ**
**၁-၃-၂၀၁၇ရက်မှ၇-၃-၂၀၁၇ရက်ထိ၊ ၂၈-၂-၂၀၁၇ရက် မွန်းလွဲ ၂နာရီအရောက်။**

**ဒီဇင်ဘာဆောင်း(၁)လ အထူးတရားစခန်းပွဲ**
**၁-၁၂-၂၀၁၇ရက်မှ ၃၀-၁၂-၂၀၁၇ရက်ထိ၊ ၃၀-၁၁-၂၀၁၇ရက် ညနေ ၄နာရီအရောက်။**

**သင်္ကြန်(၁)လ အထူးတရားစခန်းပွဲ**
**၁-၄-၂၀၁၇ရက်မှ ၃၀-၄-၂၀၁၇ရက်ထိ၊ ၃၁-၃-၂၀၁၇ရက် ညနေ ၄နာရီ အရောက်။**

**ဝါတွင်းကာလ(၁)အထူးတရားစခန်းပွဲ**
**၉-၇-၂၀၁၇ရက်မှ ၇-၈-၂၀၁၇ရက်ထိ၊ ၈-၇-၂၀၁၇ရက်၊ ဝါဆိုလပြည့်နေ့ ညနေ ၄နာရီ အရောက်။**

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၂၉၆၅၆၊ ၀၉-၇၈၅၁၂၉၆၅၆၊ ၀၉-၇၉၁၀၆၆၃၃၈၊ ၀၉-၇၃၀၂၆၉၂၄၊ ၀၉-၉၇၅၅၂၉၅၀၊၀၉-၇၈၂၄၄၁၅၈**

## နောင်တော်ညီငယ်တွေ့ဆုံပွဲ

ခလရ(၈၄)ဆွာ၊ အင်ပင်ရိပ်သာမှာ ဆုံတွေ့ခဲ့ကြတဲ့ နောင်တော် ညီငယ်များစတုတ္ထအကြိမ် တွေ့ဆုံပွဲသို့ ချီတက်ခဲ့ဖို့ဖိတ်ခေါ်၊ သိလိုသည်များကို ဘိုရွှေ ဖုန်း-၀၉-၅၂၀၀၁၅၂၊ စိုးဝင်း ဖုန်း- ၀၉-၉၇၃၃၅၃၀၁၄၊သန်းအေး ဖုန်း-၀၉-၅၀၇၉၄၇၁၊ ထွန်းရွှေ ဖုန်း-၀၉-၅၀၀၀၃၈၇ တို့ထံ ဖုန်းဆက်။

**ရက်စွဲ** ။ ။ ၁၂-၃-၂၀၁၇ ရက်(တနင်္ဂနွေနေ့)
**အချိန်** ။ ။ ၁၇း၀၀နာရီ
**နေရာ** ။ ။ ပန်ဒါစားသောက်ဆိုင်၊ ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၊လမ်းမတော်မြို့နယ်။

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆၊ မီးရထားရပ်၊ ဦးပိုင်အမှတ်(၁၃^က)၊ ဧရိယာ ၀ဒသမ၀၂၇ ဧကရှိ ဦးလှရှိန် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးဇော်ဝေမြင့်(ခ)ဇော်မြင့် ၉/ပမန(နိုင်) ၀၅၀၁၃၅ (ဘ)ဦးလှဘိုမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၀၀၆/၂၀၁၇ မူရင်းများတင်ပြ၍ မှတ်ပုံတင်ပေးကမ်းခြင်းစာချုပ်ရန် မြေပုံရာဇဝင်လျှောက်ထား လာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၂**

ဦးဆွေဦး **နှင့်** ဦးသန်းမြင့်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ကုမုဒြာလမ်း၊ အမှတ်-၁၉၂နေ ဦးသန်းမြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အိမ်ခြံမြေအရောင်းအဝယ်တန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀/- (ကျပ်သိန်းတစ်ရာတိတိ)နှင့် နစ်နာကြေးငွေကျပ် ၅၀၀၀၀၀၀/- (ကျပ်သိန်းငါးဆယ်တိတိ) အပါအဝင် ငွေကျပ် ၁၅၀၀၀၀၀၀/-(ကျပ်သိန်း တစ်ရာ့ငါးဆယ်တိတိ)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၇ ခုနှစ် မတ် ၉ ရက် (၁၃၇၈ခုနှစ် တပေါင်းလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယုအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ပင်းတယမြို့ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော်ကျင်းပမည်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယ မြို့၊ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်ကို ၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်အထိ (၂၀၁၇ခုနှစ် မတ် ၈ရက်မှ ၁၃ရက်ထိ) ဘုရားတပေါင်းပွဲကျင်းတွင် ကျင်းပ ပြုလုပ်သွားမည်ဖြစ်ပြီး တပေါင်းလဆန်း ၁၄ ရက် (၂၀၁၇ခုနှစ် မတ် ၁၁ ရက်) ဓနုတိုင်းရင်းသားများ ဆုံစည်းရာနေ့တွင် ဆွမ်းဆန်စိမ်းနှင့် ဆွမ်းတော်ကြီး လောင်းလှူပွဲနှင့် လပြည့်နေ့ နံနက် ၄ နာရီတွင် အရုဏ်ဆွမ်းလောင်းလှူပွဲများကို ဓလေ့ထုံးစံအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါ၍ ရပ်ဝေး ရပ်နီးမှ မိတ်ဆွေသဂ်ဟများ လာရောက်လည်ပတ်နိုင်ပါရန် နိုးဆော်အပ်ပါသည်။

**ရွှေဥမင်ဘုရားတပေါင်းပွဲတော် ကျင်းပရေးဦးစီးကော်မတီ**
**ပင်းတယမြို့**

## မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း(မန္တလေးတိုင်းဒေသကြီး) (၁၇) ကြိမ်မြောက်

### သက်ကြီးပူဇော်ပွဲနှင့် သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားခြင်း

ကန်တော့ခံ ကျန်းမာရေးမှူးကြီးများနှင့် အသင်းဝင်ကျန်းမာရေး မှူးများအားလုံး (မပျက်မကွက်)တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၃၇၈ခုနှစ်၊ တပေါင်းလဆန်း(၇)ရက်၊ ၄-၃-၂၀၁၇ ရက်(စနေနေ့)
အချိန် - နံနက် ၉ နာရီ
နေရာ - မန္တလေးတိုင်းပြည်သူ့ကျန်းမာရေးဦးစီးဌာန "အစည်းအဝေးခန်းမ"လမ်း(၇၀)၊ (၂၇×၂၈လမ်းကြား)၊ မန္တလေးမြို့

**သတင်းနှင့် ပြန်ကြားရေးဆပ်ကော်မတီ**
**ဦးအောင်သန်းအောင် ဖုန်း-၀၉-၂၀၃၁၃၄၂၊ ၀၉-၇၇၂၀၃၁၃၄၂၊ ၀၂-၈၁၄၁၄**

**စက်မှုတက္ကသိုလ်ကျောင်းသူကျောင်းသားဟောင်းများ၏ သတ္တမအကြိမ် ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ (ရန်ကုန်) ၂၀၁၆ ကျင်းပရေးကော်မတီမှ**

## ဂုဏ်ပြုညစာစားပွဲ ဖိတ်ကြားခြင်း

စက်မှုတက္ကသိုလ် ကျောင်းသူ ကျောင်းသားဟောင်းများ၏ သတ္တမအကြိမ် ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကြီးကို ၂၉-၁၂-၂၀၁၆ ရက်တွင် ခမ်းနား သိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါသည်။

ယင်းအခမ်းအနားကြီး အောင်မြင်စွာကျင်းပနိုင်စေရန် အဘက်ဘက်မှ အစွမ်းကုန်ကြိုးပမ်းပေးခဲ့ကြပါသော ကော်မတီအသီးသီးမှ ကော်မတီဝင်များ၊ အဆိုပါနေ့က အင်တိုက်အားတိုက် လုပ်အားပေးခဲ့ကြပါသော မျိုးဆက်သစ် ကျောင်းသူ ကျောင်းသားငယ်များနှင့် ဂုဏ်ပြုထိုက်သူအားလုံးကို ဂုဏ်ပြု လိုပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ချီးမြှင့်ပေးကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ဂုဏ်ပြုညစာစားပွဲ အစီအစဉ်**

**နေ့ရက်** - ၄-၃-၂၀၁၇ ရက် (စနေနေ့)
**အချိန်** - ညနေ ၅း၀၀ နာရီ
**နေရာ** - ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း။

**(ကျင်းပရေးကော်မတီမှ သီးခြားဖိတ်စာမပို့ပါ)**
**စက်မှုတက္ကသိုလ် သတ္တမအကြိမ်**
**ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ(ရန်ကုန်)**
**၂၀၁၆ ကျင်းပရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၂၅**

ဒေါ်သင်္ကြန် **နှင့်** ၁။ ဒေါ်ကျော့ကေခိုင်
(၎င်း၏ကိုယ်စားအထွေထွေ ၂။ ဒေါ်ဝင်းဝင်းနု
ကိုယ်စားလှယ်စာရသူ ဦးစိုးမင်းငြိမ်း)
**တရားလို** **တရားပြိုင်များ**

တိုက်အမှတ် ၉၆(၄)လွှာ၊ အခန်းအမှတ် (၇+၈)၊ အမှတ်(၂)ရပ်ကွက်၊ ၅ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) နေ (၁)ဒေါ်ကျော့ကေခိုင်၊ (၂)ဒေါ်ဝင်းဝင်းနုသိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သင်္ကြန်မှ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၉ အရ တရားလိုမှ မတရားသဖြင့် လက်လွတ်ဆုံးရှုံးခဲ့သောတိုက်အမှတ် ၉၆၊ ၄ လွှာ၊ အခန်းအမှတ် ၇+၈၊ အမှတ်-၂ ရပ်ကွက်၊ ၅လမ်း၊ လမ်းမတော်မြို့နယ် အနောက်ပိုင်းခရိုင် ရန်ကုန်မြို့ဟုခေါ်တွင်သော နှစ်ခန်းတွဲတိုက်ခန်းအား တရားပြိုင်များက တရားလိုအား လက်ရောက်ပေးအပ်စေလိုမှုနှင့် နစ်နာကြေး ငွေကျပ် ၄၈ သိန်းရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသော စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ ခုနှစ် မတ် ၃ ရက် (၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၆ ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကြည့်ရှုလိုသည့် အမှုနှင့်စပ်ဆိုင်သော စာရွက်စာတမ်း၊ စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်လေးမြင့်)**
**ဒုတိယခရိုင်တရားသူကြီး-၅**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

# ဖိတ်ကြားလွှာ

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၀၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂၊ ၄၃)မှ တပည့်များက မိမိတို့အား ပညာသင်ပေးခဲ့ကြသော အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဆရာကြီး ဆရာမကြီးများ၏ ဂုဏ်ကျေးဇူးကို မမေ့လျော့သော အထိမ်းအမှတ်အဖြစ် ပူဇော်ကန်တော့ ဩဝါဒခံယူပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ရန်ကုန်မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်-

| ဗိုလ်လောင်း အမှတ်စဉ် | နေ့/ရက် | အချိန် | နေရာ |
|---|---|---|---|
| (၂၀) | ၁-၄-၂၀၁၇ ရက် | ၀၇း၀၀ နာရီမှ ၀၈း၀၀ နာရီထိ | ရွှေလိပ်ပြာဟိုတယ် (ရန်ကုန်) |
| (၂၃) | ၁-၄-၂၀၁၇ ရက် | ၀၈း၀၀ နာရီမှ ၁၀း၀၀ နာရီထိ | ရွှေတိဂုံဘုရားတောင်ဘက်မုခ် ရှေးဟောင်းရုပ်ပွားတော်များတန်ဆောင်း |
| (၂၄) | ၁-၄-၂၀၁၇ ရက် | ၁၀း၃၀ နာရီမှ ၁၂း၃၀ နာရီထိ | အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (စွယ်တော်စေတီအနီး) |
| (၂၅) | ၁-၄-၂၀၁၇ ရက် | ၁၄း၀၀ နာရီမှ ၁၅း၀၀ နာရီထိ | မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၊ နတ်မောက်လမ်း |
| (၂၆ မှ ၃၂ ထိ) | ၂-၄-၂၀၁၇ ရက် | ၀၈း၀၀ နာရီမှ ၁၀း၀၀ နာရီထိ | ကရဝိက်နန်းတော် |
| (၃၃ မှ ၃၇ ထိ) | ၂-၄-၂၀၁၇ ရက် | ၁၀း၃၀ နာရီမှ ၁၂း၃၀ နာရီထိ | ကရဝိက်နန်းတော် |
| (၃၈ မှ ၄၃ ထိ) | ၂-၄-၂၀၁၇ ရက် | ၁၃း၀၀ နာရီမှ ၁၅း၀၀ နာရီထိ | ကရဝိက်နန်းတော် |

**မှတ်ချက်။** ပြင်ဦးလွင်မှ ရန်ကုန်သို့ မော်တော်ယာဉ်စီစဉ်ထားပါ၍ လမ်းကြောင်းတွင် လိုက်ပါလိုသည့် ဆရာကြီး ဆရာမကြီးများအနေဖြင့် ဝမ်းဗိုလ် ဖုန်း-၀၉-၄၄၄၀၂၀၅၃၀၊ လှဌေး ဖုန်း-၀၉-၅၂၆၁၆၅၆၊ သိန်းဌေး ဖုန်း-၀၉-၂၀၄၆၀၁၅၊ သန့်ဇင်အောင် ဖုန်း-၀၉-၂၀၄၄၅၉၄ တို့အား ဆက်သွယ်နိုင်ပါရန်။


ဝါရင့်ပါမောက္ခကြီးများ ကြီးကြပ်စီစဉ်သော
တိုင်းကျော်၊ ပြည်ကျော်၊ ထင်ပေါ်ပညာ

MOTHER'S LIGHT

ရွှေလက်ရာ

ထွက်ပြီ

၂၀၁၇

တက္ကသိုလ်ဝင်တန်း မေးခွန်း(၅)စုံ

EXAM CHOICE

ဓာတုဗေဒ 80⁺ ဘိုး
ရူပဗေဒ 80⁺ ဘိုး
English Grammer

ဒါပဲကြည့် ကွက်တိ

ဂုဏ်ထူးမျှော်မှန်းထားသူတိုင်း အားထားရမည့်စာအုပ်

ဦးဇော်သက်နိုင် (ဓာတု) ဖုန်း-၀၉ ၂၆၄၀၃၃၉၉၁

ဖြန့်ချိရေး – ရွှေလက်ရာစာပေ





## တိုက်ခန်းများရောင်းရန်/ငှားရန်ရှိသည်

ရန်ကုန်အားမာန်သစ်ကုမ္ပဏီမှဆောက်လုပ်ပြီးအသင့်နေထိုင်နိုင်သောလူနေတိုက်ခန်းများရောင်းရန်/ငှားရန်ရှိသည်။အာမခံပစ္စည်းတင်ပြစရာမလိုဘဲတိုက်ခန်းတန်ဖိုး၏(၃၀ %)ပေးချေပြီး၊တက်ရောက်နေထိုင်နိုင်ပါသည်။ကျန်(၇၀ %)ကိုလစဉ်အရစ်ကျ(၃)နှစ်မှ(၅)နှစ်အထိဘဏ်တိုးနှုန်းဖြင့်ကျန်ငွေကိုအရစ်ကျပေးသွင်းနိုင်ပါသည်။ရောင်းရန်ရှိသောတိုက်ခန်းလိပ်စာများ-(အကျိုးဆောင်များဆက်သွယ်နိုင်ပါသည်။)

၁။မာလာမြိုင်(၄)လမ်း၊လှိုင်မြို့နယ်။ ၂။ မာလာမြိုင်(၇)လမ်း၊လှိုင်မြို့နယ်။
၃။မာလာမြိုင်(၈)လမ်း၊လှိုင်မြို့နယ်။ ၄။ ရန်ရှင်းလမ်း၊စမ်းချောင်းမြို့နယ်။
၅။ သမိုင်း(၈)လမ်း၊မရမ်းကုန်းမြို့နယ်။

(ငှားမည်)

၁။မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်စက်မှုဇုန်၊ဇေကမ္ဘာဝင်းအတွင်း၊အမှတ်(၃)လမ်းမကြီးနှင့်အနီးဆုံးနေရာတွင် ကုမ္ပဏီဝန်ထမ်း၊စက်ရုံဝန်ထမ်းများ၊စက်မှုဇုန်မှနိုင်ငံခြားသားဝန်ထမ်း၊အရာထမ်းများအတွက်Condo ပုံစံ(တစ်ခန်းလျှင်၁၃၅၆ စတုရန်းပေခန့်)အခန်းများနှစ်ရှည်ငှားမည်။

၂။မင်္ဂလာဒုံမြို့နယ်၊ခရေပင်လမ်းမကြီးပေါ်( KBZ BANK)အနီးတွင် ဘဏ်၊ရုံးခန်း၊အရောင်းစင်တာ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများအတွက်(၄)ထပ်တိုက်(၁)လုံးနှစ်ရှည်ငှားမည်။

ဆက်သွယ်ရန်–09420011751၊09977905802၊0943172346





ဘာသာရပ်ဆိုင်ရာ ဝါရင့်ဆရာကြီးများ သင်ကြားသော .........

## မဟာ

## အဝေးသင်တက္ကသိုလ်သင်တန်း

ပထမနှစ် ဝိဇ္ဇာတွဲသီးသန့် ပထမဆုံးတန်းခွဲသစ်
၄-၃-၂၀၁၇ နေ့ စတင်ဖွင့်မည်။ ကျောင်းအပ်လက်ခံပြီ။

အမှတ် (၁၁/အေ)၊ မြေညီထပ်၊ လှည်းတန်း (၁) လမ်း၊ (၃) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း –၀၁–၅၀၄၈၆၁၊ ၀၁–၅၀၄၃၆၀၊ ၀၁–၂၃၀၄၃၅၄၊ ၀၉–၄၃၁၆၈၁၃၅။

ဘာသာရပ်ဆိုင်ရာဆရာကြီးများလမ်းညွှန်ပြုစုထားသော .........

## မဟာ

## အဝေးသင်တက္ကသိုလ်

စာစဉ်ဖြေနည်းလမ်းညွှန်

ပထမနှစ်မှ နောက်ဆုံးနှစ်အထိ ဝိဇ္ဇာတွဲ၊ သိပ္ပံတွဲဘာသာစုံ
ပထမနှစ်ဝက်နှင့် ဒုတိယနှစ်ဝက် စာစဉ်အဖြေများ
သတ်မှတ်ရက်အတွင်းအချိန်မီ ဖြေဆိုတင်သွင်းနိုင်ရန် နီးစပ်ရာဆိုင်တိုင်းတွင် မေးဝယ်နိုင်ပါသည်။

ဖြန့်ချိရေး - မဟာစာပေ
အမှတ် (၁၁/အေ)၊ မြေညီထပ်၊ လှည်းတန်း (၁) လမ်း၊ (၃) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁-၅၀၄၈၆၁၊ ၀၁-၅၀၄၃၆၀၊ ၀၁ - ၂၃၀၄၃၅၄၊ ၀၉-၄၃၁၆၈၁၃၅။


**ယာဉ်မှတ်ပုံတင် စာအုပ် မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၃ယ/၄၈၈၁၄ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့် ၇/ရကန(နိုင်)၀၂၆၇၀၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်)**

# မြန်မာနိုင်ငံ၏ လူနေမှုဘဝနှင့် လယ်ယာ၊ သားငါးကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးဆွေးနွေး

စာမျက်နှာ-၃



# သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(ခ) စီမံကိန်း တည်ဆောက်မှုစတင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ဖွင့်လှစ်ပေး



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများ သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(ခ)စီမံကိန်းတည်ဆောက်မှုစတင်ခြင်းအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်စဉ် (သတင်းစဉ်)

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်မြို့နှင့် ကီလိုမီတာ ၂၀ အကွာ အဝေး၌တည်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(ခ)စီမံကိန်း တည်ဆောက်မှုစတင်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သီလဝါအထူးစီးပွားရေးဇုန်၌ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi Higuchi , Myanmar Japan Thilawa Development Co., Ltd. (MJTD) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ JICA မှ တာဝန်ရှိသူများ၊ Myanmar Japan Thilawa SEZ Holdings Public Co., Ltd. (MTSH) မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာသီလဝါ အများပိုင်ကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဒေသခံရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Myanmar Japan Thilawa Development Limited ဥက္ကဋ္ဌ ဦးသိန်းဟန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် *စာမျက်နှာ ၅ ကော်လံ ၁* ●

## တံခါးများကို ဖွင့်ကြစို့

စာ-၆



## ဒုတက်တေး၏ မူးယစ်တိုက်ဖျက်သော စစ်ဆင်ရေးကို ဆန့်ကျင်သည့် ဆီးနိတ်လွှတ်တော် အမတ်ကို ဖမ်းဆီး

စာ-၁၀

## ရွေးကောက်ပွဲ ကန့်ကွက်လွှာ အမှုအမှတ်(၁၇) ကို ဆုံးဖြတ်ချက် (အမိန့်)ချမှတ်

စာ-၁၃

## မြစ်ကြီးနားမြို့၌ ဧရာဝတီမြစ်ရေ နှစ်ရက်အတွင်း ခုနစ်ပေခွဲခန့် မြင့်တက်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနကထုတ်ပြန်သည့် ထူးခြားမြစ်ရေအခြေအနေမှာ ဧရာဝတီမြစ်ရေသည် ဖေဖော်ဝါရီ ၂၄ ရက်မွန်းလွဲ ၂ နာရီခွဲတိုင်းထွာချက်အရ မြစ်ကြီးနားမြို့၌ နှစ်ရက်အတွင်း ခုနစ်ပေခွဲခန့် မြင့်တက်ခဲ့သည်။ အဆိုပါမြစ်ရေသည် ဗန်းမော်မြို့နှင့် ရွှေကူမြို့၌တစ်ရက်အတွင်း နှစ်ပေခွဲမှ လေးပေခန့်နှင့် ကသာမြို့၌ ပေဝက်ခန့်မြင့်တက်ခဲ့သည်ကို တွေ့ရှိရသည်။

ဧရာဝတီမြစ်အထက်ပိုင်း၌ မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်အတွင်း ဗန်းမော်မြို့၌ တစ်ပေခွဲခန့်၊ နောက်တစ်ရက်မှ နှစ်ရက်အတွင်းရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့၌ နှစ်ပေခွဲမှ လေးပေခွဲခန့်၊ နောက်နှစ်ရက်မှ ခြောက်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့၌ နှစ်ပေခွဲမှ သုံးပေခွဲခန့်နှင့် နောက်ငါးရက်မှ ၁၁ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့၌ တစ်ပေခွဲမှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်၍ မြစ်ကြောင်းများအတွင်း သွားလာနေကြမည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့်ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများ၌ စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

(မိုး/ဇလ)